ကြေးမုံ
The Mirror
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957
၁၃၇၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၄ ရက်၊ တနင်္လာနေ့၊ (15-6-2015) (၈၂၃၂)

## အေးစေ မြစေ မေတ္တာရေ

❁ နှစ်ရွာတစ်ရွာ၊ ဆက်ဆံရာ၊ မေတ္တာလိုရင်းသုံး၊
❁ မိတ်ဆွေချင်းသာ၊ ပေါင်းသင်းရာ၊ မေတ္တာအမြတ်ဆုံး၊
❁ အေးစေမြစေ၊ မေတ္တာရေ၊ သုံးလေ ရပ်ရွာသုံး၊
❁ မေတ္တာစိတ်ဓာတ်၊ လွန်မြင့်မြတ်၊ လူနတ်အချစ်ဆုံး၊
❁ မေတ္တာရန့်၊ ကြိုင်လှိုင်နံ့၊ သင်းပျံ့နှယ်မဆုံး၊
❁ မေတ္တာပန်းခိုင်၊ ကိုယ်စီကိုင်၊ ဖက်ပြိုင်သူတို့ရှုံး၊
❁ တစ်ဦးမေတ္တာ၊ တစ်ဦးမှာ၊ ရှည်ကြာရှံ့မမုန်း၊
❁ တရားပျောက်ကွယ်၊ မေတ္တာပြယ်၊ ကြီးငယ်အများမုန်း၊
❁ မေတ္တာနတ်ပန်း၊ ပန်ဆင်မြန်း၊ ရွှင်လန်းစိတ်နှလုံး။

စံကင်းဆရာတော်

# ပြည်သူများ၏ လိုလားချက်ဆန္ဒများကို ဥပဒေအဖြစ် ပြဋ္ဌာန်းပေးနိုင်ရန်မှာ လွှတ်တော်၏အဓိကတာဝန်ဖြစ်

စာမျက်နှာ » ၈

# အင်းစိန်ရထားလမ်း ခုံးကျော်တံတားအသစ် စီမံကိန်း သတ်မှတ်ရက်အတွင်းပြီးစီးရန် အရှိန်မြှင့်တင်ဆောင်ရွက်နေ



အင်းစိန်ရထားလမ်း ခုံးကျော်တံတားအသစ်တည်ဆောက်ရေးစီမံကိန်း ဆောင်ရွက်ပြီးစီးနေမှုအခြေအနေကို တွေ့ရစဉ်။ *(သတင်း စာမျက်နှာ-၃)* (ဓာတ်ပုံ - MLA)

## ထူးခြားမြစ်ရေ အခြေအနေ

**နေပြည်တော် ဇွန် ၁၄**

ဧရာဝတီမြစ်ရေသည် ယနေ့ နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ မြစ်ကြီးနားမြို့တွင် ၆၆၇ စင်တီမီတာသို့ရောက်ရှိနေပြီး ၂၄ နာရီအတွင်း ၁၀ ပေခန့် မြင့်တက်ခဲ့သည်။

အဆိုပါမြစ်ရေသည် နောက်နှစ်ရက်မှ သုံးရက်အတွင်း ဗန်းမော်မြို့နှင့် ကသာမြို့တို့တွင် ရှစ်ပေမှ ကိုးပေခန့်၊ နောက်လေးရက်မှ ခြောက်ရက်အတွင်း မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ ပခုက္ကူမြို့နှင့် ညောင်ဦးမြို့တို့တွင် ခုနစ်ပေမှ ရှစ်ပေခန့်နှင့် နောက်ခုနစ်ရက်မှ ၁၂ ရက်အတွင်း ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ခြောက်ပေမှ ခုနစ်ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်နိုင်သည်။

သို့ဖြစ်၍ မြစ်ကြောင်းများအတွင်း သွားလာကြမည့် ရေယာဉ်လှေ၊ သင်္ဘောများအနေဖြင့် ဂရုပြုသင့်ကြောင်းနှင့် မြစ်ရေနည်းစဉ်သဲသောင်ခုံများတွင် စိုက်ပျိုးနေထိုင်ကြသူများ အနေဖြင့် မြစ်ရေရုတ်တရက် တိုးလာနိုင်မှုကို ဂရုပြုနေထိုင်သင့်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ အကြံပြုထားသည်။

**(ကြေးမုံ)**

## မန္တလေးတိုင်းဒေသကြီးတွင် မိုးသီးနှံစိုက်ပျိုးရန် ဧက ၃၄ သိန်းကျော် လျာထား

**မန္တလေး ဇွန် ၁၄**

မန္တလေးတိုင်းဒေသကြီးအတွင်း ယခုနှစ်မိုးသီးနှံစိုက်ပျိုးမှုရာသီတွင် စိုက်ဧကပေါင်း ၃၄ သိန်းကျော် စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း တိုင်းဒေသကြီး မြန်မာ့စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

လက်ရှိအချိန်တွင် တိုင်းဒေသကြီးအတွင်း နှမ်းစပါးများ စိုက်ပျိုးထားရှိပြီး မိုးသီးနှံစိုက်ပျိုးမှုမှာ ဇူလိုင်လမှစတင်ကာ ဩဂုတ်နှင့် စက်တင်ဘာလများတွင် စိုက်ပျိုးမှုပြီးဆုံးကြောင်းနှင့် ယခုနှစ်တွင် မိုးသီးနှံများဖြစ်သည့် မိုးစပါး၊ ဝါမျိုးစုံ၊ ကြံ၊ ပဲမျိုးစုံ၊ ပြောင်းနှင့် ကြက်သွန် စသည့် **စာမျက်နှာ ၃ ကော်လံ ၅ သို့** ❒

## ဘုရားတောင်ပင်လယ်ဝကမ်းခြေ အပန်းဖြေစခန်းသစ် တည်ဆောက်မည်

စာ » ၁၀

အသွင်သစ်! SMART. စမတ် ရိုလာ ခြင်ဇကာ
ခြင်ဇကာကို မလိုအပ်ချိန်တွင် ဘောင်ထဲသို့ လိပ်သိမ်းထားနိုင်၍ မြင်ကွင်းရှင်းသည်၊
သံချေးတက်ခြင်း၊ ဆွေးမြေ့ခြင်း မရှိသော ဖိုင်ဘာ ဂလတ်(စ်) ခြင်ဇကာသား
ရန်ကုန် - 01 450 962
09 431 44178
09 79222 8860
မန္တလေး - 09 2506 38611
ပြတင်း/တံခါး ဆိုဒ် မျိုးစုံကို အိမ်အရောက်တပ်ဆင်ပေးသည်။
အလူမီနီယမ်နှင့် U-PVC တပ်ဆင်ရေးလုပ်ငန်းရှင်များ လက်ကားဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။

ကားမှန် မှန်စပေါ် နှင့် အက်ကြောင်းရှည် များကို အပိုင်၊ အပီ ဆေးထိုးပေးတဲ့
မှန် ဒေါက်တာ
ရန်ကုန် 09 4211 51119, 09 4500 54449
မန္တလေး 09 2506 38611, 09 7987 97917

နဂါးနီ
ဘိလပ်မြေ ဆေးကြိုးတပ်ဆင် ဖြန့်ချိရေး
သင့်လုံခြုံရေးအတွက် နဂါးနီ ကို တာဝန်ပေးပါ၊
အမျိုးအစားအလိုက် ဈေးနှုန်းမှန်ဖြင့် စနစ်တကျ တပ်ဆင်ပေးသည်။
ဆိုင် (၁) – အမှတ် (၇၆) သိမ်ဖြူလမ်း၊ တာမွေမီးသတ်မျက်နှာချင်းဆိုင်၊
ဆိုင် (၂) – အမှတ် (၁) သံသုမာလမ်း၊ မြန်မာ့ရက်ကောင်အိမ်ယာမျက်နှာချင်းဆိုင်၊ တာမွေ၊
Ph: 01 450 783, 09 730 20031, 09 730 20032

ကြေးမုံ စာ တည်း ရှု ထောင့် ၁၅-၆-၂၀၁၅၊ တနင်္လာနေ့

# အသည်းကြားက မဲတစ်ပြား

ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ယခုနှစ် အောက်တိုဘာလအကုန်/နိုဝင်ဘာလဆန်းတွင် ကျင်းပတော့မည်ဖြစ်ပါသည်။ အချိန်ကာလအားဖြင့် ငါးလခန့်သာ လိုပါတော့သည်။ ပြည်သူ့ကိုယ်စားလှယ်များအား မှန်မှန်ကန်ကန်ရွေးချယ်တင်မြှောက်နိုင်ရန်အတွက် မဲပေးခွင့်ရှိသော ပြည်သူလူထုကြီး၏ အခန်းကဏ္ဍသည် လွန်စွာအရေးပါ အရာရောက်ပါသည်။

ယခုအခါ အချို့အရပ်ဒေသများတွင် အခြေခံမဲဆန္ဒရှင်များစာရင်းကို ကြေညာထားပြီးဖြစ်၍ မဲစာရင်းတွင် မိမိတို့၏အမည် ပါဝင်ခြင်း၊ မပါဝင်ခြင်း သိရှိနိုင်ရန်အတွက် ရပ်ကွက်/ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် သွားရောက်ကြည့်ရှုကြရန် ဦးစွာလိုအပ်ပါသည်။

မဲဆန္ဒပေးခွင့်ရှိသော ပြည်သူများအနေဖြင့် မိမိတို့၏ နိစ္စဓူဝနေ့စဉ်ရုန်းကန်သွားလာလှုပ်ရှားနေရသောကြောင့် နိုင်ငံအတွက် အရေးကြီးသော မဲဆန္ဒပေးရေးကိစ္စရပ်များကို ဆောင်ရွက်နိုင်မှုမရှိသေးခြင်းနှင့် ၎င်းတို့၏ အမည်စာရင်း မတွေ့ရှိပါက မည်သို့ဆောင်ရွက်ရမည်တို့ကို အရပ်ဘက်လူမှုအဖွဲ့အစည်းများအနေဖြင့် လိုက်လံကူညီဆောင်ရွက်ပေးရန် လိုအပ်ပေသည်။

လက်ရှိအချိန်အခါတွင် ဆန္ဒမဲပေးရေးထက် မဲစာရင်းတွင် မိမိအမည်ပါ/မပါ၊ အချက်အလက် မှန်/မမှန်၊ မဲစာရင်းတွင် မပါဝင်သင့်သူများ ပါဝင်နေခြင်း ရှိ/မရှိတို့ကို မဲဆန္ဒရှင်များအနေဖြင့် သိရှိနားလည်ထားရန် လိုအပ်ပေသည်။ အချို့အရပ်ဒေသများတွင် ဆန္ဒမဲပေးခြင်း၊ မဲဆန္ဒရှင်စာရင်းနှင့်ပတ်သက်၍ အသိအမြင်ဗဟုသုတများ နည်းပါးနေသေးသည်ကို တွေ့ရပါသည်။ အထူးသဖြင့် ဝေးလံခေါင်ဖျားအရပ်ဒေသများတွင် ပို၍ အခက်အခဲရှိနိုင်သဖြင့် အသိပညာပေးမှုများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားရန် လိုအပ်ပေသည်။

မြန်မာနိုင်ငံရှိ ပြည်နယ်များတွင် မဲဆန္ဒရှင်စာရင်းများကို ပြီးခဲ့သည့်မတ်လ ၃၀ ရက်မှ ဧပြီလ ၁၂ ရက်အထိ၊ မေလ ၂၅ ရက်မှ ဇွန်လ ၇ ရက်အထိ၊ ဇွန်လ ၈ ရက်မှ ဇွန်လ ၂၁ ရက်အထိ အဆင့် သုံးဆင့်ဖြင့် စာရင်းပြုစုထားပြီး ပြီးစီးမှုအလိုက် ကြေညာပေးသွားမည်ဖြစ်ကြောင်း ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများထံမှ သိရသည်။

အဆိုပါမဲဆန္ဒရှင်စာရင်းများကို ရပ်ကွက်/ကျေးရွာကော်မရှင်အဖွဲ့ခွဲရုံးများ၏ ထင်သာမြင်သာရှိသောနေရာများတွင် ကပ်ထားပေးသည်။ ထို့အပြင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဝက်ဘ်ဆိုက်စာမျက်နှာတွင် လည်း ဖော်ပြပေးထားပြီး လာမည့်ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပမည့်အချိန်အထိ မဲဆန္ဒရှင်များ၏ နောက်ဆုံးစာရင်းကို အတည်ပြုထုတ်ပြန်ပေးသွားမည်ဟု သိရသည်။

လာမည့် ငါးလခန့်အကြာတွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများတွင် သင်၏ အသည်းကြားမှ မဲတစ်ပြားနှင့် နိုင်ငံ၏အနာဂတ်ကို ပုံဖော်ပေးမည့် အခွင့်အရေးကြီး ရရှိတော့မည်ဖြစ်ပါသည်။ ထို့နောက် မဲဆန္ဒရှင်များ မဲပေးကြရမည်ဖြစ်ပါသည်။ မဲပေးကြမည်ဆိုပါက မဲစာရင်းတွင် သင်၏အမည်ပါ/မပါကို မဖြစ်မနေ ဦးစွာသွားရောက်ကြည့်ရှုရမည်မှာ နိုင်ငံသားတစ်ဦး၏ တာဝန်ဖြစ်ပါသည်။

ငါးနှစ်တွင် တစ်ကြိမ်ရရှိမည့် နိုင်ငံသားတစ်ဦး၏ အခွင့်အရေးကို လက်လွှတ်မခံသင့်ပါ။ သင်၏အသည်းကြားက ဆန္ဒဖြင့် မဲပေးနိုင်သည့် အခွင့်အရေးရရှိရန်အတွက် မဲစာရင်းများကြေညာသည့်အခါ ကြည့်ဖြစ်အောင် ကြည့်ရှုကြရန် လိုအပ်မည်သာ။ မဲစာရင်းများကို ကြည့်ရှုပြီးသောအခါ မိမိအမည်ပါ/မပါ၊ အချက်အလက်များ မှန်/မမှန်၊ လိုအပ်ချက်များရှိ/မရှိ စစ်ဆေးပြီးနောက် ပြင်သင့်တန်ပြင်၊ ဖြည့်စွက်သင့်တန် ဖြည့်စွက်ကြရမည်မှာ မဲပေးခွင့်ရှိသော နိုင်ငံသားများ၏ ဆောင်ရွက်နိုင်သည့် အခွင့်အရေးများဖြစ်ပါသည်။ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိ မသိရှိနားမလည်လျှင်သော်လည်းကောင်း ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရမည်ဖြစ်ပါသည်။

သို့ဖြစ်ရာ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကို လာမည့် အောက်တိုဘာလကုန် သို့မဟုတ် နိုဝင်ဘာလဆန်းတွင် ကျင်းပတော့မည်ဖြစ်ရာ ပွဲမဝင်ခင်က မိမိတို့အချက်အလက်များ မှန်ကန်ရေးအတွက် မဲဆန္ဒရှင်စာရင်းများကို မိမိတို့တည်ရှိသောနေရာများနှင့်သက်ဆိုင်သည့် မဲစာရင်းကြေညာရာနေရာများသို့ သွားရောက်ကြည့်ရှုစစ်ဆေးကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

# ရွှေလီ-မူဆယ်နယ်စပ်ဖြတ်ကျော်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန် နိုင်ငံတကာလေ့လာရေးဆွေးနွေးပွဲ ကျင်းပ

**ကူမင်း ဇွန် ၁၄**

တရုတ်-မြန်မာ ရွှေလီ-မူဆယ်နယ်စပ်ဖြတ်ကျော် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန် နိုင်ငံတကာလေ့လာရေးဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီက တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့ရှိ ကူမင်းဟိုင်ကင်ဆွေးနွေးပွဲခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် တရုတ်နိုင်ငံ ယူနန်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး Mr.Gao Shuxun က တရုတ်-မြန်မာနှစ်နိုင်ငံသည် တောတောင်ရေမြေ ဆက်စပ်လျက်ရှိပြီး နှစ်နိုင်ငံအကြား အပြန်အလှန်ချစ်ကြည်မှုရှိကာ ချစ်ကြည်ရင်းနှီးမှုသည် သမိုင်းကာလရှည်လျားစွာ တည်ရှိလျက်ရှိကြောင်း၊ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံနှင့် နိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု အစရှိသည့် ကဏ္ဍများတွင် ပူးဆောင်ရွက်လျက်ရှိကြောင်း ၂၀၁၁ ခုနှစ်ကတည်းက တရုတ်-မြန်မာနှစ်နိုင်ငံအကြား ရွှေလီ-မူဆယ်နယ်စပ်ဖြတ်ကျော် စီးပွားရေးပူးပေါင်းဇုန်ထူထောင်ရန် သဘောတူညီချက်များရယူပြီးနောက် လုပ်ငန်းရပ်များကို တွန်းအားပေးလုပ်ဆောင်နိုင်ခဲ့ပါကြောင်း၊ ဒေသတွင်း တံခါးဖွင့်မူဝါဒကို တိုးမြှင့်ဆောင်ရွက်ရာတွင် ဒေသတွင်းလူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုနှင့် နှစ်နိုင်ငံပြည်သူများ၏ လူမှုဖူလုံရေးကို တိုးမြှင့်နိုင်မှာဖြစ်ကြောင်း၊ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုဖြင့် တရုတ်-မြန်မာ နယ်စပ်ဖြတ်ကျော်စီးပွားရေးပူးပေါင်းဇုန် တည်ဆောက်ခြင်းကို ဉာဏပညာ အထောက်အပံ့များပေးအပ်ပါရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဘက်မှ နိုင်ငံတော်သမ္မတ၏ စီးပွားရေးအကြံပေး ဒေါက်တာဇော်ဦးက အမှာစကားပြောကြားရာတွင် နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်မှုဖြင့် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ်ဆောင်ရွက်ခဲ့ရာ ယခုအခါ မြန်မာနိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများအနက် တိုးတက်မှုအမြန်ဆုံးဖြစ်ခဲ့ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုလည်း အမြင့်ဆုံးရယူနိုင်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံ၏ တိုးတက်ဖြစ်ပေါ်မှုများအနက် အရေးပါသောအောင်မြင်မှုတစ်ရပ်မှာ တရုတ်-မြန်မာကုန်သွယ်မှုပမာဏမှာ အဆများစွာ တိုးတက်ခဲ့ပါကြောင်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် မူဆယ် ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်မှ ဝန်ဆောင်မှုပေးခဲ့သည့် ကုန်သွယ်မှုပမာဏသည် အမေရိကန် ဒေါ်လာ ၅ ဒသမ ၃ ဘီလီယံထိ တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ထိုတိုးတက်မှုများကို လေ့လာသုံးသပ်ပါက တရုတ်နိုင်ငံသည် မြန်မာနိုင်ငံအတွက် အရေးပါသော ကုန်သွယ်မှု မိတ်ဖက်နိုင်ငံတစ်ခုဖြစ်လာသကဲ့သို့ မြန်မာနိုင်ငံ၏ အရေးပါသော စီးပွားရေးအခြေခံဖြစ်သည့် လယ်ယာကဏ္ဍမှ ထွက်ရှိလာသည့် ထွက်ကုန်များအတွက်လည်း အရေးကြီးဆုံးဈေးကွက်တစ်ရပ်ဖြစ်လာခဲ့ပါကြောင်း၊ ထိုသို့ အရေးပါလှသည့် ဈေးကွက်နှင့် ကုန်သွယ်မှုဖြစ်ထွန်းလာမှုကို စဉ်ဆက်မပြတ်တိုးတက်နေစေရန် မြန်မာနိုင်ငံမှ ပူးပေါင်းဆောင်ရွက်သွားရန် အဆင်သင့်ရှိနေပါကြောင်း၊ ယခုမိမိတို့ဆွေးနွေးရမည့် စီမံကိန်းကို ရုပ်ဝတ္ထုအခြေခံအဆောက်အအုံများ တည်ဆောက်ရေးကိစ္စများသာမက ကုန်သွယ်မှုစီးဆင်းလွယ်ကူချောမွေ့ရေး၊ တန်ဖိုးမြှင့်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရေး၊ ကုန်သွယ်ရေး မျှခြေထိန်းသိမ်းနိုင်ရေး၊ အလုပ်သမားအရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ လူ့စွမ်းအားအရင်းအမြစ် စသည့် မူဝါဒကိစ္စများကိုလည်း ဘက်ပေါင်းစုံမှ အသေးစိတ်လေ့လာစဉ်းစားရန် လိုအပ်ပါကြောင်းဖြင့် ထည့်သွင်းပြောကြားခဲ့သည်။

တရုတ်-မြန်မာ ရွှေလီ-မူဆယ်နယ်စပ်ဖြတ်ကျော်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန် နိုင်ငံတကာလေ့လာရေး ဆွေးနွေးပွဲတွင် တရုတ်နိုင်ငံ ယူနန်ပြည်နယ် တက်ဟုန်းပြည်နယ်ခွဲပါတီ ကော်မတီအတွင်းရေးမှူး၊ ရွှေလီအထူးစီးပွားရေး စမ်းသပ်ဇုန်ပါတီကော်မတီ အတွင်းရေးမှူး စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ မစ္စတာဝမ်ကျွင့်ချန်၊ မြန်မာနိုင်ငံ ရှမ်းပြည်နယ်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးအောင်ကျော်ညွန့်၊ တရုတ်နိုင်ငံ ယူနန်ပြည်နယ် ကုန်သွယ်ရေးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် မစ္စတာသုကျွင့်ကျွင်း၊ မြန်မာနိုင်ငံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးပေါ်လျှံလွင်တို့က အသီးသီးဆွေးနွေးခဲ့ကြသည်။

ညနေပိုင်းတွင် တရုတ်-မြန်မာ ရွှေလီ-မူဆယ် နယ်စပ်ဖြတ်ကျော်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန် စီမံကိန်းများနှင့် ပတ်သက်၍ ကိုယ်စားလှယ် ရှစ်ဦးက စာတမ်းများ ဖတ်ကြားခဲ့ပြီး တက်ရောက်လာသူများကအပြန်အလှန် ဆွေးနွေးခဲ့ကြကြောင်းသိရသည်။

သတင်း-သီသီမင်း၊
ဓာတ်ပုံ-သန်းမင်းအောင်
(ပြန်/ဆက်)








# အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် အောက်တိုဘာလကုန်/နိုဝင်ဘာလဆန်းတွင် ကျင်းပမည်

မဲစာရင်းကြည့်ပြီးပြီလား၊ ကြည့်ပါ။

ဘာမှားနေလဲ၊ ပြင်ဆင်ပါ။

သင့်အမည် မတွေ့ဘူးလား၊ ဖြည့်စွက်ပါ။

## အင်းစိန်ရထားလမ်းခုံးကျော်တံတားသစ်စီမံကိန်း သတ်မှတ်ရက်အတွင်းပြီးစီးရန် အရှိန်မြှင့်တင်ဆောင်ရွက်နေ

**ရန်ကုန် ဇွန် ၁၄**

ငွေကျပ် ၆ ဒသမ ၁၇၈ ဘီလီယံတန်ဖိုးရှိ အင်းစိန်ရထားလမ်း ခုံးကျော် တံတားသစ်တည်ဆောက်ရေးစီမံကိန်းအား သတ်မှတ်ရက်အတွင်း ပြီးစီးရန် မြန်မာ့မီးရထား မြို့ပြအင်ဂျင်နီယာဌာနမှ အရှိန်မြှင့်တင် ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

ရန်ကုန်မြို့ပေါ်တွင် ပထမဦးဆုံးခွဲထွက်မောင်းနှင်၍ရသော အဆိုပါ အင်းစိန်ရထားလမ်း ခုံးကျော်တံတားအောက်ကြမ်းပြင်များအား နောင်လာမည့် ဘက်ပေါင်းစုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကွန်ကရစ်ခင်း ဆောင်ရွက်သွားမည်ဖြစ်ပြီး ဇူလိုင်ပထမပတ်နှင့် ဒုတိယပတ်တွင် တံတားအချောထည် လုပ်ငန်းများ ဆောင်ရွက်ကာ ဇူလိုင်နောက်ဆုံးပတ်တွင် တံတားဖွင့်လှစ်နိုင်ရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ သိရသည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးသန်းငွေက "ဒီတံတားသစ်ကို ဒီနှစ်ဘတ်ဂျက်ထဲ ပြီးအောင်လုပ်သွားမှာပါ။ ဒီတံတားတည်ဆောက်ရေးစီမံကိန်းမှာ လုပ်ရင်းကိုင်ရင်းမမျှော်လင့်ဘဲ တွေ့ရတဲ့ လုပ်ငန်းတွေက တော်တော်များများ ပေါ်လာတာ။ ဥပမာ မြေအောက်မှာ မူလကရှိနေတဲ့မြေပုံထဲမပါတဲ့၊ လျှပ်စစ်မီးကြိုးတွေ၊ ဆက်သွယ်ရေးလိုင်းတွေ ဖြုတ်ရတာဖယ်ရတာနဲ့ အသစ်ပြန်ဆင်ရတာတွေရှိပါတယ်။ အလားတူ လှိုင်သာယာဘက်ကလာတဲ့ယာဉ်တွေ အဆင်ပြေစေဖို့ မင်းကြီးလမ်းဘက်ကိုလည်း အနာဂတ်အတွက်တိုင်တွေ ပြုပြင်ခဲ့ရတာတွေရှိခဲ့ပါတယ်၊

ဒီနှစ်အတွက်ခွင့်ပြုတဲ့ ဘတ်ဂျက်နဲ့တော့ လိုအပ်ချက်တွေ ရှိနေပါတယ်။ ဒါကိုလည်းဖြည့်စွက်ဘတ်ဂျက်မှာတင်ပြပြီး ဆက်လက်လုပ်ဆောင်သွားမှာပါ၊ ငွေကျပ်သန်း ၆၀၀၀ ကျော်ကုန်ကျတဲ့ တံတားကြီးရဲ့အကျိုးဆက်ကတော့ ယာဉ်ကြောပိတ်ဆို့မှုအတွက် အထိုက်အလျောက်တော့ ပြေလည်သွားပါလိမ့်မယ်"ဟု တံတားသစ်တည်ဆောက်မှုစီမံကိန်းတွင် ယနေ့နံနက်ပိုင်းက ရှင်းပြသည်။

လက်ရှိအနေအထားအရ အင်းစိန်ရထားလမ်းခုံးကျော်တံတားသစ်၏ မြေကာနံရံများနှင့် ကြမ်းခင်းဆောင်ရွက်ခြင်းများမှာ ၇၀ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးနေပြီဖြစ်ပြီး တံတားပေါင်များ တံတားပေါ်တင်ခြင်းအား ၉၀ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

မြန်မာ့မီးရထား မြို့ပြအင်ဂျင်နီယာဌာနမှ အင်ဂျင်နီယာမှူး ဦးမျိုးဇော်ထူးက ဒီမင်းကြီးလမ်းဘက်အပိုင်းကိုလည်း ဘတ်ဂျက်ရရှိတဲ့အချိန်မှာ လိုအပ်တာဆောင်ရွက်နိုင်ဖို့ တံတားနဲ့လာဆက်နိုင်မယ့်နေရာရဲ့ ဘိုးပိုင်ရှစ်လုံးကိုကြိုတင်တူးထားပြီးပါပြီ။တံတားတည်ဆောက်ပြီးမှ တူးမယ်ဆိုရင် တူးဖို့ခက်ခဲလို့ပါ။ နောက်ပြီးကြမ်းခင်းမှာလည်း အလျားပေ ၈၀ ကို ကွန်ကရစ်ဟပေးထားပါတယ်။ အဲဒါလည်း လာဆက်မယ့်အပိုင်းဖြစ်ပါတယ်။ အဲဒီနေရာကိုလည်း ပလက်ဖောင်းအတု(သံပြား)နဲ့ ယာယီပိတ်ပေးထားမယ်။ မင်းကြီးလမ်းဘက်ကအပိုင်းဆောင်ရွက်ပြီဆိုတာနဲ့ အဲဒီတံတားအတုကို ဖယ်ပြီး ပြန်ဆက်လိုက်တာနဲ့ အဆင်ပြေလွယ်ကူသွားမှာပါ။ ဒီတည်ဆောက်ထားတဲ့ တံတားသစ်တစ်စင်းလုံးရဲ့ အောက်ခြေကြမ်းပြင်တစ်ပြင်လုံးကိုလည်း ကွန်ကရစ်ခင်းကျင်းပြီး အဲဒီဧရိယာကိုခြံစည်းရိုးခတ်မှာပါ။ တံတားအပေါ်အောက်အခန်းတိုင်း လုံခြုံရေးမီးများ တပ်ဆင်သွားမှာပါ"ဟု ပြောသည်။

မင်းကြီးလမ်းဘက် လမ်းဆုံကိုကျော်ဖြတ်ခိုက် တံတားဟောင်းပေါ်မှ ကင်းလွတ်အမြင့်မှာ ၁၆ ပေ ၃ လက်မရှိမည်ဖြစ်ပြီး မင်းကြီးလမ်း လမ်းဆုံတွင်မူ ပေ ၂၀ ကင်းလွတ်အမြင့် ရှိနေမည်ဖြစ်သည်။ အဆိုပါအခြမ်းတွင် ၈၅ ပေအရှည် ခန်းဖွင့် PC Girder သုံးခန်းနှင့် ၁၃၅ ပေ ခန်းဖွင့် နှစ်ခန်း လျာထားကြောင်းသိရကာ ၈၅ ပေအရှည် ခန်းဖွင့် PC Girder သုံးခန်းအတွက် လိုအပ်သည့် PC Girder ၁၂ ချောင်းထပ်ထုတ်ရမည်ဖြစ်ပြီး ကွန်ကရစ်လောင်းသည့်ခုံကိုမဖျက်ဘဲ နဂိုမူလအတိုင်းချန်လှပ်ထားမည်ဖြစ်သည်။

Phase 2 အပိုင်းဖြစ်သောအင်းစိန်ရထားလမ်း ခုံးကျော်တံတားသစ်စီမံကိန်း၏မင်းကြီးလမ်းဘက်လမ်းဆုံပြီးစီးပါက အင်းစိန်ပန်းခြံလမ်းဆုံသည် လုံးဝယာဉ်ကြောကြပ်တည်းမှုရှိတော့မည်မဟုတ်ဘဲ ယာဉ်လမ်းကြောင်းအား တည့်တည့်၊ဘယ်ချိုး၊ ညာချိုး၊ သုံးမျိုးရွေးချယ်နိုင်မည်ဖြစ်ပြီး ရန်ကုန်မြို့ပေါ်တွင် ပထမဦးဆုံးခွဲထွက်တံတားဖြစ်လာတော့မည်ဖြစ်သည်။

သတင်းနှင့်ဓာတ်ပုံ (စိုးဝင်း-MLA)

**❐ ရှေ့ဖုံးမှ**

သီးနှံပေါင်းစုံ စိုက်ဧကပေါင်း ၃၄ ဒသမ ၇၈ သိန်း စိုက်ပျိုးရန်လျာထားလျက်ရှိကြောင်း တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးလှမြင့်အောင်က ပြောသည်။

တိုင်းဒေသကြီးအတွင်းမှာ မေလရဲ့ မိုးရေချိန်က ပျမ်းမျှ ၈ ဒသမ ၉၁ လက်မ ရွာသွန်းထားတဲ့အတွက် တချို့ဒေသတွေမှာ ၁၃ လက်မလောက် ရေရှိနေပါတယ်။ ဒါကြောင့် အဲဒီနေရာတွေမှာတော့ မိုးသီးနှံတွေ စတင်စိုက်ပျိုးနေပါပြီ။

မန္တလေးတိုင်းဒေသကြီးအတွင်း ယာမြေဧက ၂၂ သိန်း၊ လယ်မြေဧကကိုးသိန်းကျော်ရှိပြီး လက်ရှိအချိန်တွင် မိုးသီးနှံစိုက်ပျိုးမှုအနေဖြင့် ၂၅ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီး ယခုလကုန်ပိုင်းတွင် ၈၀ ရာခိုင်နှုန်းပြီးစီးအောင် စိုက်ပျိုးသွားမည်ဖြစ်ကာ တိုင်းဒေသကြီးတွင် ဆန်ဖူလုံမှုအနေဖြင့် ယမန်နှစ်တွင် ၆၀ ရာခိုင်နှုန်းရှိခဲ့ပြီး ယခုနှစ်တွင် ၇၅ ရာခိုင်နှုန်းခန့် လျာထားကြောင်း သိရသည်။

မနှစ်ကမိုးစပါးကို ဧကငါးသိန်းကျော်သာ စိုက်ပျိုးခဲ့ပေမယ့် ဒီနှစ်မှာတော့ ဧကခြောက်သိန်းကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ အဓိကအနေနဲ့ ကျောက်ဆည်၊ ရမည်းသင်း၊ ပြင်ဦးလွင်နဲ့ ပုသိမ်ကြီးမြို့နယ်တွေမှာ အများဆုံးစိုက်ပျိုးမှာပါဟု ပြောသည်။

တိုင်းဒေသကြီးတွင် ယခုနှစ် နှမ်း၊ မိုး၊ ဆောင်း စိုက်ပျိုးမှုရာသီတွင် သီးနှံမျိုးစုံ စုစုပေါင်းစိုက်ဧက ၅၃ ဒသမ ၅၆ သိန်း လျာထားခဲ့ရာ နှမ်းသီးနှံတွင် စိုက်ဧက ၂ ဒသမ ၆၄ သိန်း၊ မိုးသီးနှံတွင် စိုက်ဧက ၃၄ ဒသမ ၇၈ သိန်း၊ ဆောင်းသီးနှံအနေဖြင့် စိုက်ဧက ၁၅ ဒသမ ၁၄ သိန်း၊ နှစ်ရှည်သီးနှံအနေဖြင့် ဧက ၂ ဒသမ ၀၁ သိန်းတို့ကို စိုက်ပျိုးရန် လျာထားလျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## မြင်းခြံ-မန္တလေး ကားလမ်းမကြီး မြင်းခြံမြို့အဝင်သန့်ရှင်းရေး ပလတ်စတစ်အမှိုက်များကောက်

**မြင်းခြံ ဇွန် ၁၄**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ မြင်းခြံ-မန္တလေး ကားလမ်းမကြီး မြင်းခြံမြို့အဝင်တစ်လျှောက် သန့်ရှင်းရေးအတွက် ကြွပ်ကြွပ်အိတ်နှင့် ပလတ်စတစ်များ ကောက်ယူရှင်းလင်းခြင်းကို ဇွန် ၁၃ ရက် နံနက် ၇ နာရီက ဆောင်ရွက်ခဲ့ကြသည်။

မြင်းခြံမြို့အဝင်လမ်းတစ်လျှောက် သန့်ရှင်းရေး ဆောင်ရွက်ခြင်းကို မြင်းခြံခရိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ခရိုင်နှင့် မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေး ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်း၍ ဆောင်ရွက်ခဲ့ကြသည်။ ထို့အပြင် မြင်းခြံခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်သင်းအောင်က ကြွပ်ကြွပ်အိတ်နှင့်ပလတ်စတစ်များ၏ ဆိုးကျိုးများနှင့် အမှိုက်များ စနစ်တကျစွန့်ပစ်ရေးနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

ပျောက်ဆုံးကြောင်း
ကျွန်တော် မောင်မောင်စိုး CDC NO.11746 ၏ BST နှင့် W-K လက်မှတ်များ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း၀၉-၄၂၁၀၈၂၁၆၁

မျိုး 380164 09 5017088 09250640699
ခရီးစဉ်အမျိုးမျိုးနှင့်လစဉ်ကားမျိုးစုံ ငှားရန်ရှိသည်။ ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ။

ကျော်
ဒုရဲအုပ်ဝင်ခွင့် (အမျိုးသား/သမီး)
လေယာဉ်မောင်/မယ်ဝင်ခွင့်
P.S.C ရာထူးဝင်ခွင့်
Ph:09421042332,09420005131

မြေကွက်များဝယ်လိုသည်
ရန်ကုန်မြို့၊ဒဂုံမြို့သစ်
(အရှေ့ပိုင်း၊ဆိပ်ကမ်းတောင်ပိုင်း၊ မြောက်ပိုင်း)
မြို့နယ်များရှိ မြေကွက်များ ဝယ်လိုသည်။
-၀၉-၄၄၈၀၂၅၇၄၂
၀၉-၄၂၀၁၀၇၀၂၁
၀၉-၇၃၂၃၄၆၅၆

ပြင်ဆင်ဖတ်ရှုပါရန်
၉-၆-၂၀၁၅ ရက် စာ-၁၂ ကော်လံ ၅/၆ ပါကန့်ကွက်နိုင်ပါသည် ကြော်ငြာတွင် "ရန်ကုန်မြို့၊ဒဂုံမြို့သစ် (အရှေ့ပိုင်း )မြို့နယ် မြေတိုင်းရပ်ကွက်မှတ်(၁) "ဟုပြင်ဆင်ဖတ်ရှုပါရန်။

သူရိယ
Air-Com၊ ရေခဲသေတ္တာ၊ အဝတ်လျှော်စက်နှင့်လျှပ်စစ်အိမ်သုံး ပစ္စည်းအမျိုးမျိုးတို့အားလူကြီးမင်းတို့၏စိတ်တိုင်းကျအိမ်ကို လာရောက်ပြုပြင်ပေးပါသည်။
Ph-09-73242359
Ph-09-258119505

POST ဝင်ခွင့်သင်တန်းများ
ဒုရဲအုပ်ဝင်ခွင့်၊ဗိုလ်လောင်းဝင်ခွင့်

ဦးအောင်ဟိန်းကျော်
အင်္ဂလိပ်စာရေးနည်း
အင်္ဂလိပ်စကားပြော
ဆရာဖြစ်အင်္ဂလိပ်စာ (Ceritificate/Diploma)
392468 09517184





လွမ်းတော်မူဖို့ တာကိုစိတယ်-၃
မောင်မိုးသူ

A National Literary Award wining Novel and A Best Movie and Best Script Academy winning Movie from Myanmar

Song of Cranes

Linkar Yikyaw
Translated by Hnin Aye Thin

# ဂျော်ဂျီယာနိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးမှုကြောင့် တိရစ္ဆာန်ရုံအတွင်းရှိ တိရစ္ဆာန်များ ထွက်ပြေးလွတ်မြောက်

**တိဘလစ် ဇွန် ၁၄**

ဂျော်ဂျီယာနိုင်ငံ တိဘလစ်မြို့တော်တွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် တိရစ္ဆာန်ရုံအတွင်းရှိ ကျား၊ ခြင်္သေ့၊ ဝက်ဝံများ အပါအဝင် ဝံပုလွေများ လှောင်အိမ်အတွင်းမှ ထွက်ပြေးလွတ်မြောက်သွားခဲ့ကြောင်း သတင်းများအရသိရသည်။



တိဘလစ်မြို့တော်တွင် ရေကြီးရေလျှံမှုများဖြစ်ပွားပြီးနောက် လူနေအဆောက်အအုံများနှင့် မော်တော်ယာဉ်များ ပျက်စီးဆုံးရှုံးကာ အနည်းဆုံးလူကိုးဦး သေဆုံးခဲ့ပြီး လူအများအပြား ပျောက်ဆုံးလျက်ရှိသည်။ ထို့ပြင် မြို့တော်တိရစ္ဆာန်ရုံထဲရှိ ကျား၊ ခြင်္သေ့၊ ဝက်ဝံနှင့် ဝံပုလွေများ၏ လှောင်အိမ်များပျက်စီးကာ တိရစ္ဆာန်များ ထွက်ပြေးလွတ်မြောက်လျက်ရှိသည်။ တိရစ္ဆာန်အရေအတွက် မည်မျှလွတ်မြောက်နေသည်ကိုမူ မသိရသေးပေ။

တိရစ္ဆာန်ရုံအလုပ်သမားသုံးဦးသေဆုံးခဲ့ပြီး ၁၀ ဦး ကျော်ပျောက်ဆုံးလျက်ရှိသည်။ တိရစ္ဆာန်ဖမ်းဆီးရေးသမားများက မြို့လယ်ကောင်တစ်နေရာတွင် ထွက်ပြေးလွတ်မြောက်သွားသည့် ရေမြင်းတစ်ကောင်ကို မေ့ဆေးသေနတ်ဖြင့် ပစ်ခတ်ကာ ပြန်လည်ဖမ်းဆီးနိုင်ခဲ့သည်။ အခြားလွတ်မြောက်လျက်ရှိသည့် တိရစ္ဆာန်များကို ပြန်လည်ဖမ်းမိနိုင်ရေး ကြိုးပမ်းလျက်ရှိသည်။

လွတ်မြောက်နေသော တိရစ္ဆာန်များကို လိုက်လံဖမ်းဆီးနေသည့်အတွက် ဒေသခံများကို ၎င်းတို့နေအိမ်အတွင်းမှ အပြင်မထွက်ရန် အသိပေးအကြောင်းကြားထားသည်။

သေဆုံးခဲ့သည့်လူကိုးဦးသည် ရေကြီးရေလျှံမှုကြောင့် သေဆုံးခဲ့သည် သို့မဟုတ် တိရစ္ဆာန်များတိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ခြင်းဖြစ်သည်ကို ရှင်းလင်းစွာမသိရသေးပေ။

သေဆုံးခဲ့သည့်လူများအနက် တစ်ဦးသည် တိရစ္ဆာန်ရုံအစောင့်တစ်ဦးဖြစ်ပြီး ၎င်းသည် လွန်ခဲ့သောလက ကျားတစ်ကောင်၏ တိုက်ခိုက်မှုကြောင့် လက်မောင်းတစ်ဖက်ဆုံးရှုံးခဲ့ရသည်။

ယခုပျက်စီးဆုံးရှုံးမှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၀ သန်းခန့်ရှိကြောင်း ဒုတိယမြို့တော်ဝန်က ခန့်မှန်းတွက်ချက်ထားသည်။

**ဆင်ဟွာ။**

# ဆပ်ကပ်အဖွဲ့မှ ထွက်ပြေးလာသောဆင်ကြောင့် အမျိုးသားတစ်ဦးသေဆုံး

**ဘာလင် ဇွန် ၁၄**

ဂျာမနီနိုင်ငံအနောက်တောင်ဘက်တွင် ဇွန် ၁၄ ရက်က ဆပ်ကပ်အဖွဲ့မှ ထွက်ပြေးလွတ်မြောက်သွားသော ဆင်တစ်ကောင်၏ တိုက်ခိုက်မှုကြောင့် အမျိုးသားတစ်ဦး သေဆုံးခဲ့ကြောင်း အန်န်အိတ်ချ်ကေက သတင်းဖော်ပြသည်။

ဘူချန်မြို့တွင် (၆၅)နှစ်အရွယ် အမျိုးသားတစ်ဦးမှာ လမ်းလျှောက်နေစဉ် အဆိုပါ ဆင်မ၏ တိုက်ခိုက်မှုခံခဲ့ရခြင်းဖြစ်သည်။ ဆင်မသည် ဆပ်ကပ်အဖွဲ့မှ အကွာအဝေး မီတာ ၁၀၀ ခန့်အထိ ထွက်ပြေးလွတ်မြောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ရဲတပ်ဖွဲ့က အဆိုပါဆင် ထွက်ပြေးလွတ်မြောက်လာစဉ်က ထိန်းသိမ်းထားသော ခြံဝင်းတံခါးမှာ သော့ခတ်ထားခြင်း ရှိ၊ မရှိ စုံစမ်းစစ်ဆေးနေကြောင်း ပြောကြားသည်။

ဆပ်ကပ်အဖွဲ့ငယ်လေးတွင် ပင်တိုင်ဖျော်ဖြေရသည့် အဆိုပါ ဆင်မသည် ယခင်ကလည်း လူများကို ထိခိုက်ဒဏ်ရာများပေးခဲ့ကြောင်း ဒေသဆိုင်ရာမီဒီယာက ပြောကြားသည်။

ဒေသဆိုင်ရာ တိရစ္ဆာန်ကု ဆရာဝန်များကလည်း ဆပ်ကပ်အဖွဲ့အား တိရစ္ဆာန်များ ထိန်းသိမ်းစောင့်ရှောက်ရာတွင် အားနည်းမှုမရှိကြောင်း ဝေဖန်ပြောကြားကြသည်။ **အန်န်အိတ်ချ်ကေ။**

# တာတိုပစ်ဒုံးကျည်များ အရှေ့ဘက်ရေပိုင်နက်ထဲသို့ မြောက်ကိုရီးယား စမ်းသပ်ပစ်ခတ်

**ဆိုးလ် ဇွန် ၁၄**

မြောက်ကိုရီးယားနိုင်ငံက တာတိုပစ်ဒုံးကျည်သုံးခုအား အရှေ့ဘက်ရေပိုင်နက်သို့ စမ်းသပ်ပစ်ခတ်ခဲ့ကြောင်း ပူးတွဲစစ်ဦးစီးချုပ်များအဖွဲ့က ဇွန် ၁၄ ရက်တွင် ယွန်ဟပ်သတင်းအေဂျင်စီသို့ ပြောကြားခဲ့သည်။



အဆိုပါတာတိုပစ် KN-10 ဒုံးကျည်များကို မြောက်ကိုရီးယား၏ အရှေ့ဘက်ကမ်းရိုးတန်း ဝေါင်စန်ဒေသမှ ၀၇း၂၀ ဂရင်းနစ်စံတော်ချိန်တွင် ပစ်လွှတ်ခဲ့ကြောင်း ယွန်ဟပ်သတင်းအေဂျင်စီ၏ ထုတ်ပြန်ချက်အရသိရသည်။

ယင်းဒုံးကျည်များသည် မြောက်ကိုရီးယားက တတိယအကြိမ်မြောက် ပစ်လွှတ်သော ဒုံးကျည်များဖြစ်ပြီး ဖေဖော်ဝါရီလနှင့် မေလတို့တွင်လည်း အဆိုပါပစ်ခတ်မှုမျိုး ပြုလုပ်ခဲ့သည်။ **ဆင်ဟွာ။**

## လူ ၂၂ ဦးလိုက်ပါသွားသည့် မလေးရှားရေနံတင်သင်္ဘော ပျောက်ဆုံးလျက်ရှိ

**ကွာလာလမ်ပူ ဇွန် ၁၄**

သင်္ဘောအမှုထမ်း ၂၂ ဦး လိုက်ပါသွားသည့် မလေးရှား ရေနံတင်သင်္ဘောတစ်စင်းသည် မလက္ကာပြည်နယ်မှ ခွန်တန်မြို့သို့ ခုတ်မောင်းသည့်လမ်းခရီး မလေးရှားကျွန်းဆွယ်ရေပြင်တွင် ဇွန် ၁၁ ရက်ကတည်းက ပျောက်ဆုံးလျက်ရှိကြောင်း ဒေသခံသတင်းမီဒီယာများက တနင်္ဂနွေနေ့တွင် ရေးသားဖော်ပြသည်။ မလေးရှားအာဏာပိုင်များက ရှာဖွေရေးလုပ်ငန်းများ လုပ်ဆောင်လျက်ရှိသည်။

မလေးရှားရေကြောင်းသွားလာမှု ကြီးကြပ်ရေးအေဂျင်စီ တောင်ပိုင်းဒေသညွှန်ကြားရေးမှူး အီဘရာဟင်မိုဟာမက်က အဆိုသင်္ဘောသည် ရေနံမက်ထရစ်တန် ၆၀၀၀ သယ်ဆောင်သွားပြီး ကျွန်းဆွယ်ရေပြင်အရှေ့ဘက် ရေမိုင် ၃၀ ခန့်တွင် အဆက်အသွယ်ပြတ်တောက်သွားခဲ့သည်ဟု ပြောကြားသည်။ ပျောက်ဆုံးနေသည့် သင်္ဘောပေါ်တွင် မလေးရှားနိုင်ငံသား ၁၆ ဦး၊ အင်ဒိုနီးရှားနိုင်ငံသားငါးဦးနှင့် မြန်မာနိုင်ငံသားတစ်ဦးတို့ပါဝင်သည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

မလေးရှားတော်ဝင်ရေတပ်က သင်္ဘောသုံးစင်းနှင့် လူ ၁၅၀ ဖြန့်ကြက်ရှာဖွေလျက်ရှိကြောင်း မလေးရှားနိုင်ငံပိုင်သတင်းအေဂျင်စီ ဘနာမာ၏ အဆိုအရသိရသည်။ **ဆင်ဟွာ။**

## ဒေါ်လာတစ်ဘီလီယံ ပျောက်ဆုံးခြင်းနှင့် စပ်လျဉ်း၍ မော်ဒိုဗာဝန်ကြီးချုပ်နုတ်ထွက်

**ချီစီနာယူ(မော်ဒိုဗာ) ဇွန် ၁၄**

မော်ဒိုဗာ ဝန်ကြီးချုပ်သည် ဇွန် ၁၂ ရက်နေ့တွင် ရာထူးမှ နုတ်ထွက်သွားပြီဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ယနေ့ဖော်ပြသည်။

နိုင်ငံ၏ဘဏ်များမှ အမေရိကန်ဒေါ်လာတစ်ဘီလီယံ ပျောက်ဆုံးခြင်းအပေါ် အရေးယူဆောင်ရွက်မှု နှေးကွေးသည်ဟု ၎င်း၏ စွပ်စွဲပြောကြားခြင်းခံရသည့် နိုင်ငံတော်ရှေ့နေများက ၎င်းရရှိခဲ့သော ကျောင်းစာမေးပွဲအောင်လက်မှတ်များအပေါ် ပြန်လည်မေးခွန်းထုတ်ခဲ့ခြင်းခံရပြီးနောက် ယခုကဲ့သို့ တာဝန်မှ နုတ်ထွက်သွားခဲ့ခြင်းဖြစ်သည်။

၎င်းသည် ရာထူးမှ နုတ်ထွက်လွှာကို တင်သွင်းပြီးဖြစ်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် နိုင်ငံရေးကစားပွဲများတွင် ပါဝင်ရန်ဆန္ဒမရှိ၍ ဖြစ်ကြောင်း၊ ၎င်းသည် မန်နေဂျာတစ်ဦးသာဖြစ်ကြောင်း၊ နိုင်ငံရေးသမားတစ်ဦး မဟုတ်ကြောင်း၊ ဤဆုံးဖြတ်ချက်ကို သတိကြီးစွာထားပြီးဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း ချီရီလ် ဂါဗူရီစီက သတင်းထောက်များကို ပြောကြားခဲ့သည်။

အသက်(၃၈)နှစ်မျှသာရှိသေးသော အနောက်လိုလားသူ စီးပွားရေးလုပ်ငန်းရှင် ဂါဗူရီစီသည် ဝန်ကြီးချုပ်တာဝန်ကို ရက်ပေါင်း ၁၀၀ ကျော် ထမ်းဆောင်ပြီး ထွက်ခွာသွားခြင်းဖြစ်သည်။

ယခင် ဆိုဗီယက်ပြည်ထောင်စုတွင် ပါဝင်ခဲ့သော ဥရောပ အဆင်းရဲဆုံးနိုင်ငံငယ်လေးတွင် နိုင်ငံ့ဂျီဒီပီ၏ ရှစ်ပုံတစ်ပုံခန့်နှင့် တူညီသည့်ငွေများ ပျောက်ဆုံးခဲ့ခြင်းအတွက် ပြည်သူများက မခံမရပ်နိုင်ဖြစ်ကာ ဆူပူလျက်ရှိသည်။

ယူကရိန်းနှင့် ရိုမေးနီးယား နှစ်နိုင်ငံအကြား တည်ရှိ၍ လူဦးရေ ၃ ဒသမ ၅ သန်းရှိသည့် မော်ဒိုဗာနိုင်ငံကို အနောက်လိုလားသော ပါတီများက ၂၀၀၉ ခုနှစ်ကတည်းက အာဏာရယူအုပ်ချုပ်ခဲ့ကြသည်။

အဆိုပါ ပါတီများသည် ဥရောပအဖွဲ့တွင် ဝင်ရောက်ခြေချနိုင်ရန် ရည်ရွယ်လျက် ဥရောပသမဂ္ဂ(အီးယူ)နှင့် လွတ်လပ်ကုန်သွယ်ရေးနှင့် နိုင်ငံရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

ဂါဗူရီစီသည် နိုင်ငံတွင် အလွန်အရေးကြီးလျက်ရှိသောအချိန်၌ နုတ်ထွက်သွားခဲ့ပြီဖြစ်ကြောင်း၊ နိုင်ငံအတွင်း အလွန်ဆိုးရွားလျက်ရှိသော စီးပွားရေးအခြေအနေကို ပြုပြင်ရန်နှင့် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရေးအတွက် နိုင်ငံရေးအရလှုပ်ရှားမှုများမှာ လိုအပ်လျက်ရှိနေဆဲဖြစ်ကြောင်း ဥရောပကော်မရှင်က ပြောသည်။

ပျောက်ဆုံးလျက်ရှိသည့် ပြည်သူ့ဘဏ္ဍာငွေများ ပြန်လည်ရရှိရန်နှင့် တာဝန်ရှိသူများကို ဖော်ထုတ်အရေးယူရန်တို့အတွက် ရဲရဲဝံ့ဝံ့လုပ်ကိုင်စွမ်းရှိသော တည်ငြိမ်သည့်အစိုးရအဖွဲ့ကို အလျင်အမြန်ဖွဲ့စည်းရန်မှာ အလွန်အရေးကြီးကြောင်း ပြောကြားခဲ့သည်။ **ရိုက်တာ။**

# အမှတ်(၂၅)အကြီးစားစက်ရုံ(မြိုင်) မော်တော်ယာဉ်မိုလ်နှင့်ဒိုင် ထုတ်လုပ်မှုအလုပ်ရုံဖွင့်လှစ်

**နေပြည်တော် ဇွန် ၁၄**

မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ်ရှိ အမှတ်(၂၅) အကြီးစားစက်ရုံ(မြိုင်)မော်တော်ယာဉ်မိုလ်နှင့်ဒိုင်ထုတ်လုပ်မှုအလုပ်ရုံဖွင့်ပွဲအခမ်းအနားကို ဇွန် ၁၃ ရက် နံနက် ၈ နာရီတွင် အဆိုပါအလုပ်ရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးအောင်၊ မကွေးတိုင်းဒေသကြီး သစ်တောနှင့်သတ္တုတွင်းဝန်ကြီး ဦးသိန်းထွန်း၊ မြိုင်မြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွန်း၊ CATIC Beijuing Co.,Ltd. President Mr. Zou Kangning တို့က မော်တော်ယာဉ်မိုလ်နှင့်ဒိုင် ထုတ်လုပ်မှုအလုပ်ရုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်က အလုပ်ရုံကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။ အဆိုပါစက်ရုံကို စက်မှုဝန်ကြီးဌာနအမှတ်(၂) အကြီးစားစက်မှုလုပ်ငန်းနှင့် တရုတ်နိုင်ငံ CATIC Beijuing Co.,Ltd. တို့ ပူးပေါင်း၍ ၂၁-၉-၂၀၁၂ ရက်တွင် စတင်အကောင်အထည်ဖော်ခဲ့ပြီး ၂၄-၁၁-၂၀၁၄ ရက်တွင် စီမံကိန်းလုပ်ငန်းအားလုံး ပြီးစီးခဲ့သည်။

ယင်းစက်ရုံမှ ပို့ဆောင်ရေးကဏ္ဍသုံး မော်တော်ယာဉ်များအတွက် မိုလ်နှင့်ဒိုင်များကို ပြည်ပသွင်းကုန်အစားထိုး ထုတ်လုပ်နိုင်၍ ထုတ်လုပ်မှုနည်းပညာများရရှိခြင်းနှင့် ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းသစ်များ ဖန်တီးပေးနိုင်ခြင်း အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပြီး မိုလ်နှင့်ဒိုင်အမျိုးမျိုးကို တစ်နှစ်လျှင် အစုံ ၅၀၀ ထုတ်လုပ်နိုင်မည်ဖြစ်သည်။



စက်ရုံမှထုတ်လုပ်သော မိုလ်နှင့်ဒိုင်များဖြင့် မော်တော်ယာဉ်သုံးပစ္စည်းအစိတ်အပိုင်းများ၊ စက်ပစ္စည်းအစိတ်အပိုင်းများ၊ အိမ်သုံးလျှပ်စစ်ပစ္စည်းအမျိုးမျိုးနှင့် လူသုံးကုန်ပစ္စည်းအမျိုးမျိုးတို့ကို ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**



# ဝန်ထမ်းအိမ်ရာတည်ဆောက်ပြီးစီး

**တောင်သာ ဇွန် ၁၄**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ် အမှတ်(၂) ရပ်ကွက်တွင် ဝန်ထမ်းအိမ်ရာများ တည်ဆောက်ပြီးစီးခြင်းကို ခရိုင်တည်ဆောက်ရေးလုပ်ငန်းများ စိစစ်ရေးကော်မတီဥက္ကဋ္ဌ မြင်းခြံခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်သင်းအောင်နှင့် အဖွဲ့ဝင်များသည် ဇွန် ၁၃ ရက် နံနက်က သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

တောင်သာမြို့နယ်တွင် ဆောက်လုပ်ပြီးစီးခဲ့သော ဝန်ထမ်းအိမ်ရာများသည် အလျား ၆၁ ပေ ၆လက်မ၊ အနံ ၅၁ ပေရှိ လေးခန်းတွဲ သုံးထပ် RCC အမျိုးအစားဖြစ်သည်။ ယင်းအဆောက်အအုံ တစ်လုံးလျှင် ခွင့်ပြုရန်ပုံငွေကျပ် ၁၄၃ သန်းဖြင့် Myanmar Land & Development Limmited မှ အဆောက်အအုံ နှစ်လုံး တာဝန်ယူဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။

ခရိုင်တည်ဆောက်ရေးလုပ်ငန်းများ စိစစ်ရေးကော်မတီအဖွဲ့ဥက္ကဋ္ဌ မြင်းခြံခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်သင်းအောင်နှင့်အဖွဲ့ဝင်များ၊ တောင်သာမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ညွန့်နှင့် မြို့နယ်တည်ဆောက်ရေးလုပ်ငန်းများ စိစစ်ရေးအဖွဲ့ဝင်များသည် တည်ဆောက်ပြီးစီးခဲ့သော ဝန်ထမ်းအိမ်ရာများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ဇော်မင်းနိုင် (မြင်းခြံ)**




# စစ်ကိုင်းမြို့တည်နန်းတည် နှစ်(၇၀၀)ပြည့်အထိမ်းအမှတ် ကာယအလှ၊ ကာယဗလ၊ လှယဉ်ကျေးမယ်ပြိုင်ပွဲ စတင်ယှဉ်ပြိုင်

**စစ်ကိုင်း ဇွန် ၁၄**

စစ်ကိုင်းမြို့တည်နန်းတည် နှစ်(၇၀၀)ပြည့် ပွဲတော်ကြီးအထိမ်းအမှတ်အဖြစ် အမျိုးသားကာယအလှ၊ ကာယဗလနှင့် အမျိုးသမီးလှယဉ်ကျေးမယ်ပြိုင်ပွဲတွင် ယှဉ်ပြိုင်ကြမည့် ပြိုင်ပွဲဝင်ကာယအလှ၊ ကာယဗလနှင့် လှယဉ်ကျေးမယ်ပဏာမစိစစ်ရွေးချယ်ပွဲကို ဇွန် ၁၃ ရက်က စစ်ကိုင်းမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြိုင်ပွဲကျင်းပရေးကော်မတီမှ ပြိုင်ပွဲစည်းကမ်းချက်များကို ရှင်းလင်းတင်ပြပြီး ပြိုင်ပွဲဝင်ကြမည့် စစ်ကိုင်းတက္ကသိုလ်၊ စစ်ကိုင်းပညာရေးတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ သမဝါယမတက္ကသိုလ် (စစ်ကိုင်း)၊ အခြေခံပညာအထက်တန်းကျောင်းများနှင့် ရပ်ကွက်ကျေးရွာများမှ စုစုပေါင်း ၆၃ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲဝင်များအနက် ကာယအလှ ၁၂ ဦး၊ ကာယဗလ ၁၂ ဦးနှင့် လှယဉ်ကျေးမယ် ၁၂ ဦးတို့အား ရွေးချယ်၍ ဇူလိုင် ၈ ရက်တွင် နောက်ဆုံးယှဉ်ပြိုင်ပွဲကျင်းပပြီး ပထမဆုသုံးသိန်း၊ ဒုတိယဆု နှစ်သိန်းနှင့် တတိယဆု တစ်သိန်း ချီးမြှင့်မည်ဖြစ်ပြီး နှစ်သိမ့်ဆုများလည်း ချီးမြှင့်မည်ဖြစ်ကြောင်း ပြိုင်ပွဲကျင်းပရေးကော်မတီမှသိရသည်။

မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်မှ ကြီးမှူး၍ စစ်ကိုင်းမြို့တည်နန်းတည် နှစ်(၇၀၀)ပြည့် အထိမ်းအမှတ်မြန်မာ့ရိုးရာလက်ဝှေ့စိတ်ခေါ်ပွဲကို ဇူလိုင် ၁၁ ရက် ညနေ ၆ နာရီတွင် စစ်ကိုင်းမြို့ မိုးလုံလေလုံအားကစားခန်းမ၌ ရွှေခါးပတ်ချန်ပီယံ စောငမန်း(ရွှေဖူး)၊ မြန်မာ့လက်ရွေးစင် ဂေါ်မူဒို(သတ္တိ)၊ (၂၇)ကြိမ်မြောက် ဆီးဂိမ်းရွှေတံဆိပ်ဆုရှင် ၂၀၁၅ ရွှေခါးပတ်ချန်ပီယံ စောဒါပို(ခ)မိုက်ရိုင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီး အကောင်းဆုံးရွှေတံဆိပ်ဆုရ အောင်ပိုင်လေး (ရွှေသောင်ရင်း)၊ မန္တလေးတိုင်းဒေသကြီးလက်ရွေးစင် စိန်လုံးချော (ဒို့ညီနောင်ကလပ်)၊ ရွှေခါးပတ်ချန်ပီယံ ရဲသွေးနီ (တောင်ကလေး) အထူးလေးချိစိန်ခေါ်ပွဲများ ၁၀ ပွဲတိတိ ယှဉ်ပြိုင် ထိုးသတ်ကြမည်ဖြစ်သည်။

**ထွေးမြင့်လှိုင်(စစ်ကိုင်း)**



# မုံရွာတွင် မိုးပွင့်(အထူး)စီမံချက်ဖြင့် အရှိန်အဟုန်မြှင့် ကွင်းဆင်းဆောင်ရွက်

**မုံရွာ ဇွန် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မုံရွာမြို့နယ် ဦးစီးဌာနမှူးရုံးမှ မိုးပွင့်(အထူး) စီမံချက်ဖြင့် အရှိန်အဟုန်မြှင့် ကွင်းဆင်းဆောင်ရွက်နေသော ရပ်ကွက်၊ ကျေးရွာအုပ်စု ၁၂ နေရာသို့ တိုင်းဒေသကြီး ဘဏ္ဍာရေးဝန်ကြီး ဦးတင်ဝင်း၊ စည်ပင်သာယာရေးဝန်ကြီး ဦးတင့်လှိုင်မြင့်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝင်းမြင့်အောင်၊ စစ်ကိုင်းတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန တိုင်းဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးစိုးပိုင်မြင့်၊ မုံရွာခရိုင်ဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးညွန့်စိုးတို့သည် ဇွန် ၁၂ ရက်က လိုက်လံကြည့်ရှု အားပေးခဲ့ကြပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ခဲ့ကြသည်။

ကွင်းဆင်းဆောင်ရွက်နေသည့် ရပ်ကွက်၊ ကျေးရွာအုပ်စု ၁၂ နေရာတွင် ညွှန်ကြားရေးမှူး ဦးစိုးပိုင်မြင့်က နိုင်ငံသားစိစစ်ရေးကတ်ပြားအကြောင်း သိကောင်းစရာများ၊ နိုင်ငံသားတစ်ဦး၏ အခွင့်အရေးများ၊ မိုးပွင့်(အထူး)စီမံချက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်နေပုံများကို အကျယ်တဝင့် ရှင်းလင်းပြောကြားပြီး ပြည်သူများမှ မေးမြန်းချက်များအား ပြန်လည်ရှင်းလင်းပြောကြားခဲ့သည်။

အရှိန်အဟုန်မြှင့်ဆောင်ရွက်ပေးခဲ့သော မုံရွာမြို့နယ် ညောင်ခြေထောက်ကျေးရွာ၊ မြို့သစ်ရပ်ကွက်၊ ရုံးကြီးရပ်ကွက်၊ ကံပြားကျေးရွာ၊ သာစည်ကျေးရွာ၊ ထနောင်းဝင်းကျေးရွာ၊ ကိုင်းတောကျေးရွာ၊ နတ်လူထိပွန် ရပ်ကွက်၊ မင်းရွာ၊ ပုရစ်ကုန်းကျေးရွာ၊ ကြေးမုံကျေးရွာ၊ ပုဏ္ဏားမော်ကျေးရွာတို့မှ ပြည်သူ ၁၂၄၆ ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

**မောင်အေးချမ်း(မုံရွာ)**

# ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်မည်ဆိုလျှင်. . .

မောင်သုတ(ဥပဒေ)

**ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံဖွဲ့စည်းသည့်ပုံစံများ**

နိုင်ငံတကာရှိ ဖွဲ့စည်းပုံအခြေခံဥပဒေများကို လေ့လာသည့်အခါ ပုံစံအမျိုးမျိုးရှိကြောင်း တွေ့ရှိရပါသည်။ တစ်မျိုးမှာ စည်းမျဉ်းခံဘုရင်စနစ် (Constitutional Monarchy) ဖြစ်ပြီး ဘုရင်သည် နိုင်ငံ၏အကြီးအကဲ (Head of State) ဖြစ်ပါသည်။ ဘုရင်၏အောက်တွင် အုပ်ချုပ်ရေးအကြီးအကဲအဖြစ် ဝန်ကြီးချုပ်ကိုခန့်အပ်၍ အုပ်ချုပ်ရေးလုပ်ငန်းများကိုဆောင်ရွက်စေပြီး ပါလီမန်သည် အာဏာအရှိဆုံးဖြစ်ပြီး နိုင်ငံ၏ အထွတ်အထိပ်ဖြစ်ပါသည်။

ယင်းပုံစံမျိုးကို အင်္ဂလန်နိုင်ငံတွင် စတင်ကျင့်သုံးခဲ့ပြီး Parliamentary Government ဟုခေါ်ဆိုပါသည်။ နိုင်ငံရေးပါတီများသည် ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်အရွေးခံကြ၍ အနိုင်ရရှိပါက အစိုးရအဖွဲ့ ဖွဲ့ပြီး ဝန်ကြီးချုပ်သည် ပါတီ၏အကြီးအကဲ သို့မဟုတ် ပါတီဝင်တစ်ဦးဖြစ်သည့်အပြင် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးလည်းဖြစ်ပါသည်။ လွှတ်တော်ကိုယ်စားလှယ်ဝန်ကြီးများသည်လည်း ပါတီလုပ်ငန်းများကို ဆက်လက်လုပ်ကိုင်နိုင်ပါသည်။ ယင်းပုံစံမျိုးကို မလေးရှား၊ စပိန်၊ ဘယ်လ်ဂျီယံနိုင်ငံများတွင် ကျင့်သုံးပါသည်။

အခြားပုံစံတစ်မျိုးမှာ Republic Model သမ္မတနိုင်ငံပုံစံဖြစ်ပါသည်။ နိုင်ငံတော်သမ္မတသည် နိုင်ငံတော်၏ အကြီးအကဲဖြစ်ပြီး အာဏာသုံးရပ်အချင်းချင်း အပြန်အလှန်ထိန်းကျောင်းခြင်းကို အဓိကထားသည့် စနစ်ဖြစ်ပြီး Presidential System ဟုလည်း ခေါ်ဆိုကြပါသည်။ တရုတ်နိုင်ငံသည် သမ္မတစနစ်ကျင့်သုံးပြီး People's Republic ဟု ခေါ်ဆိုပါသည်။ Republic Model တွင် နိုင်ငံတော်သမ္မတသည် လွှတ်တော်အမတ်ဖြစ်ပါက လွှတ်တော်အမတ်အဖြစ်မှ နုတ်ထွက်ရပါသည်။ ယင်းစနစ်မျိုးကို အိန္ဒိယ၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ ကမ္ဘောဒီးယား၊ လာအို၊ ပြင်သစ်၊ ဂျာမနီစသည့်နိုင်ငံများတွင် ကျင့်သုံးပါသည်။

ယင်းစနစ်နှစ်ခု၏ကြားတွင် ပါကစ္စတန်နိုင်ငံကဲ့သို့ သမ္မတစနစ်ကျင့်သုံးသည့် နိုင်ငံလည်းရှိပါသည်။ ယင်းစနစ်မျိုးတွင် သမ္မတအားလုပ်ပိုင်ခွင့်များပေးအပ်ထားကာ သမ္မတ၏အောက်တွင် Cabinet ရှိပြီး Cabinet ကို ဝန်ကြီးချုပ်က ဦးဆောင်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေသည် သမ္မတစနစ်ကျင့်သုံးသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်သည့်အတွက် Republic Model ဖြစ်သည်ဟု ဆိုနိုင်သော်လည်း သမ္မတစနစ် စစ်စစ် ကျင့်သုံးသည်လည်းမဟုတ်၊ ပါလီမန်စနစ်စစ်စစ် ကျင့်သုံးသည်လည်းမဟုတ်၊ အင်္ဂလန်ကျင့်သုံးသည့်စနစ်နှင့်လည်းမတူ၊ အမေရိကန်ကျင့်သုံးသည့် စနစ်နှင့်လည်း မတူညီသဖြင့် ပညာရှင်များက Presidential Hybrid System ဟုခေါ်ဆိုကြပါသည်။ အုပ်ချုပ်ရေးစနစ်တွင် ပြည်ထောင်စုပိုင်းကို အမေရိကန်စနစ်မှ ယူထားသည်ဟု ဆိုနိုင်သော်လည်း အမေရိကန်စနစ် စစ်စစ်လည်း မဟုတ်၊ သမ္မတ၏ လုပ်ပိုင်ခွင့်ကို လျှော့ချထားသည်ဟု ဆိုနိုင်ပါသည်။ ဥပမာအားဖြင့် အမေရိကန်သမ္မတ၏ ဥပဒေကြမ်းတစ်ခုကို ပယ်ချနိုင် Pocket Veto ကျင့်သုံးခွင့်မျိုး မရရှိပါ။နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများနှင့် ပြည်ထောင်စုဝန်ကြီးများသည် လွှတ်တော်ကိုယ်စားလှယ်ဖြစ်လျှင် လွှတ်တော်ကိုယ်စားလှယ်များအဖြစ်မှ နုတ်ထွက်ရသည့်ပြင် နိုင်ငံရေးပါတီတစ်ခုခု၏ အဖွဲ့ဝင်ဖြစ်လျှင် မိမိတို့ရာထူးသက်တမ်းအတွင်း ယင်းပါတီအဖွဲ့အစည်း၏ ပါတီလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခွင့်မရှိပါ။

တိုင်းဒေသကြီးနှင့်ပြည်နယ်ပိုင်းတွင် အိန္ဒိယ၏ စနစ်ကိုယူထားပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်ဦးဆောင်သည့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရကို ဖွဲ့စည်းပါသည်။ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်ကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထဲက ရွေးချယ်ခြင်း ဖြစ်သဖြင့် ဝန်ကြီးချုပ်သည်လွှတ်တော်ကိုယ်စားလှယ်မှ နုတ်ထွက်ရန်မလိုဘဲ တာဝန်ထမ်းဆောင်ခွင့်ရှိပါသည်။ ပါတီတာဝန်များကိုလည်း ထမ်းဆောင်ခွင့်ရှိပါသည်။ သို့ဖြစ်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)သည် Presidential System ကို အခြေခံသည့် Presidential Hybrid System ဖြစ်သည်ဟု ဆိုခြင်းဖြစ်ပါသည်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)၏ သမိုင်းအစ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေသည် မြန်မာနိုင်ငံ၏ သမိုင်းကြောင်း အခြေအနေကိုအကြောင်းပြု၍ အချိန်ယူရေးဆွဲပြဋ္ဌာန်းခဲ့သည့် အခြေခံဥပဒေဖြစ်ပါသည်။ အမျိုးသားညီလာခံကို ၁၉၉၃ ခုနှစ်မှ ၁၉၉၆ခုနှစ်အထိတစ်ကြိမ်၊ ၂၀၀၄ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ တစ်ကြိမ် ကျင်းပ၍ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့၊ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များက အစုအဖွဲ့အစရှိသည့် လူထုလူတန်းစား အလွှာအသီးသီးမှ အစုအဖွဲ့ရှစ်ဖွဲ့၏ ကိုယ်စားလှယ်များက ဆွေးနွေးညှိနှိုင်း၍လုပ်ငန်းကော်မတီက စုစည်းကာ အခြေခံမူ၊ အသေးစိတ်အခြေခံမူများကိုချမှတ်ပေးခဲ့ခြင်းဖြစ်ပါသည်။ ညီလာခံကချမှတ်ပေးသော အခြေခံမူများကို အခြေခံပြီး အဖွဲ့ဝင် ၅၄ ဦးပါဝင်သည့် အခြေခံဥပဒေရေးဆွဲရေးကော်မရှင်က ဖွဲ့စည်းပုံအခြေခံဥပဒေကိုရေးဆွဲ၍ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပပြီး မြို့နယ် ၂၇၈ မြို့နယ်တွင် ပြည်သူ့ဆန္ဒခံယူခဲ့ရာ ထောက်ခံသည့် ရာခိုင်နှုန်းမှာ ၉၂ ဒသမ ၄၈ ရာခိုင်နှုန်းဖြစ်ကြောင်း၊ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင်၏ ၁၅-၅-၂၀၀၈ ရက်စွဲပါ ကြေညာချက်အမှတ် ၁၀/၂၀၀၈ ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းနှင့်ဧရာဝတီတိုင်းအတွင်းရှိ မြို့နယ်ပေါင်း ၄၇ မြို့နယ်အတွက် ကျင်းပခဲ့သည့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် ထောက်ခံသည့် ရာခိုင်နှုန်းမှာ ၉၂ ဒသမ ၉၃ ရာခိုင်နှုန်းဖြစ်ကြောင်းကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင်၏ ၂၆-၅-၂၀၀၈ ရက်စွဲပါ ကြေညာချက်အမှတ် ၁၁/၂၀၀၈ ဖြင့်လည်းကောင်း၊ ပြည်ထောင်စုတစ်ဝန်းလုံးတွင် ကျင်းပခဲ့သည့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲရလဒ်မှာ ထောက်ခံသည့်ရာခိုင်နှုန်း ၉၂ ဒသမ ၄၈ ရာခိုင်နှုန်းဖြစ်ကြောင်း ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင်၏ ၂၆-၅-၂၀၀၈ ရက်စွဲပါ ကြေညာချက်အမှတ် ၁၂/၂၀၀၈ ဖြင့်လည်းကောင်း တရားဝင်ကြေညာ၍ အတည်ပြုခဲ့သည့် ဥပဒေတစ်ရပ်ဖြစ်ပါသည်။

အမျိုးသားညီလာခံကချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်များသည် လူထုလူတန်းစားအလွှာအသီးသီးမှ ပေါက်ဖွားလာသော ပြည်သူတို့၏ နိုင်ငံရေးဆန္ဒ (Political Will) ဖြစ်သဖြင့် မမေ့အပ်သည့် သမိုင်းကြောင်းမှတ်တိုင်များဖြစ်ပါသည်။ အမျိုးသားညီလာခံကြီးတွင် အစုအဖွဲ့ (၈) ဖွဲ့ကခေါင်းစဉ်အလိုက် သုံးသပ်ညှိနှိုင်းဆွေးနွေးမှုများကို အမျိုးသားညီလာခံကြီးကျင်းပရေးဆိုင်ရာ မှတ်တမ်းတွင် ဖော်ပြထားရှိပါသည်။ မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲရာတွင် နိုင်ငံတကာမှ ဖွဲ့စည်းပုံအခြေခံဥပဒေများကို လေ့လာသုံးသပ်ပြီး မြန်မာနိုင်ငံ၏ ပကတိအခြေအနေနှင့် ကိုက်ညီစေရန် အသေးစိတ်အခြေခံမူများချမှတ်၍ ရေးဆွဲခဲ့ခြင်းဖြစ်ပါသည်။

ထို့ကြောင့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသည် ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့် လည်းကောင်း၊ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်လည်းကောင်း တူညီခြင်းမရှိဘဲ မိမိနိုင်ငံ၏ယဉ်ကျေးမှုဓလေ့ထုံးစံနှင့် ဖြတ်သန်းခဲ့သော သမိုင်းကြောင်းကိုအခြေခံ၍ ရေးဆွဲပြဋ္ဌာန်းခဲ့ခြင်းဖြစ်သဖြင့် ယင်းသမိုင်းဖြစ်စဉ်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်သည့်အခါ လျစ်လျူရှု၍မရနိုင်သည့် သမိုင်းကြောင်းမှတ်တိုင်များဖြစ်ကြပါသည်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှစ်ရပ်**

ယင်းဥပဒေကြမ်းနှစ်ရပ်အားလေ့လာရာ တစ်ရပ်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၃၆(က)အရပြင်ဆင်ရမည့်အပိုင်းဖြစ်ပြီး ပုဒ်မခွဲ ၆ ခုကို ပြင်ဆင်ထားကြောင်း တွေ့ရပါသည်။ တစ်ရပ်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၃၆ (ခ)အရ ပြင်ဆင်ရသည့်အပိုင်းဖြစ်ပြီး ပယ်ဖျက်သည့်ပုဒ်မ ၃ ခု၊ ပယ်ဖျက်သည့် ပုဒ်မခွဲ ၇ ခု၊ ပြင်ဆင်သည့် ပုဒ်မ ၆ ခု၊ ပြင်ဆင်သည့်ပုဒ်မခွဲ ၂၄ ခု၊ ပြင်ဆင်သည့် ခေါင်းစဉ် ၃ ခုတို့ပါဝင်ကြောင်း တွေ့ရှိရပါသည်။ အဓိကကျမည်ထင်သည့် ပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်း၍ မိမိ၏တွေ့ရှိချက်များကို တင်ပြလိုပါသည်။

**အုပ်ချုပ်ရေး**

၁။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၆၀ ပါ နိုင်ငံတော်သမ္မတရွေးချယ်တင်မြှောက်သည့် ပြဋ္ဌာန်းချက်အနက်မှ ပုဒ်မခွဲ (ဂ)ကို ပြင်ဆင်ခြင်းဖြစ်ပါသည်။ ယခင်ပြဋ္ဌာန်းချက်အရ သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့ တစ်ဖွဲ့စီသည် ဒုတိယ သမ္မတတစ်ဦးစီကို **လွှတ်တော်ကိုယ်စားလှယ်များထဲမှဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်မဟုတ်သူများထဲမှဖြစ်စေ ရွေးချယ်တင်မြှောက်ရပါသည်။** ပြင်ဆင်သည့် ပြဋ္ဌာန်းချက်အရ အစုအဖွဲ့တစ်ဖွဲ့စီက ဒုတိယသမ္မတတစ်ဦးစီကို ပြည်ထောင်စုလွှတ်တော်ရှိ ရွေးကောက်တင်မြှောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ်များထဲကသာ ရွေးချယ်တင်မြှောက်ရမည်ဖြစ်ရာ လွှတ်တော်ကိုယ်စားလှယ်မဟုတ်သည့် ပုဂ္ဂိုလ်များ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များကို ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခွင့်ရရှိတော့မည်မဟုတ်ပါ။ ထိုသို့ဆိုပါက တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များအပါအဝင် တပ်မတော်တွင် တာဝန်ထမ်းဆောင်နေသူများနှင့်အသိပညာရှင်၊ အတတ်ပညာရှင်များသည် ဒုတိယသမ္မတအဖြစ် ရွေးချယ်ခံပိုင်ခွင့်ရှိတော့မည်မဟုတ်ပါ။

၂။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၆၂၊ ၆၃ နှင့် ၆၄ တို့ကို ပယ်ဖျက်ထားကြောင်း တွေ့ရှိရပါသည်။ ယင်းသို့ပယ်ဖျက်ပါက နိုင်ငံတော်သမ္မတသို့မဟုတ် ဒုတိယသမ္မတများသည် လွှတ်တော်ကိုယ်စားလှယ်ဖြစ်လျှင် လွှတ်တော်ကိုယ်စားလှယ်မှနုတ်ထွက်ရန် မလိုသကဲ့သို့ နိုင်ငံရေးပါတီတစ်ခုခု၏ အဖွဲ့ဝင်ဖြစ်လျှင်လည်း မိမိရာထူးသက်တမ်းအတွင်း ပါတီလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နိုင်ခြင်းရှိမည်ဖြစ်ပါသည်။

ထိုသို့ဆိုပါက နိုင်ငံတော်အကြီးအကဲနှင့် နိုင်ငံတော်အုပ်ချုပ်ရေးအကြီးအကဲဖြစ်သည့် နိုင်ငံတော်သမ္မတသည် လည်းကောင်း၊ နိုင်ငံတော်ကို ကိုယ်စားပြုသည့် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများသည်လည်းကောင်း အုပ်ချုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်စဉ် တစ်ချိန်တည်းမှာပင် ဥပဒေပြုရေးလုပ်ငန်းများဆောင်ရွက်သည့် လွှတ်တော်များတွင် လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ဆက်လက်ရပ်တည်ခွင့်ရှိမည်ဖြစ်ရာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁ ပါ "ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်း"ဆိုသည့် အခြေခံမူနှင့် ညီညွတ်မှုရှိမည်မဟုတ်သည့်ပြင် နိုင်ငံတော်ကိုကိုယ်စားပြုသည့် နိုင်ငံခေါင်းဆောင်များသည် ပါတီနိုင်ငံရေးများကိုပါ ဆောင်ရွက်ခွင့်ရရှိမည်ဖြစ်သဖြင့် ပါတီနိုင်ငံရေးနှင့် အမျိုးသားနိုင်ငံရေး ရောထွေးမှုများဖြစ်လာနိုင်ပါသည်။ လွှတ်တော်အတွင်း၊ အစိုးရအဖွဲ့အတွင်းတွင် ပါတီစွဲ၊ ဂိုဏ်းဂဏစွဲများ ဖြစ်ပေါ်လာနိုင်ပါသည်။

ထို့အတူ ပြင်ဆင်သည့်ဥပဒေကြမ်းအရ ပြည်ထောင်စုရှေ့နေချုပ်မှအပ ပြည်ထောင်စုဝန်ကြီးများ ခန့်အပ်ရာတွင် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များထဲမှ ရွေးချယ်ရမည်ဖြစ်သဖြင့် လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ရန် မလိုအပ်တော့သကဲ့သို့ နိုင်ငံရေးပါတီတစ်ခု၏ အဖွဲ့ဝင်ဖြစ်လျှင်လည်း ရာထူးသက်တမ်းအတွင်း ယင်းပါတီအဖွဲ့အစည်း၏ ပါတီလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခွင့်ရရှိမည်ဖြစ်ပါသည်။ ယင်းသည် Republic နိုင်ငံမှ Parliamentary စနစ်သို့ ကူးပြောင်းရာရောက်မည်ဖြစ်ပါသည်။

၃။ မူလဖွဲ့စည်းပုံအခြေခံဥပဒေတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်ကို နိုင်ငံတော်သမ္မတကရွေးချယ်၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ သဘောတူညီချက်ရယူခြင်းဖြစ်သော်လည်း ပြင်ဆင်သည့် ဥပဒေကြမ်းအရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်ကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ဆန္ဒမဲဖြင့်ရွေးချယ်ပြီး ယင်းရွေးချယ်သည့် လွှတ်တော်ကိုယ်စားလှယ်ကို သမ္မတက ခန့်အပ်တာဝန်ပေးအပ်ရမည်ဖြစ်ပါသည်။

နိုင်ငံ၏အုပ်ချုပ်ရေးအကြီးအကဲဖြစ်သည့် သမ္မတက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်ကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ သဘောတူညီချက်ဖြင့် ခန့်ထားခြင်းသည် အုပ်ချုပ်ရေးကဏ္ဍနှင့် ဥပဒေပြုရေးကဏ္ဍတို့၏အာဏာကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနှင့် အပြန်အလှန်ထိန်းကျောင်းခြင်းမူကို ကျင့်သုံးဆောင်ရွက်ခြင်းဖြစ်ပါသည်။ အာဏာတစ်ခုနှင့်တစ်ခု ပိုင်းခြားသုံးစွဲခြင်းနှင့် အပြန်အလှန်ထိန်းကျောင်းခြင်းသည် အာဏာသုံးရပ်တို့ တစ်ခုနှင့်တစ်ခု စွက်ဖက်ချုပ်ကိုင်မှုမရှိစေရန် ရည်ရွယ်ခြင်းဖြစ်ပါသည်။

**တရားစီရင်ရေး**

၄။ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ မူလပြဋ္ဌာန်းချက်တွင် ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများအား ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် နိုင်ငံတော်သမ္မတက တာဝန်ပေးခန့်အပ်ရပါသည်။ ယင်းသည် အာဏာသုံးရပ်၏ အပြန်အလှန်ထိန်းကျောင်းသည့် မူသဘောဖြစ်ပါသည်။

ပြင်ဆင်သည့်ဥပဒေကြမ်းအရ နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့သည် ဒုတိယပြည်ထောင်စုတရားသူကြီးချုပ်တစ်ဦးစီကို ရွေးချယ်၍ ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းပြီး ပြည်ထောင်စုလွှတ်တော်က ဒုတိယတရားသူကြီးချုပ် သုံးဦးထဲမှ တစ်ဦးကို ပြည်ထောင်စုတရားသူကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ရပါမည်။ ပြည်ထောင်စုလွှတ်တော်က သဘောတူညီချက်ရရှိသည့် ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ဒုတိယပြည်ထောင်စုတရားသူကြီးချုပ်များကို နိုင်ငံတော်သမ္မတက ခန့်အပ်တာဝန်ပေးအပ်ရပါမည်။

ယင်းသို့ ဥပဒေပြုရေးမဏ္ဍိုင်တွင်ပါဝင်ကြသော လွှတ်တော်ကိုယ်စားလှယ်များဖြစ်သည့် နိုင်ငံတော်သမ္မတနှင့် လွှတ်တော်ဥက္ကဋ္ဌနှစ်ဦးတို့က မိမိတို့ကြိုက်နှစ်သက်ကြသည့် ဒုတိယပြည်ထောင်စုတရားသူကြီးချုပ်များကို ရွေးချယ်ပေးခြင်းသည် တရားစီရင်ရေးကဏ္ဍကို ဥပဒေပြုရေးကဏ္ဍက လိုအပ်သည်ထက်ပိုမို၍ ထိန်းကျောင်းခြင်းပြုရာရောက်မည်ဖြစ်သဖြင့် လွတ်လပ်သည့်တရားစီရင်ရေးမှုကို ထိခိုက်စေမည်ဖြစ်ပါသည်။

ပြင်ဆင်သည့်ဥပဒေကြမ်းတွင် ပြည်ထောင်စုတရားသူကြီးချုပ်၊ ဒုတိယပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၏ သက်တမ်းကို ငါးနှစ်သတ်မှတ်သဖြင့် Political Post သဘောသက်ရောက်ပါသည်။ မူလဥပဒေပြဋ္ဌာန်းချက်၏ အနှစ်သာရမှာ နိုင်ငံတော်သမ္မတသည် နိုင်ငံတော်၏ အကြီးအကဲဖြစ်သည့်အလျောက် ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများကို လွှတ်တော်၏သဘောတူညီချက်ဖြင့် ခန့်အပ်ခြင်းဖြစ်ပါသည်။ အခြေခံဥပဒေပါ တရားစီရင်ရေးမူဖြစ်သည့် ဥပဒေနှင့်အညီ လွတ်လပ်စွာတရားစီရင်ရေးမှုကို ကျင့်သုံးသည့်အနေဖြင့် ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများသည် ပြည်ထောင်စုလွှတ်တော်ကိုလည်းကောင်း၊ နိုင်ငံတော်သမ္မတကိုလည်းကောင်း တာဝန်ခံရသည့် ပြဋ္ဌာန်းချက်တစ်စုံတစ်ရာပြဋ္ဌာန်းထားခြင်းမရှိသည့်အပြင် ရာထူးသက်တမ်းကိုလည်း နိုင်ငံရေးရာထူးနှင့် မသက်ဆိုင်စေရန်ရည်ရွယ်၍ ပြည်ထောင်စုအဆင့်ကို အသက် (၇၀) အထိလည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်များနှင့် တရားလွှတ်တော် တရားသူကြီးများ၏ ရာထူးသက်တမ်းကို (၆၅) နှစ်အထိလည်းကောင်း သတ်မှတ်ထားခြင်းဖြစ်ပါသည်။

**စာမျက်နှာ ၇ သို့◆**

**မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲရာတွင် နိုင်ငံတကာမှ ဖွဲ့စည်းပုံအခြေခံဥပဒေများကို လေ့လာသုံးသပ်ပြီး မြန်မာနိုင်ငံ၏ ပကတိအခြေအနေနှင့် ကိုက်ညီစေရန် အသေးစိတ်အခြေခံမူများချမှတ်၍ ရေးဆွဲခဲ့ခြင်းဖြစ်ပါသည်။**







❖ စာမျက်နှာ ၆ မှ

ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံးဖွဲ့စည်းခြင်းနှင့် စပ်လျဉ်းသည့်ပြဋ္ဌာန်းချက်ကို ပြင်ဆင်ထားရာ ယင်းပြဋ္ဌာန်းချက်မှာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေကိုပြင်ဆင်သည့် ဥပဒေပါပြဋ္ဌာန်းချက်များနှင့်ညီညွတ်စေရန် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြန်လည်ပြင်ဆင်ထားခြင်းဖြစ်ကြောင်း တွေ့ရပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေကို အခြေခံ၍ ဆင့်ပွားဥပဒေပြဋ္ဌာန်းရမည့်အစား ဆင့်ပွားဥပဒေကိုအခြေခံ၍ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်မှုသမိုင်းတွင် အစဉ်အလာမရှိသော ပြင်ဆင်မှုပုံသဏ္ဌာန်ဟု ဆိုရမည်ဖြစ်ပါသည်။

**လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်း**

၅။ လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်ဖြစ်သည့် ပုဒ်မ ၃၉၆(ခ) ကို ပယ်ဖျက်ကြောင်း တွေ့ရပါသည်။ ပုဒ်မ ၃၉၆(ခ) ပြဋ္ဌာန်းချက်အရ သက်ဆိုင်ရာမဲဆန္ဒနယ်၏ မဲဆန္ဒရှင်များ အနက် အနည်းဆုံး တစ်ရာခိုင်နှုန်းတို့က တာဝန်မှ ပြန်လည်ရုပ်သိမ်းလိုသော လွှတ်တော်ကိုယ်စားလှယ်နှင့်ပတ်သက်သည့် တိုင်တန်းချက်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ထံ တင်ပြရမည်ဖြစ်ပါသည်။ ယင်းပြဋ္ဌာန်းချက် ပယ်ဖျက်ပါက လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းလိုလျှင် ဆောင်ရွက်ရမည့်အခြေခံမူကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားခြင်း မရှိတော့သဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၉၇ အရ တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာ ဥပဒေပြဋ္ဌာန်းသည့်အခါ အခြေခံဥပဒေက သတ်မှတ်ပေးသည့် မူဘောင်ရှိတော့မည် မဟုတ်ပါ။ ယင်းပုဒ်မကိုပယ်ဖျက်ခြင်းသည် အလေးအနက်စဉ်းစားသင့်သည့် အချက်ဖြစ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ခန့်ထားခြင်း**

၆။ ပြင်ဆင်သည့်ဥပဒေကြမ်းအရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ခန့်ထားခြင်းနှင့်စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များနှင့်အညီ ဖွဲ့စည်းရမည်ဖြစ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်ရွေးကောက်ပွဲများ ကျင်းပခြင်း၊ ကြီးကြပ်ခြင်း စသည့်လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရသည့်အလျောက် လွတ်လပ်သည့်အဖွဲ့အစည်းတစ်ခုအဖြစ် ရှိရန်လိုအပ်သဖြင့် နိုင်ငံတော်၏ အကြီးအကဲဖြစ်သည့် နိုင်ငံတော်သမ္မတက ဖွဲ့စည်းပေးခြင်းဖြစ်ရာ ပြင်ဆင်သည့်ဥပဒေအတိုင်း ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များရွေးချယ်ရာတွင် လွှတ်တော်ကိုယ်စားလှယ်များဖြစ်သည့် နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့ပါဝင်ရွေးချယ်ပါက မူလဖွဲ့စည်းပုံအခြေခံဥပဒေ၏ အနှစ်သာရနှင့် ကိုက်ညီမှုရှိမရှိမှာ မေးခွန်းထုတ်ဖွယ်ဖြစ်လာပါသည်။

**ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်း**

၇။ မူလပြဋ္ဌာန်းချက်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၃၆(က)ပါ ပြဋ္ဌာန်းချက်ကို ပြင်ဆင်လိုပါက **ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်အားလုံး၏ ၇၅ ရာခိုင်နှုန်းကျော်က** ပြင်ဆင်ရန် သဘောတူလက်ခံပြီးနောက် ပြည်သူ့ဆန္ဒခံယူပွဲကျင်းပ၍ **ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး**၏ ထက်ဝက်ကျော်ဆန္ဒမဲဖြင့် ပြင်ဆင်ရမည်ဖြစ်သော်လည်း ပြင်ဆင်သည့်ဥပဒေကြမ်းအရ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၃၆(က)ပါ ပြဋ္ဌာန်းချက်များကို ပြင်ဆင်လိုပါက **ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသော** ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်အားလုံး၏ **ခုနစ်ဆယ်ရာခိုင်နှုန်းအောက်မလျော့သော** လွှတ်တော်ကိုယ်စားလှယ်များက သဘောတူလက်ခံပြီးနောက် ပြည်သူ့ဆန္ဒခံယူပွဲကျင်းပ၍ **ဆန္ဒမဲပေးသူအားလုံး၏** ထက်ဝက်ကျော်ဆန္ဒမဲ ပြင်ဆင်ရမည်ဖြစ်ပါသည်။

ထို့အတူ မူလပြဋ္ဌာန်းချက်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၃၆(က)ပါ ပြဋ္ဌာန်းချက်များမှအပ အခြားပြဋ္ဌာန်းချက်များကို **ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်အားလုံး၏ ၇၅ ရာခိုင်နှုန်းကျော်၏ ထောက်ခံဆန္ဒမဲ**ဖြင့်သာ ပြင်ဆင်ရမည်ဖြစ်သော်လည်း ပြင်ဆင်သည့်ဥပဒေကြမ်းအရ ပုဒ်မ ၄၃၆(က)ပါ ပြဋ္ဌာန်းချက်များမှအပ အခြားပြဋ္ဌာန်းချက်ကို ပြင်ဆင်လိုပါက **ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသော ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ခုနစ်ဆယ်ရာခိုင်နှုန်းအောက်မလျော့သော** လွှတ်တော်ကိုယ်စားလှယ်များ၏ ထောက်ခံဆန္ဒမဲဖြင့်သာ ပြင်ဆင်ရမည်ဖြစ်ပါသည်။ ယင်းသို့ ပြင်ဆင်ခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ မူလအနှစ်သာရနှင့် ကိုက်ညီမှုရှိ၊ မရှိ စဉ်းစားရန်ဖြစ်ပါသည်။

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အနှစ်သာရသည် Republic Model ကို ဦးတည်သည့် Presidential Hybrid System ဖြစ်သည့်အလျောက် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်မည်ဆိုပါက မူလအခြေခံထားသည့် အုတ်မြစ်ကို မထိခိုက်စေရန် သတိပြုသင့်ပါသည်။ ထို့ပြင် ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများနှင့်မဆန့်ကျင်စေရန် လိုအပ်ပါသည်။ သမ္မတစနစ်ကို ဦးတည်သည့် ပြဋ္ဌာန်းချက်များတွင် ပါလီမန်စနစ်ကိုဦးတည်သည့်ပြဋ္ဌာန်းချက်များ ထည့်သွင်းမည်ဆိုပါက မူလအခြေခံထားသည့် နိုင်ငံတော်ဖွဲ့စည်းပုံ ပုံစံပျက်သွားနိုင်သည်ကိုလည်း အထူးဂရုပြုရန် လိုအပ်သည်ဟု ယုံကြည်မိပါသည်။ ။

# ပြည်သူ့လွှတ်တော်တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိ

**ရန်ကုန် ဇွန် ၁၄**

တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ငါးရက်ကြာသွားရောက်ခဲ့သည့် ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

ဒေါ်အောင်ဆန်းစုကြည်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ဇွန် ၁၀ ရက်တွင် သွားရောက်ခဲ့ခြင်းဖြစ်ပြီး တရုတ်နိုင်ငံသမ္မတနှင့် တရုတ်ဝန်ကြီးချုပ်အပါအဝင် တရုတ်အစိုးရနှင့် တရုတ်ကွန်မြူနစ်ပါတီတို့မှ ခေါင်းဆောင်များနှင့်လည်း တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။

**ညွှန့်ကိုကို(သတင်းစဉ်)**

# မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုး

**မင်းတပ် ဇွန် ၁၄**

ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက် ချင်းပြည်နယ် မင်းတပ်မြို့ အရှေ့ပြင်ရပ်ကွက် မီးသတ်ဦးစီးဌာနအနီး၌ ဇွန် ၁၃ ရက်က မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ပြုလုပ်သည်။

သစ်ပင်စိုက်ပျိုးပွဲတွင် ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အင်န်ဂျီအိုများ၊ ပြည်သူများက ယူကလစ် အပင် ၁၀၀၊ မဲဇလီအပင် ၄၀၀၊ စကားဝါ အပင် ၃၀၀ တို့ကို စိုက်ပျိုးခဲ့ကြသည်။

အဆိုပါ မိုးရာသီသစ်ပင်စိုက်ပျိုးမှုများကို ဂေါက်ကွင်းပတ်ဝန်းကျင်၊ စကားဝါရေဆန်း၊ မြို့ဦးဘုန်းတော်ကြီးကျောင်းအနီး စသည့်နေရာများတွင် ဇူလိုင်လမကုန်မီအထိ (စနေနေ့တိုင်း) စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ဦးကီးဂေထံမှ သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# စက်မှုဇုန်ထုတ်မော်တော်ယာဉ် ၁၈၂ စီး ကနဦးလိုင်စင်ထုတ်ပေးနိုင်ရန် ကြံ့ခိုင်မှုစတင်စစ်ဆေး

**မန္တလေး ဇွန် ၁၄**

စက်မှုဝန်ကြီးဌာနနှင့်ကုန်လမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ပူးပေါင်း၍ စက်မှုဇုန်ထုတ် မော်တော်ယာဉ် ၁၈၂စီးအား လိုင်စင်ထုတ်ပေးနိုင်ရန် Mobile Test Lame စက်ဖြင့် ကြံ့ခိုင်မှုစစ်ဆေးခြင်းကို ဇွန် ၁၄ ရက်မှ ၁၉ ရက်အထိ One Stop Service ဖြင့် ကနဦးစစ်ဆေးပေးနေကြောင်း မန္တလေးတိုင်းဒေသကြီး ကုန်လမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။ **(ယာပုံ)**

မြန်မာနိုင်ငံတွင်တစ်ခုတည်းသာရှိပြီး ကျပ်သိန်း ၇၀၀၀ နီးပါးတန်ဖိုးရှိသည့် Mobile Test Lame စက်ဖြင့် စက်မှုဇုန်ထုတ်ယာဉ်များကို ကြံ့ခိုင်မှု ရှိမရှိ အဆင့်ခုနစ်ဆင့်ဖြင့် ကနဦးစစ်ဆေးပေးနေခြင်းဖြစ်ပြီး အထက်မြန်မာပြည်ရှိ စက်မှုဇုန်များမှ ထုတ်လုပ်သည့်ယာဉ်များအားလုံးကို စစ်ဆေးပေးမည်ဖြစ်ကြောင်း အဆိုပါဦးစီးဌာနမှ အင်ဂျင်နီယာမှူးကြီး ဦးဆောင်းက ပြောသည်။

"ကြံ့ခိုင်မှု စစ်ဆေးအောင်မြင်တဲ့ ကားတွေကို ကနဦးမှတ်ပုံတင်ခွင့်ပေးမယ်။ မအောင်ခဲ့ရင်လည်းယာဉ်ပိုင်ရှင်တွေ မနစ်နာဖို့ လိုအပ်တဲ့အပိုင်းကို ပြင်ခိုင်းပြီး ဒုတိယအကြိမ်ပြန်စစ်ပေးမှာပါ။ အခုက ကနဦးစက်မှုဇုန်ထုတ်ကားတွေ စစ်တာပါ။ သာမန်အချိန်သက်တမ်းတိုးတဲ့ ကားတွေထဲမှာ သံသယဖြစ်တဲ့ ကားတွေကိုလည်း ကြံ့ခိုင်မှု ရှိမရှိ စစ်ဆေးသွားမှာပါ" ဟု ၎င်းက ပြောကြားသည်။

ယာဉ်အန္တရာယ်အမျိုးမျိုးရှိသော်လည်း မိမိယာဉ်ချွတ်ယွင်းချက်ကြောင့် သူတစ်ပါးထိခိုက်နစ်နာမှုမရှိစေရန် ယာဉ်များ ကြံ့ခိုင်မှု စစ်ဆေးပေးနေခြင်းဖြစ်ကာ ထိုသို့စစ်ဆေးခြင်းဖြင့် အများပြည်သူသွားလာနေသည့် လမ်းမပေါ်တွင် ယာဉ်အန္တရာယ်ဖြစ်ပွားမှုများ လျှော့ချနိုင်မည်ဖြစ်ကြောင်း ၎င်းကဆိုသည်။

စက်မှုဇုန်များတွင် စက်မှုဖွံ့ဖြိုးတိုးတက်စေရန် မော်တော်ယာဉ်များ စတင်ထုတ်လုပ်ခဲ့ပြီး ၂၀၀၃ ခုနှစ်တွင် ဂျစ်ကားများ စတင်စစ်ဆေးခဲ့ကာ ၂၀၀၅ ခုနှစ်တွင် လိုက်ထရပ်ကားများကို ကြံ့ခိုင်မှုစတင်စစ်ဆေးခဲ့ကြောင်း သိရသည်။

**(အောင်ရဲသွင်)**



# ပြည်သူများ၏ လိုလားချက်ဆန္ဒများကို ဥပဒေအဖြစ် ပြဋ္ဌာန်းပေးနိုင်ရန်မှာ လွှတ်တော်၏အဓိကတာဝန်ဖြစ်

**နေပြည်တော်　　ဇွန်　၁၄**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပျဉ်းမနားဒေသခံပြည်သူများ တွေ့ဆုံပွဲကို ယနေ့ နံနက် ၉ နာရီတွင် ပျဉ်းမနားမြို့ မင်္ဂလာကန်တော်ခန်းမ၌ ကျင်းပသည်။

တွေ့ဆုံပွဲတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ပျဉ်းမနားဒေသသည် ဖက်ဆစ်ဆန့်ကျင်ရေးနှင့် ကိုလိုနီလက်အောက်ခံဘဝ လွတ်မြောက်ရေးဖြစ်စဉ်များတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့သည့်ဒေသဖြစ်ပါကြောင်း၊ မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုနှင့်အတူ ပေါ်ပေါက်လာသည့် မြန်မာ့တပ်မတော်သည်လည်း ပျဉ်းမနားဒေသ၌ပင် အခြေခံခဲ့ပါကြောင်း၊ ယနေ့ပျဉ်းမနားဒေသ ဖွံ့ဖြိုးတိုးတက်နေသကဲ့သို့ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

ဒီမိုကရေစီစနစ်ကို စနစ်တကျကျင့်သုံးသည့် နိုင်ငံများတွင် လွှတ်တော်များရှိပါကြောင်း၊ ပြည်သူအသံ-လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ-လွှတ်တော်ဆန္ဒ၊ ပြည်သူတို့မျှော်လင့်ချက်- လွှတ်တော်က ဖော်ဆောင်ရွက်ဟူသည့် လွှတ်တော်၏မူဝါဒ ဆောင်ပုဒ်နှင့်အညီ ပြည်သူ့အသံသည် လွှတ်တော်၏ အသံဖြစ်ရမည်၊ ပြည်သူတို့၏ဆန္ဒသည် လွှတ်တော်၏ ဆန္ဒဖြစ်ရမည်ဖြစ်ပြီး ပြည်သူတို့၏လိုအပ်ချက်များကို လွှတ်တော်က ဆောင်ရွက်နိုင်ရန် အစိုးရအပါအဝင် သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီးတို့ ညှိနှိုင်းပူးပေါင်း ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ပြည်သူများ၏ လိုလားချက်ဆန္ဒများကို ဥပဒေအဖြစ် ပြဋ္ဌာန်းပေးနိုင်ရန်မှာ လွှတ်တော်၏ အဓိကတာဝန်ဖြစ်ပါကြောင်း၊ နိုင်ငံနှင့် ပြည်သူ့အကျိုးကို ဖြစ်ထွန်းစေနိုင်မည့် ဥပဒေများကို ပြဋ္ဌာန်းပေးလျက်ရှိပါကြောင်း။

လွှတ်တော်သည် ပြည်သူ့ကိုယ်စားလှယ်များနှင့် ဖွဲ့စည်းထားသည့်အတွက် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အတွက်၊ အဖွဲ့အစည်းတစ်ခုအတွက်၊ ပါတီတစ်ခုအတွက် မဖြစ်စေဘဲ ပြည်သူအတွက်၊ နိုင်ငံအတွက် ဖြစ်ရမည်ဖြစ်ပါကြောင်း၊ ပါတီစုံဒီမိုကရေစီနှင့် ဈေးကွက်စီးပွားရေးစနစ်ဖြစ်ပေါ်ရန် လွှတ်တော်အနေဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးမှတစ်ဆင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသခံပြည်သူများအနေဖြင့် လွတ်လပ်ပွင့်လင်းစွာ ဆွေးနွေးနိုင်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌက ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ရှင်းလင်းဆွေးနွေးပြီး တွေ့ဆုံပွဲသို့ တက်ရောက်လာသည့် ဒေသခံပြည်သူများက ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လိုအပ်ချက်များကိုလည်းကောင်း၊ နိုင်ငံရေးပါတီများက အထွေထွေရွေးကောက်ပွဲကိစ္စရပ်များနှင့် စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးတင်ပြကြရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပေါင်းစပ်ညှိနှိုင်းပေးသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နိဂုံးချုပ်ပြောကြားရာတွင် ငြိမ်းချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံအဖြစ် ကြိုးပမ်းတည်ဆောက်ရာ၌ မြို့နယ်စီမံခန့်ခွဲရေးကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးရေး အထောက်အကူပြုကော်မတီများနှင့် ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ၏ အခန်းကဏ္ဍသည် အရေးကြီးပါကြောင်း၊ ပြည်သူလူထု၏ဆန္ဒများကို လွှတ်တော်နှင့် လွှတ်တော်ကိုယ်စားလှယ်များက ကြိုးပမ်းဆောင်ရွက်လျက်ရှိနေပါကြောင်း၊ မြို့နယ်အတွင်း တာဝန်ထမ်းဆောင်လျက်ရှိနေကြသည့် ဌာနဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့် မိမိတို့တာဝန်ထမ်းဆောင်ရသည့် နေရာဒေသများကို မိမိတို့ဇာတိများကဲ့သို့ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဒေသခံပြည်သူများနှင့် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ပြောကြားပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အလားတူ မွန်းတည့် ၁၂ နာရီတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် လယ်ဝေးဒေသခံပြည်သူများ တွေ့ဆုံပွဲကို လယ်ဝေးမြို့ သီရိမင်္ဂလာခန်းမ၌ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ငြိမ်းချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတစ်နိုင်ငံ တည်ဆောက်ရာတွင် ပါတီစုံဒီမိုကရေစီစနစ်၊ ဈေးကွက်စီးပွားရေးစနစ်တို့ဖြင့် တည်ဆောက်သွားမည်ဖြစ်ပါကြောင်း၊ ထိုသို့တည်ဆောက်ရန် ၂၀၁၀ ခုနှစ် နိုဝင်ဘာလက အထွေထွေရွေးကောက်ပွဲကို ကျင်းပခဲ့ပါကြောင်း၊ ထိုရွေးကောက်ပွဲရလဒ်များကို အခြေခံ၍ လွှတ်တော်အသီးသီး ပေါ်ပေါက်လာခဲ့ပါကြောင်း၊ လွှတ်တော်သည် ပြည်သူ့ဆန္ဒ၊ ပြည်သူ့လိုအပ်ချက်များအပေါ် မူတည်၍ နိုင်ငံနှင့် နိုင်ငံသားများ အကျိုးစီးပွားဖြစ်ထွန်းစေမည့် ဥပဒေများကို ပြဋ္ဌာန်းပေးလျက်ရှိပါကြောင်း၊ ပေါ်ပေါက်လာသည့် ဥပဒေများအတိုင်း သက်ဆိုင်ရာ တာဝန်ရှိသူများက ဥပဒေနှင့်အညီ စီမံခန့်ခွဲဆောင်ရွက်လျက်ရှိသကဲ့သို့ ပြည်သူများအနေဖြင့်လည်း ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်အညီ ပြုမူဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ဒေသခံပြည်သူများအနေဖြင့် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးတင်ပြနိုင်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြို့နယ်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌက ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အချက်အလက်များကို ရှင်းလင်းဆွေးနွေးပြီး တွေ့ဆုံပွဲသို့ တက်ရောက်လာသည့် နိုင်ငံရေးပါတီများနှင့် ဒေသခံပြည်သူများက ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပေါင်းစပ်ညှိနှိုင်းပေးသည်။

အဆိုပါ တွေ့ဆုံပွဲများသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌများ၊ နေပြည်တော်ကောင်စီဝင်များ၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ လွှတ်တော်ရုံးမှတာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များ၊ ရပ်ကွက်/ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များ၊ ပျဉ်းမနားနှင့် လယ်ဝေးမြို့နယ်များမှ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**



**❋ ကျောဖုံးမှ**

မြန်မာနှင့် ထိုင်းအသင်းတို့သည် ပြိုင်ပွဲတစ်လျှောက် ခြေစွမ်းပြကာ ရှုံးပွဲမရှိ တက်ရောက်လာသည့် အသင်းများဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုပွဲစဉ်များတွင် အင်ဒိုနီးရှားကို လေးဂိုး-နှစ်ဂိုး၊ အိမ်ရှင် စင်ကာပူအသင်းကို နှစ်ဂိုး-တစ်ဂိုး၊ ဖိလစ်ပိုင်အသင်းကို ငါးဂိုး-တစ်ဂိုးတို့ဖြင့် အနိုင်ရရှိပြီးနောက်ဆုံးပွဲတွင် ကမ္ဘောဒီးယားအသင်းနှင့် သုံးဂိုးစီ သရေကျခဲ့သည်။ ဆီမီးဖိုင်နယ်တွင် နာမည်ကြီး ဗီယက်နမ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲသို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။ ထိုင်းအသင်းမှာ အုပ်စုပွဲစဉ် ငါးပွဲစလုံးအနိုင်ရရှိခဲ့သလို ဆီမီးဖိုင်နယ်တွင်လည်း အင်ဒိုနီးရှားအသင်းကို ငါးဂိုးပြတ်အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ယခုပြိုင်ပွဲတွင် တောက်လျှောက် ခြေစွမ်းပြနေသည့် အသင်းဖြစ်ပြီး မြန်မာပရိသတ်များ၏ တစ်ခဲနက် အားပေးမှုနှင့်အတူ ရလဒ်ကောင်းများ ရယူနိုင်နေခြင်းဖြစ်သည်။

မြန်မာအသင်းသည် ဆီးဂိမ်း ဗိုလ်လုပွဲသို့ ရှစ်နှစ်ကြာမှ ပြန်လည်တက်ရောက်နိုင်ခြင်းဖြစ်ပြီး ထိုင်းအသင်းမှာ နှစ်ကြိမ်ဆက် တက်ရောက်နိုင်ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ၁၉၇၃ ခုနှစ်တွင် ရွှေတံဆိပ်ရရှိပြီး နောက်ပိုင်း နှစ်(၄၀)ကျော် ဝေးကွာလျက်ရှိပြီး ၁၉၉၃ ခုနှစ်နှင့် ၂၀၀၇ ခုနှစ်တို့တွင် ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သော်လည်း နှစ်ကြိမ်စလုံး ထိုင်းအသင်းကို အရှုံးပေးခဲ့ရသည်။ ထိုင်းအသင်းမှာ ယခုပြိုင်ပွဲ၌ ခြေစွမ်းပြနေသလို ဆီးဂိမ်းရွှေဆုကို (၁၄)ကြိမ် ရယူထားသည့် အသင်းလည်းဖြစ်သည်။

ယခုပြိုင်ပွဲတွင် မြန်မာအသင်း ခြေစွမ်းပြနေခြင်းမှာ ကစားသမားများ၏ စိတ်ဓာတ်နှင့် ကြိုးစားမှု၊ အုပ်ချုပ်သူ ဦးသန်းတိုးအောင်၊ နည်းပြချုပ် ဦးကြည်လွင်နှင့် နည်းပြအဖွဲ့ဝင်များ၏ စုစည်းမှုကြောင့်ဖြစ်ပြီး ပရိသတ်များ၏ တစ်ခဲနက်အားပေးမှုမှာလည်း အရေးပါလျက်ရှိသည်။ နှစ်(၄၀)ကျော်ကြာ ဝေးကွာနေသည့် ဆီးဂိမ်းရွှေဆုကို မြန်မာအသင်းရယူနိုင်မလား ဆိုတာ။ ။ **(ညီမြတ်သော်တာ)**



**စင်ကာပူဆီးဂိမ်းတွင် ပြိုင်ပွဲဝင်လျက်ရှိသော မြန်မာယူ-၂၃ အသင်းအား တွေ့ရစဉ်။** (ဓာတ်ပုံ-ဘောလုံးအဖွဲ့ချုပ်)

# စပိန်တင်းနစ်ကစားသမား ရာဖေးလ်နာဒယ် မာဆီဒက်ဖလား ဗိုလ်လုပွဲတက်လှမ်း

စပိန်တင်းနစ်ကစားသမား ရာဖေးလ်နာဒယ်သည် စတုဂတ်မြို့၌ ယှဉ်ပြိုင်ကစားလျက်ရှိသည့် မာဆီဒက်ဖလား တင်းနစ်ပြိုင်ပွဲ၏ အမျိုးသားတစ်ဦးချင်း တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် ပြင်သစ်တင်းနစ်ကစားသမား မွန်ဖီးလ်အား အနိုင်ရရှိခဲ့ခြင်းကြောင့် နောက်ဆုံးဗိုလ်လုပွဲသို့ တက်လှမ်းနိုင်ခဲ့ပြီဖြစ်သည်။

ယင်းပြိုင်ပွဲတွင် အသက်(၂၉)နှစ်အရွယ်ရှိ ရာဖေးလ်နာဒယ်သည် မွန်ဖီးလ်အား ၁ နာရီနှင့် မိနစ် ၂၀ ကြာ ကစားကာ ၆-၃၊ ၆-၄ ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ စပိန်ပရော်ဖက်ရှင်နယ် တင်းနစ်ကစားသမား ရာဖေးလ်နာဒယ်သည် ဆီမီးဖိုင်နယ်အဆင့်တွင် မွန်ဖီးလ်အား အနိုင်ရရှိခဲ့ခြင်းကြောင့် နောက်ဆုံးဗိုလ်လုပွဲတွင် ဆားဘီးယားတင်းနစ်ကစားသမား ထရိုက်ကီနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ရာဖေးလ်နာဒယ်သည် မြက်ခင်းပြင်ကွင်းပွဲစဉ်အဖြစ် ၂၀၁၀ ခုနှစ်ကဝင်ဘယ်ဒန် တင်းနစ်ပြိုင်ကွင်းကြီးထဲတွင် နောက်ဆုံးကစားခဲ့ခြင်းဖြစ်ပြီး ယခု စတုဂတ်မြက်ခင်းပြင်တင်းနစ်တွင် နောက်ဆုံးဗိုလ်လုပွဲသို့ ပြန်လည်တက်လှမ်းလာနိုင်ခဲ့ခြင်းဖြစ်သည်။

ရာဖေးလ်နာဒယ်သည် ပြင်သစ်အိုးပင်းပြိုင်ပွဲတွင် ကွာတားဖိုင်နယ်အဆင့်နှင့်ပင် ဆားဘီးယားတင်းနစ်ကစားသမား ဂျိုကိုဗစ်အား ရှုံးနိမ့်ခဲ့ရခြင်းကြောင့် ယခုစတုဂတ်မြက်ခင်းပြင်ကွင်းတွင် ယှဉ်ပြိုင်ရမည့် မက်ဆီဒက်ဖလား နောက်ဆုံးဗိုလ်လုပွဲမှာ ၎င်းအတွက် အရေးပါသည့်ပွဲတစ်ပွဲဖြစ်ကြောင်း ဆီမီးဖိုင်နယ်အဆင့်တွင် အနိုင်ရရှိခဲ့ပြီးနောက် သတင်းထောက်များအား ပြောကြားခဲ့သည်။

**(ငွေကြယ်)**

■

**❖ မိုလီနာမှ**

အဆိုပါ ၂၆ ပွဲတွင် ၁၇ ပွဲမှာ အလဲထိုးနိုင်ပွဲများရရှိခဲ့ပြီး သုံးပွဲမှာမူ ရှုံးပွဲကြုံခဲ့သည်။ အဲရစ်မိုလီနာသည် လက်ရှိတွင် ဒဗလျူဘီစီယူအက်စ်အင်န်ဘီစီဟဲဗီးဝိတ်ချန်ပီယံအဖြစ် ရပ်တည်လျက်ရှိသည်။

ဝိုင်ဒါကမူ ပြိုင်ပွဲအတွေ့အကြုံပိုင်းတွင် မိုလီနာထက် အားသာချက်ရှိခဲ့ပြီး ယခုပြိုင်ပွဲတွင် မိုလီနာအား အနိုင်ရရှိခဲ့ခြင်းကြောင့် ဒဗလျူဘီစီကမ္ဘာ့ဟဲဗီးဝိတ် ချန်ပီယံဆုကို ပြန်လည် ရယူနိုင်ခဲ့သည့်အပြင် လက်ဝှေ့သမားဘဝ ရှုံးပွဲမရှိစံချိန်ကိုပါ ဆက်လက်ထိန်းနိုင်ခဲ့သည်။

**(ငွေကြယ်)**



# လူ့အခွင့်အရေး လူ့ဂုဏ်သိက္ခာ နိုင်ငံတကာရုပ်ရှင်ပွဲတော် ဖွင့်ပွဲအခမ်းအနားကျင်းပ



**ရန်ကုန် ဇွန် ၁၄**

လူ့အခွင့်အရေး လူ့ဂုဏ်သိက္ခာ နိုင်ငံတကာရုပ်ရှင်ပွဲတော်ဖွင့်ပွဲအခမ်းအနားကို ယနေ့ ညနေ ၆ နာရီက ရန်ကုန်မြို့ နေပြည်တော်ရုပ်ရှင်ရုံ၌ ကျင်းပသည်။**(ယာပုံ)**

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေး၊ သံရုံးအသီးသီးမှ သံအမတ်ကြီးများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ မိတ်ဖက်အဖွဲ့အစည်းများ၊ အကဲဖြတ်လူကြီးများ၊ ရုပ်ရှင်ဒါရိုက်တာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

လူ့အခွင့်အရေး လူ့ဂုဏ်သိက္ခာ နိုင်ငံတကာရုပ်ရှင်ပွဲတော်ဖွင့်ပွဲအခမ်းအနားတွင် လူ့အခွင့်အရေးရုပ်ရှင်သိပ္ပံပွဲတော် ဒါရိုက်တာမင်းထင်ကိုကိုကြီးက ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက် မြန်မာနိုင်ငံလွတ်လပ်ရေးနေ့အခမ်းအနားတွင် ဖတ်ကြားခဲ့သည့် လွတ်လပ်ရေးကြေညာစာတမ်းမှ ကောက်နုတ်ချက်အား ဖတ်ကြားခဲ့ပြီး ရုပ်ရှင်ဇာတ်ကားတစ်ကား ပြသသည်။

တတိယအကြိမ် လူ့အခွင့်အရေး လူ့ဂုဏ်သိက္ခာ နိုင်ငံတကာရုပ်ရှင်ပွဲတော်တွင် မြန်မာဒါရိုက်တာများနှင့် နိုင်ငံတကာမှ ဒါရိုက်တာများ ရိုက်ကူးထားသည့် ရုပ်ရှင်ဇာတ်ကားများအား ဇွန် ၁၅ ရက်မှ ဇွန် ၁၈ ရက်အထိ ရန်ကုန်မြို့ နေပြည်တော်ရုပ်ရှင်ရုံနှင့် ဝဇီရာရုပ်ရှင်ရုံတို့တွင် အခမဲ့ပြသသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

# မြန်မာ့လက်ဝှေ့ရွှေခါးပတ်ချန်ပီယံ အကြိတ်အနယ် ထိုးသတ်ဗိုလ်လု

**ရန်ကုန် ဇွန် ၁၄**

၂၀၁၅ ခုနှစ် ရွှေခါးပတ်ချန်ပီယံဗိုလ်လုပွဲကြီးကို အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်မှ ကြီးမှူးပြီး ရန်ကုန်မြို့ သိမ်ဖြူအားကစားခန်းမ၌ ဇွန် ၁၄ ရက် ညနေ ၃ နာရီတွင် လက်ဝှေ့ကျော်အတွဲ ခုနစ်တွဲဖြင့် ကျင်းပခဲ့သည်။

(၅၁)ကီလိုတန်းတွင် ရဲသွေးနီ(တောင်ကလေး)နှင့် တိမ်တိုက်(မုဒုံသား)တို့ စတုတ္ထအချီအထိ ယှဉ်ပြိုင်ထိုးသတ်ကြပြီး ရဲသွေးနီ(တောင်ကလေး)က အနိုင်ရခဲ့သည်။ (၅၄)ကီလိုတန်းတွင် ရွှေချစ်သွေး(တိုက်ဂါး)နှင့် စောဖြိုးဝေ(အဖြူရောင်သွေးသစ်)တို့ ယှဉ်ပြိုင်ကြရာ စောဖြိုးဝေက နောက်ဆုံးချီတွင် အနိုင်ရခဲ့သည်။

(၇၅)ကီလိုတန်းတွင် မိုက်ရိုင်းလေး(ရွှေဖူး)နှင့် မိုးဟိန်း(ဘီလပ်မြေစက်ရုံ)တို့ပွဲစဉ်တွင် ပထမအချီ ၁ မိနစ် ၅၁ စက္ကန့်တွင် မိုက်ရိုင်းလေးက အနိုင်ရရှိခဲ့သည်။ ကြယ်စင်ဖြိုး(အဖြူရောင်သွေးသစ်)နှင့် စောထူးဇော်(ဒို့ရိုးရာ)တို့၏ (၆၀)ကီလိုတန်းတွင် ကြယ်စင်ဖြိုးက နောက်ဆုံးချီတွင် အနိုင်ရရှိခဲ့သည်။ လက်ဝှေ့ကျော်သပြေညို (မြိုင်ကလေး ဘီလပ်မြေစက်ရုံ)နှင့် အားမာန်(အဖြူရောင်သွေးသစ်)တို့၏ (၆၃. ၅)ကီလိုတန်းတွင် သပြေညိုက ဒုတိယအချီတွင် အနိုင်ရရှိခဲ့သည်။ ထက်အောင်ဦး(အဖြူရောင်သွေးသစ်)နှင့် သွေးသစ်အောင်(ရွှေကုက္ကို)တို့၏ (၆၇)ကီလိုတန်းတွင် သွေးသစ်အောင်(ရွှေကုက္ကို)က ဒုတိယအချီတွင် အမှတ်ပေးစည်းမျဉ်းအရ အနိုင်ရရှိခဲ့သည်။ စိုးထက်ဦး(အဖြူရောင်သွေးသစ်)နှင့် ဖျံသွေး(ဝါဆို)တို့၏ (၇၁)ကီလိုတန်းတွင် ဖျံသွေး(ဝါဆို)က နောက်ဆုံးပဉ္စမချီတွင် အလဲထိုးအနိုင်ရခဲ့သည်။

ပွဲမစမီ သွေးပူအလွတ်တန်း အထူးလေးချီ စိန်ခေါ်ပွဲတွင် ကိုကိုအောင်(မုဒုံသား)နှင့် နေသွေးသစ်(အဖြူရောင်သွေးသစ်)တို့က လေးချီဖြင့် အကြိတ်အနယ်ယှဉ်ပြိုင်ထိုးသတ်ပြသခဲ့ကြရာ ကိုကိုအောင်(မုဒုံသား)က အနိုင်ရရှိခဲ့ကြောင်း သိရသည်။



**စိုးထက်ဦး(အဖြူရောင်သွေးသစ်)နှင့် ဖျံသွေး(ဝါဆို)တို့ အကြိတ်အနယ်ယှဉ်ပြိုင်ထိုးသတ်စဉ်။**

**သတင်း - သန့်ဇင်ဝင်း**
**ဓာတ်ပုံ - ခင်မောင်ဝင်း**

# အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေရေးရာ အသိပညာပေး

**ရန်ကုန် ဇွန် ၁၄**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် တားဆီးကာကွယ်ရေးတို့အတွက် ဥပဒေရေးရာအသိပညာပေးဆွေးနွေးပွဲအခမ်းအနားကို ဇွန် ၉ ရက် နံနက် ၁၀ နာရီက ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့တော်ခန်းမ၌ ကျင်းပရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ဒေါက်တာညီညီထွန်းက အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေအကြောင်းများနှင့် ပတ်သက်၍လည်းကောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ဦးသင်းမောင်က အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းဆွေးနွေး ဟောပြောခဲ့ကြသည်။

အဆိုပါအခမ်းအနားသို့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ အကြီးအကဲများနှင့် အရာထမ်းများ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ စုစုပေါင်းအင်အား ၂၀၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**အေးသန်း(စိန်တုံးကြီး)**



# ဂျပန်ထောက်ပံ့မှုဖြင့် ဆောက်လုပ်ခဲ့သော ကျောင်းဆောင်သစ်များ လွှဲပြောင်းပေးအပ်

**ရွှေကျင် ဇွန် ၁၄**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ရွှေကျင်မြို့နယ်တွင် ဇွန် ၅ ရက်က ဂျပန်နိုင်ငံအစိုးရနှင့် ဂျပန်ပြည်သူတို့၏ထောက်ပံ့ငွေဖြင့် ဆောက်လုပ်ခဲ့သော ကျောင်းဆောင်သစ်များ ပညာရေးဌာနသို့လွှဲပြောင်းပေးအပ်ပွဲကို မဒေါက်ကလေး(အမက)နှင့် ပွဲကုန်းရပ်(မူလွန်)ကျောင်းတို့၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဂျပန်အစိုးရအနေဖြင့် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေးတို့အတွက် ထောက်ပံ့ကူညီပေးခြင်းဖြစ်ကြောင်း၊ ကျောင်းပေါင်း ၃၂၈ ကျောင်း ဆောက်လုပ်လှူဒါန်းပြီးဖြစ်ကြောင်း၊ နောင်လည်းဆက်လက်ကူညီမည်ဖြစ်ကြောင်းနှင့် ဂျပန်-မြန်မာချစ်ကြည်ရေးခိုင်မြဲပါစေကြောင်း ဂျပန်သံရုံးတတိယအတွင်းဝန်က ပြောကြားခဲ့သည်။

ယနေ့လွှဲပြောင်းပေးအပ်သည့် မဒေါက်ကလေး(အမက)သည် (၁၅၀ × ၃၁)ပေ တစ်ထပ် RC ကျောင်းဆောင်ဖြစ်ပြီး ပွဲကုန်း(မူလွန်)သည် (၉၀ × ၃၀)ပေ နှစ်ထပ် RC ဖြစ်ကာ ကျောင်းနှင့် ဆက်စပ်ပစ္စည်းအားလုံးပါဝင်သည်။ ဤကျောင်းဆောင်များကို ၂၀၁၃ ခုနှစ် အသေးစားစီမံကိန်းများထောက်ပံ့ရေးအစီအစဉ်အရ ဂျပန်အစိုးရနှင့် ဂျပန်ပြည်သူတို့၏ ထောက်ပံ့ငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(စောလင်းအောင်)**

**○ ဗိုလ်တထောင်မှ**

အကောင်အထည်ဖော်ခဲ့ရာ မူလအိမ်ရာစီမံကိန်းတွင် နေထိုင်ခဲ့ကြသော အိမ်ထောင်စုများအား ပြန်လည်နေရာချထား ပေးနိုင်ရန်အတွက် အိမ်ရာမိသားစုများနှင့်တွေ့ဆုံညှိနှိုင်းပွဲကို ဇွန် ၁၃ ရက်နံနက်ပိုင်းက ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းပေါ်ရှိ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

တွေ့ဆုံညှိနှိုင်းပွဲတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်က ယခုအိမ်ရာစီမံကိန်းအား သတ်မှတ်ကာလအတွင်း ပြီးစီးရေး၊ ပြန်လည်နေထိုင်မည့် မိသားစုဝင်များ စိတ်အေးချမ်းသာစွာ စိုးရိမ်ပူပန်မှုမရှိစေဘဲ နေထိုင်နိုင်ရေး အကြိမ်ပေါင်းများစွာ လာရောက်ကြည့်ရှုစစ်ဆေးပြီး တွန်းအားပေးဆောင်ရွက်ခဲ့ပါကြောင်း၊ စီမံကိန်းတွင် မူလနေထိုင်သူ မိသားစုဝင်များအတွက် အထပ် လေးထပ်အထိနေထိုင်နိုင်ရေး သပ်သပ်ရပ်ရပ်ဆောင်ရွက်ခဲ့ပြီး ကျန်အထပ်များကို အောက်တိုဘာလအပြီး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပြည်သူများအလိုကျ၊ ပြည်သူ့ဆန္ဒ၊ ပြည်သူ့တင်ပြချက်များအတိုင်း ပြည်သူအားလုံးစိတ်တိုင်းကျ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

(၅၁)လမ်း အိမ်ရာများသည် အငှားချ ပြည်သူ့အိမ်ရာအမျိုးအစားဖြစ်ပြီး ရှစ်ခန်းတွဲ လေးထပ်တိုက် ခုနစ်လုံးတွင် အခန်းပေါင်း ၂၂၄ ခန်းကို လွန်ခဲ့သည့် နှစ် ၆၀ ခန့်က တည်ဆောက်ခဲ့သော အိမ်ရာများဖြစ်သည်။ တည်ဆောက်စဉ် ကာလက ခေတ်မီခဲ့သော်လည်း ယနေ့ကာလတွင် ခေတ်မမီတော့ဘဲ သဘာဝဘေးဒဏ်ခံနိုင်မှုနှင့် ကြံ့ခိုင်မှုမရှိသည့် သက်တမ်းလွန်အဆောက်အအုံအဖြစ် တည်ရှိခဲ့သည်။

ထို့ကြောင့် သက်တမ်းလွန်ပြည်သူ့အိမ်ရာများ ပြန်လည်ဖွံ့ဖြိုးရေးစီမံကိန်းများအရ အဆိုပါအိမ်ရာတွင် နေထိုင်ကြသည့် ပြည်သူများအတွက် ရေရှည်မျှော်မှန်း၍ ခေတ်မီကွန်ဒိုအိမ်ရာစီမံကိန်းအဖြစ် တည်ဆောက်ရန် ပုဂ္ဂလိက ကုမ္ပဏီများနှင့် အိမ်ရာနေမိသားစုများ အကြိမ်ကြိမ်ညှိနှိုင်းကာ ဆောက်လုပ်ရေးဝန်ကြီးဌာနက အဘက်ဘက်မှ ကောင်းမွန်အောင် ထည့်သွင်းစဉ်းစားပြီး စနစ်တကျတာဝန်ပေးဆောင်ရွက်ခဲ့သော စီမံကိန်းဖြစ်သည်။ ယခင်အိမ်ရာစီမံကိန်းမှာ အိမ်ခန်းများ ကျယ်ဝန်းခြင်းမရှိဘဲ ယခုအိမ်ရာစီမံကိန်းတွင် စတုရန်းပေ ၆၀၀ ကျော်ကျယ်သောအခန်းများအား ခေတ်နှင့်အညီ ဓာတ်လှေကား၊ ရေ၊ မီးတို့မှအစ ပြည်ထောင်စုအစိုးရသို့ တင်ပြဆောင်ရွက်ခဲ့သော စီမံကိန်းဖြစ်သည်။

ယခုစီမံကိန်းတွင် မူလနေထိုင်သူ မိသားစုဝင်များအတွက် အထပ် လေးထပ်အထိနေထိုင်နိုင်ရေး ဆောင်ရွက်ခဲ့ပြီး ယခုအခါပြီးစီးသည့် အခန်းများတွင် အများစုနေထိုင်လိုကြပြီး အနည်းငယ်မှာ အဆောက်အအုံတစ်ခုလုံးပြီးစီးမှ နေထိုင်လိုကြောင်း သိရှိရသည်။ ယခု အိမ်ရာစီမံကိန်းတွင် မိသားစုဝင်ပြည်သူများ၏ ဆန္ဒနှင့်အညီ စာရင်းကောက်ယူ၍ ဆောက်လုပ်ရေးဝန်ကြီးဌာနက အကောင်းဆုံးဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး အိမ်ရာစီမံကိန်းတွင် နေထိုင်ကြမည့်မိသားစုများ၏ တင်ပြချက်များ၊ လိုအပ်ချက်များကို ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ အိမ်ခန်းနေရာချထားပြီးပါက အိမ်ရာ သာယာရေးကော်မတီဖွဲ့စည်း၍ တာဝန်ယူသည့်ကုမ္ပဏီများမှ မတည်ငွေ ကျပ်သိန်း ၃၀၀ ကို အခြေခံ၍ ဌာနမှစဉ်ဆက်မပြတ် ကြီးကြပ်ဆောင်ရွက်ပေးသွားမည်ဟု သိရသည်။

တွေ့ဆုံညှိနှိုင်းပွဲသို့ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဗိုလ်တထောင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ မူလအိမ်ရာတွင် နေထိုင်ခဲ့သော မိသားစုဝင် ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ ထိုပွဲတွင် ဗိုလ်တထောင်ပြည်သူ့ကိုယ်စားလှယ် ဦးစိန်မြင့်က ပြည်သူများ၏လိုအပ်ချက်၊ ပြည်သူဗဟိုပြု ပြည်သူ့ဆန္ဒနှင့်အညီ ဖြည့်ဆည်းပေးခြင်းအတွက် ကျေးဇူးတင် ဝမ်းမြောက်ပါကြောင်း ပြန်လည်ပြောကြားခဲ့သည်။

မဟာနဝရတ်မြေကွန်ဒိုဟုခေါ်တွင်သည့် ယခုအိမ်ရာအအဆောက်အအုံတွင် ဧည့်ခန်း၊ အိပ်ခန်း၊ မီးဖိုချောင်၊ ရေချိုးခန်း၊ သန့်စင်ခန်းများ စနစ်တကျဖွဲ့စည်းထားပြီး ရေ၊ မီး၊ ဓာတ်လှေကားတို့ ပါဝင်ကြောင်း သိရသည်။

□□



# ပန်းမောက်မြို့နယ် အရှေ့ကုန်းကျေးရွာတွင် ရေကြီးရေလျှံမှုဖြစ်ပွား

**ဗန်းမောက် ဇွန် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် မံအင်-မင်းကုန်းကျေးရွာအုပ်စု အရှေ့ကုန်းကျေးရွာတွင် ဇွန် ၁၂ ရက် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရွာသွန်းခဲ့သောမိုးကြောင့် ချောင်းကြီးချောင်းတွင် ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ မိုးရွာသွန်းမှုကြောင့် နန့်ကဆားချောင်း၊ ကတောင်ချောင်း၊ ချောင်းဆုံချောင်း၊ ကျွဲကောချောင်း၊ သဖန်းချောင်း၊ ပါထွန်ချောင်း၊ ကျောက်ဆည်ချောင်းတို့သည် ချောင်းကြီးချောင်းအတွင်းသို့စီးဝင်မှုကြောင့် ချောင်းကြီးချောင်းမှာ ညနေ ၃ နာရီမှ စ၍ရေများတက်လာကာ သရက်ကုန်းကူးဆိပ်ဈေးတန်းနှင့် နောင်ယောဈေးတန်းလူနေအိမ်များ ရေနစ်ခဲ့သည်။

သရက်ကုန်း ကူးဆိပ်ဈေးတန်းကူးတို့စက်လှေဂိတ်မှ စက်တပ်မော်တော်ယာဉ်တစ်စင်း ရေစီးထဲမျောပါခဲ့သော်လည်း ပြန်လည်ဆယ်ယူနိုင်ခဲ့ကြောင်း၊ သရက်ကုန်းရွာ ကူးဆိပ်ဈေးတန်း လူနေအိမ် ၃၀ ခန့် ရေနစ်မှုကြောင့် ဘေးလွတ်ရာသို့ ပြောင်းရွှေ့ခဲ့ရကြောင်း၊ အရှေ့ကုန်းရွာ နောင်ယောဈေးတန်းရှိ ဈေးဆိုင်တန်းနှင့် လူနေအိမ်အလုံး ၁၀၀ ခန့် ရေနစ်ခဲ့သော်လည်း ထိခိုက်ပျက်စီးဆုံးရှုံးမှုတစ်စုံတစ်ရာမရှိခဲ့ကြောင်း၊ အဆိုပါ ချောင်းကြီးချောင်းရေမှာ တရိပ်ရိပ်တက်လာပြီး ဇွန် ၁၃ ရက် နံနက် ၃ နာရီခန့်တွင် ချောင်းရေများပြန်လည်ကျဆင်းခဲ့ကြောင်း သိရသည်။

အဆိုပါ ရေကြီးရေလျှံမှုဖြစ်ရာ နေရာများသို့ အရှေ့ကုန်းကျေးရွာ ရာအိမ်မှူး ဦးထွန်းအောင်နှင့် ကျေးရွာအထောက်အကူပြုကော်မတီဝင်များ၊ သရက်ကုန်းကူးဆိပ်ရွာဈေးတန်းလူငယ်အဖွဲ့၊ ဦးနိုင်ဦးနှင့်အဖွဲ့၊ ဒေသအရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ အရှေ့ကုန်းရွာ ရပ်မိရပ်ဖဦးလှဖေဦးဆောင်သောအဖွဲ့များမှ ကယ်ဆယ်ရေးလုပ်ငန်းများ၊ နေရာပြန်လည်ချပေးရေးလုပ်ငန်းများကို ဝိုင်းဝန်းဆောင်ရွက်ခဲ့ကြကြောင်းနှင့် ဇွန် ၁၂ရက် တစ်ရက်တာ စက်လှေကူးတို့ ဖြတ်သန်းသွားလာမှုရပ်ဆိုင်းခဲ့ရပြီး ဇွန် ၁၃ ရက် နံနက် ၈ နာရီမှစတင်ကာ စက်လှေခရီးစဉ်များကို ပြန်လည်ပြေးဆွဲခဲ့ကြောင်း သိရသည်။

(၀၅၈)

■

# လျှပ်စစ်ဓာတ်အားပေးရေး အများပြည်သူသို့ အသိပေးပန်ကြား

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများ ကြံ့ခိုင်မှုရှိစေရန်၊ ဓာတ်အားပြတ်တောက်မှုများ လျော့နည်းစေရန်၊ ဓာတ်လိုက်မှုအန္တရာယ်မှ ကင်းဝေးစေရန်အတွက် ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်း၊ ဓာတ်အားလိုင်းနှင့် မလွတ်သောသစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများကို အပတ်စဉ်စနေ၊ တနင်္ဂနွေနေ့တိုင်း ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းမှ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ ၁၄-၆-၂၀၁၅ ရက်နေ့တွင် ဒဂုံ(တောင်ပိုင်း)၊ ဒေါပုံ၊ ဗိုလ်တထောင်၊ တာမွေ၊ မင်္ဂလာတောင်ညွန့်၊ ဒဂုံ(အရှေ့)၊ ရန်ကင်း၊ ပုဇွန်တောင်၊ ဒဂုံ(မြောက်ပိုင်း)၊ သဃ်န်းကျွန်း၊ မြောက်ဥက္ကလာပ၊ တောင်ဥက္ကလာပ၊ ဗဟန်း၊ ကမာရွတ်၊ ဒဂုံ၊ ပန်းဘဲတန်း၊ လသာ၊ ကျောက်တံတား၊ အလုံ၊ လှိုင်၊ မရမ်းကုန်း၊ ကြည့်မြင်တိုင်၊ သုံးခွ၊ ကော့မှူး၊ သန်လျင်၊ အင်းစိန်၊ မင်္ဂလာဒုံ၊ လှိုင်သာယာ၊ ရွှေပြည်သာ၊ မှော်ဘီ၊ ထောက်ကြန့်၊ တိုက်ကြီး၊ ထန်းတပင်၊ ဖောင်ကြီး၊ အင်းတိုင်၊ ဥက္ကံမြို့နယ်များ၏ ရပ်ကွက်အချို့၊ CNG ဆိုင်အချို့နှင့် စက်မှုဇုန်အချို့တွင် နံနက် ၈ နာရီမှ ညနေ ၄ နာရီအတွင်း အချိန်ပိုင်းဓာတ်အားပြတ်တောက်မှုများရှိမည်ဖြစ်သည်။

ယင်းသို့ ဓာတ်အားဖြတ်တောက်၍ လုပ်ငန်းဆောင်ရွက်ရခြင်းသည် ဓာတ်အားဖြန့်ဖြူးမှုစနစ်အတွင်းရှိ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများ ကြံ့ခိုင်မှုရှိစေရန်၊ ဓာတ်လိုက်မှုအန္တရာယ်မှ ကင်းဝေးစေရန်၊ ဓာတ်အားပြတ်တောက်မှုများ လျော့နည်းစေရန်အတွက် ပုံမှန်မဖြစ်မနေ ဆောင်ရွက်ရန်လိုအပ်သည့် လုပ်ငန်းဖြစ်၍ ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း၊ ဓာတ်အားပြတ်တောက်မှုကြောင့် အဆင်မပြေမှုများ၊ အခက်အခဲများ ဖြစ်ပေါ်လာပါက နားလည်ခွင့်လွှတ်ပါရန် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ အများပြည်သူများသို့ လေးစားစွာဖြင့် အသိပေးပန်ကြားထားကြောင်း သိရသည်။ **(ကြေးမုံ)**

## ကြေးမုံသတင်းစာ

ကြေးမုံသတင်းစာကို လပေးမှာယူဖတ်ရှုကြသည့် သတင်းစာဖတ်ပရိသတ် အဟောင်း/အသစ်များအား ကျေးဇူးအထူးတင်ရှိပါသည်။ သတင်းစာကိုဖတ်ရှုရာ၌ လိုအပ်ချက်များနှင့် အဆင်မပြေမှုများရှိပါက ဖုန်း ၀၉ - ၃၃၆ ၄၄၂ ၀၉ သို့ ဆက်သွယ်အကြောင်းကြားနိုင်ပါသည်။ (ကြေးမုံသတင်းစာတိုက် တာဝန်ခံ)

# မျိုးစေ့သစ်အသိအမှတ်ပြု မျိုးသစ်မျိုးကွဲ ၇၈ မျိုးအား စိစစ်ဆောင်ရွက်

**နေပြည်တော် ဇွန် ၁၄**

မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီ၏လုပ်ငန်းတာဝန်များဖြစ်သည့် မျိုးစေ့လုပ်ငန်းရပ်တစ်ခုလုံးဖွံ့ဖြိုးတိုးတက်လာစေရန် အမျိုးသားမျိုးစေ့ မူဝါဒချမှတ်ခြင်း၊ စီးပွားဖြစ်မျိုးစေ့လုပ်ငန်းအတွက် အလေးချိန်ပမာဏသတ်မှတ်ပေးခြင်း၊ နိုင်ငံအချင်းချင်း သဘောတူညီချက်အရ သုတေသနပြုလုပ်နိုင်ရန် လိုအပ်သော မျိုးစေ့များကို ပေးပို့ခြင်းနှင့် လက်ခံခြင်း၊ မျိုးစေ့လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရန် အစိုးရဌာန၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်တွင်း ပြည်ပမှ အဖွဲ့အစည်းများ၊ ပုဂ္ဂလိကများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ သီးနှံမျိုးသစ်အဖြစ် အသိအမှတ်ပြုလက်မှတ်ထုတ်ပေးခြင်းနှင့် မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာ ကော်မတီဖွဲ့စည်း၍ လုပ်ငန်းတာဝန်များကိုချမှတ်ပေးခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီက ထုတ်ပေးသည့် မျိုးသစ်အသိအမှတ်ပြု လက်မှတ်ရရှိပြီးသည့်မျိုးများကိုသာ စီးပွားဖြစ်ထုတ်လုပ်၊ဖြန့်ဖြူးခွင့်နှင့် တင်ပို့ခွင့်၊ တင်သွင်းခွင့်အတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထောက်ခံမည်ဖြစ်ကြောင်း၊ မျိုးစေ့လုပ်ငန်းဆောင်ရွက်လျက်ရှိသော ဌာနများ၏ ပုဂ္ဂလိကအဖွဲ့အစည်းများအနေဖြင့် မျိုးစေ့ဥပဒေကိုပြင်ဆင်သည့် ဥပဒေကို လေးစားလိုက်နာရန်နှင့် မျိုးသစ်အသိအမှတ်ပြုလက်မှတ် လျှောက်ထားသည့် လုပ်ငန်းစဉ်များကို လိုက်နာဆောင်ရွက်ရန် လိုအပ်ကြောင်း။

မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီအဖွဲ့ဝင်များက မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာ ကော်မတီ၏ သဘောထားမှတ်ချက်များနှင့်အတူ တင်ပြမည့် သီးနှံ ၁၅ မျိုး၏ မျိုးသစ်မျိုးကွဲ ၇၈ မျိုးနှင့် သက်ဆိုင်သည့် အချက်အလက်များကိုစိစစ်ပြီး အသိအမှတ်ပြုလက်မှတ် ထုတ်ပေးခြင်း (သို့မဟုတ်)ငြင်းပယ်ခြင်းပြုနိုင်ရန်အတွက် ဝိုင်းဝန်းဆွေးနွေးကြရန်လိုအပ်ကြောင်းဖြင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးရုံး၌ ဇွန် ၁၂ ရက်ကပြုလုပ်သော မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီအစည်းအဝေးတွင် မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးအုန်းသန်း(လယ်ယာ)က ပြောကြားသည်။

မြန်မာ့လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေမြေရာသီဥတုနှင့် ကိုက်ညီပြီး အရည်အသွေးကောင်းမွန်သော မျိုးကောင်းမျိုးသန့်များ ရရှိရေးသည် အလွန်အရေးကြီးသည်။ သို့ဖြစ်၍ လက်ရှိအသုံးပြုနေသောမျိုးစေ့များကို အထွက်နှုန်းကောင်းသည့် မျိုးသစ်များစိုက်ပျိုးသွားနိုင်ရေးအတွက်စိစစ်၍ သုတေသနပြု ဆောင်ရွက်သွားရမည်ဖြစ်သည်။

မျိုးစေ့သစ်အသိအမှတ်ပြုလက်မှတ်ရရှိရန် စပ်မျိုးစပါး သုံးမျိုးနှင့် အထွက်ကောင်း စပါးမျိုး ရှစ်မျိုးကိုလည်းကောင်း၊ မျိုးစေ့ထုတ်အသိအမှတ်ပြု လက်မှတ်ရရှိရန် အစေ့ထုတ်ပြောင်းမျိုးသစ်ကိုးမျိုး၊ မျိုးစေ့ထုတ်အသိအမှတ်ပြုရန် ၁၁ မျိုးနှင့် ပြောင်းချိုမျိုးသစ် လေးမျိုး၊ ပြောင်းစေးမျိုးသစ် လေးမျိုးကိုလည်းကောင်း၊ မြေပဲမျိုးသစ်တစ်မျိုးတို့ကို လည်းကောင်း၊ ကြံသီးနှံမျိုးသစ်တစ်မျိုး၊ ချည်မျှင်ရှည်ဝါသီးနှံမျိုးသစ်တစ်မျိုး၊ ခရမ်းချဉ် မျိုးသစ် ၁၂ မျိုး၊ ခရမ်းသီးနှံမျိုးသစ်တစ်မျိုး၊ ငရုတ်မျိုးသစ်ငါးမျိုး၊ ရုံးပတီသီးနှံ မျိုးသစ်ခြောက်မျိုး၊ သခွားမျိုးသစ်တစ်မျိုး၊ တိုင်ထောင်ပဲမျိုးသစ် သုံးမျိုး၊ ဘူးသီးမျိုးသစ်တစ်မျိုး၊ ကြက်ဟင်းခါးမျိုးသစ်တစ်မျိုး၊ ခဝဲမျိုးသစ်တစ်မျိုးတို့ကို သတ်မှတ်ဆောင်ရွက်ကြကြောင်း သိရသည်။

**(သန်းဦး-လေးမျက်နှာ)**



# ဘုရားတောင်ပင်လယ်ဝ ကမ်းခြေအပန်းဖြေစခန်းသစ် တည်ဆောက်မည်

**ရေး ဇွန် ၁၄**

မွန်ပြည်နယ် ရေးမြို့နယ်၏ အထင်ကရ နေရာများဖြစ်သော ပင်လယ်ကမ်းခြေများအနက် ဘုရားတောင်ပင်လယ်ဝ ကမ်းခြေအပန်းဖြေစခန်းသစ် တည်ဆောက်ရေးအတွက် သက်ဆိုင်ရာဌာနများ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများတွင် ဇွန်လဒုတိယပတ်မှ စတင်၍ လျှောက်လွှာများ ထပ်မံခေါ်ပေးနေကြောင်း သိရသည်။

အဆိုပါ ပင်လယ်ကမ်းခြေကို အဆင့်မြင့် တည်ဆောက်နိုင်ရန်အတွက် ရေးမြို့နယ်စည်ပင်သာယာရေးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးဆုံးဖြတ်ချက်များအရ ကော်မတီမှ ဆောင်ရွက်လျက်ရှိသည့် ဘုရားတောင်ပင်လယ်ကမ်းခြေ၌ အဖွဲ့ပိုင်မြေပေါ်တွင် အပန်းဖြေတည်းခိုဆောင်များ ဆောက်လုပ်မှုလုပ်ငန်းအား ပုဂ္ဂလိကပိုင်မြေ အမည်ပေါက်စနစ်ဖြင့် ပုဂ္ဂလိကတစ်ဦးတည်းသို့ ခွင့်ပြုချထားပေးနိုင်ရေးအတွက် မြန်မာနိုင်ငံသား မည်သူမဆို မြို့နယ်စည်ပင်သာယာရေးကော်မတီရုံးသို့ ဇွန် ၂၀ ရက် ရုံးချိန်အထိနောက်ဆုံးထား၍ လျှောက်ထားနိုင်ကြောင်းနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီမှ ညှိနှိုင်းခွင့်ပြုမည့်တည်းခိုဆောင်များကို ညှိနှိုင်းကာ သတ်မှတ်ကာလအတွင်းပြီးစီးအောင် ဆောက်လုပ်ရမည်ဖြစ်ကြောင်း ဖိတ်ခေါ်ကြေညာထားသည်။

သတ်မှတ်ရက်အတွင်း လျှောက်ထားသူများ မြို့နယ်စည်ပင်သာယာရေးကော်မတီက ခေါ်ယူတွေ့ဆုံကာ ဒေသအတွင်း တင်ဒါအစီအစဉ်ရက်သတ်မှတ်၍ အပြီးသတ်ဖိတ်ခေါ် ရွေးချယ်တာဝန်ပေးမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်များအရ သိရသည်။ **ထွန်းထွန်း(ရေး)**

# လွတ်လပ်ပြီး တရားမျှတတဲ့ရွေးကောက်ပွဲဖြစ်စေရန် သတင်းစာတွေရဲ့ အခန်းကဏ္ဍသည် ရှေ့တန်းမှပါဝင်နေ

၂၀၁၅ ခုနှစ် အောက်တိုဘာလကုန်/ နိုဝင်ဘာလဆန်းတွင်ကျင်းပမည့် အထွေထွေရွေးကောက်ပွဲကြီးတွင် သတင်းမီဒီယာများအနေဖြင့် ပြည်သူများအတွက် အမှန်တကယ်အကျိုးပြုစေမည့် သတင်းအချက်အလက်များ စုဆောင်းရယူရေးသားဖော်ပြနိုင်ရန်ရည်ရွယ်၍ ရွေးကောက်ပွဲဆိုင်ရာ သတင်းစုဆောင်းရေးသားနည်း သင်တန်းကို အထက်မြန်မာပြည် သတင်းမီဒီယာများအား ဇွန် ၈ ရက်မှ ၁၂ ရက်အထိ မန္တလေးမြို့ Mandalay Journalism School (MJS)သင်တန်းခန်းမ၌ ဖွင့်လှစ်ပို့ချခဲ့သည်။ အဆိုပါသင်တန်းသို့ သင်တန်းသား ၁၅ ဦး တက်ရောက်ပြီး ရွေးကောက်ပွဲတွင်မီဒီယာ၏အခန်းကဏ္ဍနှင့်သင်တန်း၏သင်ကြားမှုများကို မေးမြန်းခဲ့ရာ-


မသက်သက်ညိမ်း


ကိုမျိုးမင်းဦး


မနှင်းရွှင်းပွင့်


ကိုစန်းယုကျော်


ဦးရဲနိုင်မိုး

**မသက်သက်ညိမ်း**
**(Mandalay-FM)**

၂၀၁၅ အထွေထွေရွေးကောက်ပွဲမှာ သတင်းထောက် တစ်ယောက်အနေနဲ့လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲဖြစ်အောင် တစ်ထောင့်တစ်နေရာကနေပါဝင်ချင်တဲ့အတွက်ရယ်၊ ကိုယ်တိုင်ကလည်း ရွေးကောက်ပွဲနဲ့ ပတ်သက်ပြီး စိတ်ဝင်စားတဲ့အတွက် တက်ရောက်တာဖြစ်ပါတယ်။ သင်တန်းပို့ချမှုအပိုင်းက စိတ်ဝင်စားဖို့ ကောင်းပါတယ်။

ကိုယ်တိုင်ပါဝင် ဆွေးနွေးပြီး လေ့ကျင့်ခန်းတွေ၊ ဝေဖန်သုံးသပ်ချက်တွေ လုပ်ရလို့ သတင်းတစ်ပုဒ်ကိုအကဲခတ်တဲ့ မျက်လုံးနဲ့ကြည့်တတ်လာသလို ကိုယ့်သတင်းမှာလည်း ဘယ်အရာလေးတွေထည့်ရင် နားထောင်သူ ပရိသတ်တွေ ပိုပြီးအကျိုးရှိမလဲဆိုတဲ့ မထင်မှတ်ထားတဲ့ထောင့်လေးတွေကို တွေ့မြင်လာရပါတယ်။ရွေးကောက်ပွဲသတင်း ရေးသားဖို့အတွက် အထောက်အကူများစွာ ဖြစ်စေတဲ့ သင်တန်းပါ။ နီးလျက်နဲ့ ဝေးနေတဲ့ သတင်းတွေကိုသိရှိလာတယ်။ အကြံပြုစရာမရှိအောင် အထောက်အကူဖြစ်စေတဲ့ သင်တန်းတစ်ခုဖြစ်ပါတယ်။

**ကိုမျိုးမင်းဦး**
**(7-days Daily)**

ရွေးကောက်ပွဲမှာ သတင်းမီဒီယာရဲ့ အခန်းကဏ္ဍအရေးပါတဲ့အတွက် သင်တန်း တက်ရောက်ခဲ့တာပါ။ ဒီသင်တန်းမှာ ရွေးကောက်ပွဲနဲ့ ပတ်သက်ပြီး ရွေးကောက်ပွဲကျင်းပရေးကော်မရှင်နဲ့ နိုင်ငံရေးပါတီတွေရဲ့အမြင်တွေ၊ ရွေးကောက်ပွဲမှာ မဲဆန္ဒရှင်တွေရဲ့ ဆန္ဒမဲတွေ အရေးပါပုံကို သိရှိခဲ့ရတဲ့ အကျိုးကျေးဇူးတွေရရှိခဲ့ပါတယ်။ သတင်းမီဒီယာသမားတိုင်း ရွေးကောက်ပွဲနဲ့ပတ်သက်ပြီး သတင်းတွေရေးသားကြတယ်။ ရွေးကောက်ပွဲကာလအတွင်းမှာ ရေးသားကြမယ့် သတင်းတွေအတွက် ကြိုတင်ပြင်ဆင်ခွင့်၊ ဆောင်ရန်၊ ရှောင်ရန်တွေ သတိထားရမယ့်အချက်တွေ သင်တန်းမှာ အတွေ့အကြုံ ရရှိပါတယ်။

**မနှင်းရွှင်းပွင့်**
**(မကွေးမြို့-မြေလတ်ဂျာနယ်)**

သင်တန်းတစ်ခါမှ မတက်ဖူးတာရယ်၊ ရွေးကောက်ပွဲနဲ့သက်ဆိုင်တဲ့ အသိပညာတွေသိရှိရင် ပြည်သူတွေအတွက် ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးမှုတွေ ပိုပြီးပြုလုပ်နိုင်တာကြောင့်ရယ်တက်ဖြစ်တာပါ။ သင်တန်းတက်ရောက်တဲ့အတွက် ရွေးကောက်ပွဲဆိုင်ရာဗဟုသုတနဲ့ သတင်းရေးနည်းတွေကို တိုးတက်စေတဲ့အကျိုးသက်ရောက်မှုရှိပါတယ်။

ရွေးကောက်ပွဲ သတင်းရေးသားဖို့အတွက် သင်တန်း မှာပို့ချတဲ့ပညာတွေကို အခြေခံပြီး ပြည်သူအတွက် သတင်းမီဒီယာတွေဟာ ဘယ်လိုအထောက်အကူပြုတယ်၊ ဘယ်လောက်အရေးပါတယ်၊ ဘယ်လိုလုပ်ကိုင်ရမယ်၊ ဘယ်လောက်ထိ လုပ်ပေးသင့်တယ်ဆိုတဲ့ ဗဟုသုတပညာ တွေရပါတယ်။ ဒီသင်တန်းက ကောင်းပါတယ်။ ထပ်မံပြုလုပ်သင့်ပါတယ်။

**မအေးမြတ်စိုးဇင်**
**(မန္တလေးအလင်း)**

ရွေးကောက်ပွဲဆိုတာ နိုင်ငံ့ကံကြမ္မာကို လူတစ်ယောက်ချင်းစီရဲ့ မဲတွေနဲ့ဆုံးဖြတ်ကြတဲ့ပွဲပါ။ အဲဒီလိုဆုံးဖြတ်ကြတဲ့ပွဲမှာ ဘယ်လိုစိန်ခေါ်မှုတွေ၊ အခက်အခဲတွေကို ကြုံတွေ့နိုင်မလဲ၊ ကြုံလာရင်ဘယ်လိုဖြေရှင်းကြမလဲဆိုတာတွေကို စိတ်ဝင်စားတဲ့အတွက် ဒီသင်တန်းကိုတက်ဖြစ်ခဲ့တာပါ။ သင်တန်းပို့ချမှု ကောင်းပါတယ်။ ရွေးကောက်ပွဲမှာ မီဒီယာဟာ ဘယ်လောက် အရေးပါသလဲ၊ ဒီရွေးကောက်ပွဲကို ပြည်သူလူထုစိတ်ဝင်စားအောင်၊ လွတ်လပ်ပြီး တရားမျှတတဲ့ရွေးကောက်ပွဲဖြစ်အောင် မီဒီယာတွေအနေနဲ့ မျက်ခြည်မပြတ်စောင့်ကြည့်ရမလဲဆိုတဲ့ သတိမျိုး ရှိလာပါတယ်။

**ကိုစန်းယုကျော် (တာဝန်ခံ)**
**(မန္တလေးသတင်းစာပညာကျောင်း)**

အထက်မြန်မာပြည်မှာ အတည်တကျဖွင့်လှစ်ခဲ့တဲ့ သင်တန်းကျောင်းတွေမရှိခဲ့တာ နှစ်ပေါင်းများစွာကြာခဲ့ပါပြီ။ ဒီသင်တန်းကျောင်းကို ၂၀၁၅ ခုနှစ် ဇန်နဝါရီ၁ရက်မှာ စဖွင့်ခဲ့ပြီး အထက်မြန်မာနိုင်ငံ အပါအဝင် မန္တလေးမှာရှိတဲ့ သတင်းထောက်တွေရဲ့လိုအပ်တဲ့သတင်းအတတ်ပညာတွေ ရရှိလာနိုင်စေဖို့ ရည်ရွယ်ဖွင့်လှစ်ခဲ့တာပါ။

အခုအကြိမ်နဲ့ဆို သင်တန်းသုံးကြိမ်ဖွင့်လှစ်ပေးခဲ့ပြီးပါပြီ။ အခုဖွင့်လှစ်တဲ့ သင်တန်းကတော့ ရွေးကောက်ပွဲ နဲ့ ပတ်သက်တဲ့ သတင်းရေးသားနိုင်စေဖို့ပါ။ မကြာခင်မှာ ကျင်းပမယ့် ၂၀၁၅ ရွေးကောက်ပွဲမှာ သတင်းအချက်အလက်တွေ မှန်မှန်ကန်ကန်နဲ့ပြည်သူတွေကို ရေးသားတင်ပြနိုင်အောင် စီစဉ်ပို့ချပေးတာပါ။ မန္တလေးအပါအဝင် အထက်မြန်မာပြည်မှာရှိတဲ့ သင်တန်းတက်လိုတဲ့ သတင်းထောက်တွေရဲ့ လျှောက်လွှာတွေ ကိုလက်ခံပြီး ပုဂ္ဂလိကသာမက နိုင်ငံပိုင်သတင်းထောက်တွေပါ တက်ရောက်နိုင်အောင် စိစစ်ရွေးချယ်ခဲ့တာပါ။ သင်တန်း တက်ရောက်သူတွေရဲ့ စိတ်ဝင်စားမှုကို စောင့်ကြည့်တဲ့အခါ မျှော်မှန်းထားတာထက် ပိုပြီးစိတ်ဝင်စားတာကိုတွေ့ရတဲ့အပြင် လာရောက်ကူညီ ဆွေးနွေးပေးကြတဲ့ ရွေးကောက်ပွဲကော်မရှင်နဲ့ နိုင်ငံရေးပါတီအဖွဲ့အစည်း အသီးသီးတွေကလည်း သတင်းအချက်အလက်တွေကို ကျွန်တော်တို့ထက်ပိုပြီး ပေးနိုင်ခဲ့တဲ့အတွက် လာမယ့်ရွေးကောက်ပွဲမှာ ဒီသင်တန်းကတစ်ဆင့် တိကျမှန်ကန်တဲ့သတင်းတွေကို ရေးသားပေးနိုင်တော့မှာဖြစ်ပါတယ်။ အထက်မြန်မာပြည် သတင်းထောက်တွေ အပြင် သတင်းစာဆရာတွေအတွက်သင်တန်းခေါင်းစဉ်တွေပြောင်းပြီး ဆက်တိုက်ဖွင့်လှစ်ပေးဖို့ စီစဉ်ထားပါတယ်။ လိုအပ်တဲ့ သတင်းအချက်အလက်တွေ ရှာဖွေနိုင်ဖို့စာကြည့်တိုက်လည်း ဖွင့်ထားပေးမှာပါ။ ဒီသင်တန်းကျောင်းဟာ အထက်မြန်မာပြည်နဲ့ အောက်မြန်မာပြည်သတင်းစာဆရာတွေဆုံစည်းရာနေရာ တစ်ခုဖြစ်စေဖို့အထိ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**ဦးရဲနိုင်မိုး**
**(သတင်းစာပညာရှင်၊သင်တန်းမှူး-ရန်ကုန်သတင်းစာပညာသင်တန်းကျောင်း)**

ကျွန်တော်တို့ ရန်ကုန်နဲ့မန္တလေး သတင်းစာပညာကျောင်းက ၂၀၁၅ ရွေးကောက်ပွဲနီးလာရင် သတင်းစာဆရာတွေအတွက် သင်တန်းဖွင့်လှစ်ပေးဖို့ အစကတည်းက ပြင်ဆင်ထားတာပါ။ အခုသတင်းလွတ်လပ်ခွင့် အထိုက်အလျောက် ရလာပေမယ့် နယ်ခံသတင်းစာဆရာတွေအတွက် အတတ်ပညာပိုင်းတွေ ပံ့ပိုးပေးတဲ့ သင်တန်းတွေက နည်းတယ်။

လူ့အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်ဖို့အတွက် သတင်းစာဆရာတွေက အတိကျဆုံး၊ အမှန်ကန်ဆုံး သတင်းပေးပို့မှုလိုအပ်တဲ့ အရေးကြီးတဲ့အချိန်မှာ နည်းပညာပိုင်းကျွမ်းကျင်မှုနဲ့ ရွေးကောက်ပွဲနဲ့ပတ်သက်ပြီး အသိပညာပိုင်းတွေ ပံ့ပိုးပေးချင်တဲ့အတွက် ဒီသင်တန်းကို လုပ်ဖြစ်တာပါ။ လက်ရှိ သတင်းထောက်အများစုက အသက်ငယ်တဲ့သူတွေ ဖြစ်နေပါတယ်။ ရွေးကောက်ပွဲ သတင်းရေးသားတဲ့ အတွေ့အကြုံ နည်းပါးတဲ့အပြင် မဲမထည့်ဖူးတဲ့သူတွေတောင် အများကြီးရှိပါတယ်။ ဒါကြောင့် ဒီသင်တန်းကနေ လွတ်လပ်ပြီးတရားမျှတတဲ့ ရွေးကောက်ပွဲကို ပံ့ပိုးပေးနိုင်မယ့် လိုအပ်တဲ့အရည်အသွေးတွေ အထိုက်အလျောက်ရနိုင်မယ်လို့ ထင်ပါတယ်။

ကျွန်တော်တို့တိုင်းဒေသကြီး/ ပြည်နယ်တော်တော်များများကို သင်တန်းတွေ သွားလုပ်တဲ့အခါ လူငယ်သတင်း ထောက်တွေရဲ့ တက်တက်ကြွကြွ နဲ့ သင်ယူလိုစိတ်တွေရှိနေတာကို သတိထားမိပါတယ်။ ငါးရက်သင်တန်းဆိုတာ အင်မတန်တိုတောင်းတဲ့အတွက် သတင်းစာပညာတစ်ခုကို အပြည့်အဝပေးနိုင်တဲ့ အချိန် လုံလောက်မှုတော့ မရှိပါဘူး။ ရွေးကောက်ပွဲနဲ့ ပတ်သက်ရင် တကယ်လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲဖြစ်ဖို့အတွက် သတင်းစာတွေရဲ့အခန်းကဏ္ဍဟာ ရှေ့တန်းကနေ ပါဝင်ပါတယ်။ ပြည်သူလူထုကသူတို့မှာ ရွေးချယ်ခွင့်ရှိတယ်ဆိုတာကို သတင်းမီဒီယာတွေက ပညာပေးနိုင်ဖို့ဟာ အရေးကြီးပါတယ်။ အခုဆိုရင် လည်း ကော်မရှင်ကနေ အခြေခံမဲစာရင်းတွေ ထုတ်ပြန်ပေးနေပြီဖြစ်တဲ့အတွက် သတင်းမီဒီယာသမားတွေက မဲဆန္ဒရှင်တွေတက်တက်ကြွကြွနဲ့ စိတ်ဝင်စားမှု ရှိလာစေဖို့အတွက် ဆောင်ရွက်နိုင်လိမ့်မယ်လို့မျှော်လင့်ပါတယ်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**

## ပခုက္ကူဦးအုံးဖေ ပညာရည်ချွန်ဆုရ ကျောင်းသား ကျောင်းသူများစာရင်း ထုတ်ပြန်

**ရန်ကုန် ဇွန် ၁၄**

ပညာရေးဝန်ကြီးဌာန ပခုက္ကူဦးအုံးဖေရန်ပုံငွေကြီးကြပ်ရေးကော်မတီသည် ၂၀၁၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး ၂၀၁၄-၂၀၁၅ ပညာသင်နှစ်၊ ပထမနှစ် (နေ့သင်တန်း) မြန်မာစာ အထူးပြုဖြင့် တက်ရောက်နေသူများအနက် တက္ကသိုလ်ဝင်စာမေးပွဲတွင် မြန်မာစာဘာသာရပ် အမှတ်အများဆုံးရရှိပြီး ပခုက္ကူဦးအုံးဖေပညာရည်ချွန်ဆုရသူ ကျောင်းသူလေးဦးနှင့် ဘာသာရပ်အလိုက် ပထမ၊ ဒုတိယ၊ တတိယ ရရှိကြသူများ စာရင်းကို ထုတ်ပြန်ကြေညာထားသည်။

မြန်မာစာအထူးပြုတက်ရောက်နေသူများမှ မြန်မာစာဘာသာရပ်၌ အမှတ်အများဆုံးရရှိ၍ ပခုက္ကူဦးအုံးဖေပညာရည်ချွန်ဆုရရှိကြသူများမှာ မအေးသီရိငြိမ်းစု (ဘ) ဦးဝင်းအောင် မန္တလေးတက္ကသိုလ် မန္တလေးတိုင်းဒေသကြီး၊ မလဲ့လဲ့ဝင့် (ဘ) ဦးလှထွန်း မန္တလေးတက္ကသိုလ် မန္တလေးတိုင်းဒေသကြီး၊ မဆုမြတ်စန္ဒီ (ဘ) ဦးသန့်ဇင် ရန်ကုန်တက္ကသိုလ် ရန်ကုန်တိုင်းဒေသကြီး၊ မမိသီရိထွန်း (ဘ) ဦးမြင့်ဦး ရန်ကုန်တက္ကသိုလ် ရန်ကုန်တိုင်းဒေသကြီးတို့ ဖြစ်သည်။

ဘာသာရပ်အလိုက် ပခုက္ကူဦးအုံးဖေပညာရည်ချွန်ဆု ရရှိကြသူများမှာ မြန်မာစာဘာသာရပ်တွင် ပထမဆု မမေမြတ်နိုး (ဘ) ဦးအောင်ခိုင် အထက (၁) ဒဂုံ ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆု မောင်အောင်မြတ်မင်း (ဘ) ဦးဗိုလ်မြင့် အထက (၄) မကွေး မကွေးတိုင်းဒေသကြီး၊ တတိယဆု မနှင်းယုဝါအောင် (ဘ) ဦးခင်မောင်ဌေး အထက (၆) ပုသိမ် ဧရာဝတီတိုင်းဒေသကြီး တို့ကလည်းကောင်း၊ အင်္ဂလိပ်စာဘာသာရပ်တွင် ပထမဆု မောင်ကောင်းထက်သူကျော် (ဘ) ဦးစိုင်းအောင်ကျော် အထက (၄) တောင်ကြီး ရှမ်းပြည်နယ်၊ ဒုတိယဆု မအိန္ဒြေဦး (ဘ) ဦးအုန်းမြင့်ဦး အထက (၁) မြစ်ကြီးနား ကချင်ပြည်နယ်၊ တတိယဆု မောင်ပိုင်ဇော်ဟိန်း (ဘ) ဦးကျော်ထွေး ပညာရေးတက္ကသိုလ်လေ့ကျင့်ရေး အထက်တန်းကျောင်း ရန်ကုန်တိုင်းဒေသကြီးတို့က လည်းကောင်း၊ သင်္ချာဘာသာရပ်တွင် ပထမဆု မအေးမြချမ်းသာ (ဘ) ဦးကျော်စိန်ထွန်း အထက (၂) လသာ ရန်ကုန်တိုင်းဒေသကြီးနှင့် မောင်ဝေလွင်ဦး (ဘ) ဦးလှမြင့် အထက (၆) ဗိုလ်တထောင် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆု မောင်ဝေဖြိုးဟိန်း (ဘ) ဦးဌေးလှိုင် အထက (၁) ဒဂုံ ရန်ကုန်တိုင်းဒေသကြီးနှင့် မောင်အောင်သီ (ဘ) ဦးသုခမိန်အုပ် ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးအထက်တန်းကျောင်း ရန်ကုန်တိုင်းဒေသကြီး၊ တတိယဆု မထက်ထက်လင်းမြတ် (ဘ)ဦးဘချစ် အထက(၂)လသာ ရန်ကုန်တိုင်းဒေသကြီးတို့က လည်းကောင်း၊ ဓာတုဗေဒ ဘာသာရပ်တွင် ပထမဆု မမေမြတ်နိုး (ဘ) ဦးအောင်ခိုင် အထက (၁) ဒဂုံ ရန်ကုန်တိုင်းဒေသကြီး၊ ရူပဗေဒဘာသာရပ်တွင် ပထမဆု မဥမ္မာလေး (ဘ) ဦးဖာစွမ်း CAE ကိုယ်ပိုင်အထက်တန်းကျောင်း မန္တလေးတိုင်းဒေသကြီး၊ ဇီဝဗေဒဘာသာရပ်တွင် ပထမဆု မသီရိထက်နိုင် (ဘ) ဦးမျိုးနိုင် ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးအထက်တန်းကျောင်း ရန်ကုန်တိုင်းဒေသကြီး၊ ပထဝီဝင်ဘာသာရပ်တွင် ပထမဆု မနှင်းယုနိုင် (ဘ) ဦးကျော်မင်းနိုင် အထကကြံခင်း ရွှေတောင်မြို့နယ် ပဲခူးတိုင်းဒေသကြီး၊ သမိုင်းဘာသာရပ်တွင် ပထမဆု နန့်မေမြတ်သူ (ဘ) မန်းဂေါ်ရီ အထက(မြို့မ) ကျုံပျော်မြို့နယ် ဧရာဝတီတိုင်းဒေသကြီး၊ ဘောဂဗေဒ ဘာသာရပ်တွင် ပထမဆု မနမ့်ထက်ထက်ထွန်း (ဘ) ဦးစအဲလ်ဘတ်အေးလှ အထက (၂) ဗန်းမော် ကချင်ပြည်နယ်တို့က လည်းကောင်း အသီးသီး ရရှိကြသည်။

ဆုချီးမြှင့်ပွဲကို ၂၀၁၅ ခုနှစ် ဇူလိုင် ၅ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိမြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ စတူဒီယိုခန်းမ (A) ၌ ကျင်းပမည်ဖြစ်ရာ ဆုရရှိသူများသည် စာတည်းမှူးချုပ် စာပေဗိမာန် အမှတ် (၅၂၉-၅၃၁)၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့ ၀၁-၃၈၇၇၂၄ နှင့် စီမံရေးရာဌာန ၀၁-၃၈၁၄၄၉ သို့ အမြန်ဆုံး ဆက်သွယ်ကြရန် နှိုးဆော်ထားသည်။ **(သတင်းစဉ်)**

## မြန်မာနိုင်ငံစာရေးဆရာအသင်း ပညာရည်ချွန်ဆုချီးမြှင့်မည်

**ရန်ကုန် ဇွန် ၁၄**

၂၀၁၄-၂၀၁၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ကြသော မြန်မာနိုင်ငံစာရေးဆရာအသင်းဝင်များ၏ သားသမီး ကျောင်းသားကျောင်းသူများကို မြန်မာနိုင်ငံစာရေးဆရာအသင်းက စတုတ္ထအကြိမ် ပညာရည်ချွန်ဆုချီးမြှင့်မည်ဖြစ်ရာ တစ်ဘာသာနှင့်အထက် ဂုဏ်ထူးရရှိခဲ့ကြသည့် ကျောင်းသား ကျောင်းသူများ၏ အသင်းဝင်ဖခင်(သို့မဟုတ်) မိခင်အနေဖြင့် ဂုဏ်ထူးရရှိသည့် အထောက်အထား၊ သက်ဆိုင်ရာ ကျောင်းအုပ်ကြီး၏ ထောက်ခံချက်မူရင်း (သို့မဟုတ်) အမှတ်စာရင်းမိတ္တူ၊ အသင်းဝင်ဖခင် (သို့မဟုတ်) မိခင်၏ မြန်မာနိုင်ငံစာရေးဆရာအသင်းဝင် ကတ်ပြားမိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာနှင့် ဖုန်းနံပါတ်၊ ဂုဏ်ထူးရကျောင်းသားကျောင်းသူ၏ (၄"×၆")ဓာတ်ပုံနှင့် ကိုယ်ရေးအကျဉ်း၊ သက်ဆိုင်ရာ မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ (သို့မဟုတ်) အတွင်းရေးမှူး၏ မှန်ကန်ကြောင်း ထောက်ခံချက်တို့နှင့် အတူ ဩဂုတ် ၂၈ ရက်နောက်ဆုံးထား၍ မြန်မာနိုင်ငံစာရေးဆရာအသင်း အမှတ်(၁၇၃/၁၇၅) (၇)လွှာ ပန်းဆိုးတန်းလမ်း (အလယ်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့သို့ လျှောက်ထားပေးပို့ရမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဗိုလ်လုပွဲသို့တက်ရောက်ခဲ့သည့် မြန်မာယူ – ၂၃ ဘောလုံးအသင်းအား မြို့တော်ခန်းမရှေ့ရှိ LED ဘုတ်မှတစ်ဆင့် သွားရောက်အားပေးမည့် အနုပညာရှင်များ

ဇွန် ၁၅ရက်(တနင်္လာ)တွင် ထိုင်းအသင်းနှင့်ယှဉ်ပြိုင်ကစားမည့် ဗိုလ်လုပွဲကိုရန်ကုန်မြို့လယ်ကောင် ဆူးလေဘုရားအနီး မဟာဗန္ဓုလပန်းခြံရှေ့ရှိ LED ဘုတ်မှတစ်ဆင့် သွားရောက်အားပေးမည့်အနုပညာရှင်များ၏ မြန်မာယူ-၂၃ ကစားသမားများနှင့်ပတ်သက်၍ ဆုတောင်းအားပေးစကားသံများကို မေးမြန်းခဲ့ရာ-

## ဘောလုံးခန့်မှန်းချက်ပေးရာတွင် နာမည်ကြီးနေသည့် ပိုင်ဇေရဲထွန်း



"မဟာဗန္ဓုလပန်းခြံရှေ့က LED ဘုတ်မှာ ဗိုလ်လုပွဲကို သွားပြီး ကြည့်ဖြစ်မှာပါ။ အစကတော့ ဗိုလ်လုပွဲကို သူငယ်ချင်းတွေနဲ့အတူ စင်ကာပူထိသွား အားပေးကြမလို့ပဲ။ လက်မှတ်မရလို့ အခုဒီမှာပဲ အကောင်းဆုံး အားပေးသွားမှာပါ။ တစ်နိုင်ငံလုံး မျှော်လင့်တောင့်တရတဲ့ ဖလားကို အကောင်းဆုံးကြိုးစားပြီး အရယူပေးနိုင်ခဲ့မယ်ဆိုရင်တော့ အတိုင်းမသိအောင်ဝမ်းသာပီတိဖြစ်ရမှာပါ"။

## အားပေးဖို့ဝတ်စုံရှာနေတဲ့ သရုပ်ဆောင်စည်သူမောင်



"စင်ကာပူကိုသွားပြီး အားပေးချင်တာ။ လက်မှတ်ဝယ်မရဖြစ်နေတယ်။ LED ဘုတ်ရှေ့မှာပဲ အားပေးတော့မယ်လို့ စိတ်ကူးထားတယ်။

မြို့တော်ခန်းမရှေ့မှာ အလောင်းမင်းတရားဝတ်စုံဝတ်ပြီး အားရပါးရအားပေးဖို့ ဝတ်စုံကိုလည်းရှာခိုင်းနေပါတယ်။ မြန်မာဘောလုံးအသင်း အောင်ပွဲရပြီး ပြန်လာနိုင်ဖို့ဆုတောင်းလိုက်ပါတယ်"။

## သရုပ်ဆောင်အဆိုတော် နန်းမြတ်ဖြိုးသင်း



"ဆီမီးဖိုင်နယ်မှာတုန်းက LED ဘုတ်ရှေ့မှာ သွားပြီးကြည့်မလို့ အကြောင်းအမျိုးမျိုးကြောင့် သွားမကြည့်ဖြစ်လိုက်ဘူး။ သူငယ်ချင်းတွေနဲ့ပဲ အိမ်မှာစုပြီး ကြည့်လိုက်ရတယ်။ဖိုင်နယ်ပွဲမှာတော့ မဖြစ်မနေသွားကြည့်ဖြစ်မှာ။ လူအများကြီးစုပြီး အားပေးရတော့ ပိုပျော်စရာကောင်းတယ်။ နန်းမြတ်အနေနဲ့ကတော့ မြန်မာယူ-၂၃ ဖလားရသည် ဖြစ်စေ၊ မရသည်ဖြစ်စေ အားပေးသွားမှာပါ။ ဖိုင်နယ်အထိ တက်လှမ်းနိုင်ခဲ့တဲ့အတွက် နည်းပြတွေရော အားကစား သမားတွေပါ ကျေးဇူးတင်တယ်။ ဥက္ကဋ္ဌ ဦးဇော်ဇော်ကိုလည်း လေးစားတယ်။ ပြီးတော့ ၅၁ သန်းသော မြန်မာပြည်သူ ပြည်သားတွေရဲ့ အိပ်မက်တွေကို အသက်သွင်းပေးနိုင်ခဲ့တဲ့အတွက် ဂုဏ်ယူဝမ်းသာဖြစ်မိပါတယ်"။

## Media7 မှ မန်နေဂျင်းဒါရိုက်တာ ကိုဝင်းမင်းမောင်



"ဗိုလ်လုပွဲကိုတက်ရောက်မယ့် မြန်မာအသင်းအတွက် ကျွန်တော်တို့Media7 အနေနဲ့ ၁၅ ရက် ညနေ ၅ နာရီကစပြီး မြို့တော်ခန်းမရှေ့မှာ အိုးစည်၊ ဒိုးပတ်အဖွဲ့ တစ်ဖွဲ့ရယ်၊ ဘင်ခရာအဖွဲ့ တစ်ဖွဲ့ကို အားဖြည့်ဖို့ ခေါ်ထားပါတယ်။ တကယ်လို့ မြန်မာတွေ ဆုဖလားရယူနိုင်မယ်ဆိုရင် အောင်ပွဲခံဖို့ ရှေးမှုန်တွေကြဲဖို့လည်း အသင့်လုပ်ထားပေးပါတယ်။ လာရောက်အားပေးတဲ့သူတွေကို Ve Ve အချိုရည်တိုက်ပါမယ်။ မြန်မာဘောလုံးအသင်းဂျာစီအထည် ၂၀၀၀ ကိုလည်း မဲဖောက်ပြီး လက်ဆောင်ပေးဖို့အစီအစဉ်ရှိပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ မြန်မာလူမျိုးတွေအဖို့ မမြင်တွေ့ရတာကြာပြီဖြစ်တဲ့ အရှေ့တောင်အာရှအားကစားပြိုင်ပွဲမှာ မြန်မာလူမျိုးတွေအောင်ပွဲရစေချင်တယ်။ ဘောလုံးအားကစားမှာ အနိုင်ရလိုက်ခြင်းဖြင့် ကျန်တဲ့စီးပွားရေး၊ ပညာရေးကဏ္ဍတွေမှာလည်း အောင်မြင်လိုက်သလိုပါပဲ။ နိုင်ငံသူ၊ နိုင်ငံသားတွေ အမောပြေစေဖို့ ဆုဖလားကို အရယူနိုင်ဖို့ မျှော်လင့်ထားပါတယ်"။

စင်ကာပူနိုင်ငံတွင် ကျင်းပလျက်ရှိသည့် (၂၈) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဘောလုံးပြိုင်ပွဲကို အားပေးမည့် ဘောလုံးချစ်ပရိသတ်များ ပျော်ပျော်ပါးပါးအားပါးတရ ကြည့်ရှုအားပေးနိုင်ရန် Media 7 က အသံပိုင်းနှင့် စက်ပိုင်းဆိုင်ရာအပြင်အဆင်အပြင် နာမည်ကျော်အနုပညာရှင်များဖြစ်သည့် ထွန်းထွန်း၊ ArT၊ ဂျောက်ဂျက်၊ သိန်းလင်းစိုး၊ ဇာနည်၊ အစ္စဏီ၊ ခင်ဝင့်ဝါ၊ နန်းမြတ်ဖြိုးသင်း၊ ချာချာ၊ ထိုက်ထိုက်၊ ဆုမြတ်နိုးကျော် တို့ကလည်း မဲဖောက်ပေးမည့် အစီအစဉ်များရှိပြီး ဘောလုံးခန့်မှန်းချက်များဖြင့် နာမည်ကြီးနေသည့် ထွန်းနေစိုးနှင့် ပိုင်ဇေရဲထွန်းတို့ကလည်း ဂျာစီများ၊ အအေးဘူးများပေးဝေသွားမည်ဖြစ်သည်။

ဇွန်၁၃ ရက်(စနေနေ့)က မြန်မာအသင်းနှင့် ဗီယက်နမ်အသင်းတို့၏အကြိုဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားခဲ့ပုံကို မဟာဗန္ဓုလပန်းခြံရှေ့တွင် Media 7 ၏ အစီအစဉ်ဖြင့် LED ဘုတ်မှတစ်ဆင့်ပြသပေးခဲ့ရာ လာရောက်ကြည့်ရှုသူဦးရေ (ပန်းခြံအတွင်း၊ အပြင်အပါအဝင်) စုစုပေါင်း ရှစ်သောင်းနှင့်တစ်သိန်းဝန်းကျင်ခန့်ပင်ရှိကြောင်းသိရသည်။

**ပန်းသော်တာ**

## တေလာဆွစ်ကိုကျော်တက်သွားတဲ့ ကတ်တီပယ်ရီ



အင်္ဂါနေ့တွင် ထုတ်ပြန်ခဲ့သော Youtube ရှိ ဗီဒီယိုဝက်ဘ်ဆိုက်၏ သတင်းအချက်အလက်များအရ အမေရိကန် ပေါ့ပ်အဆိုတော် ကတ်တီပယ်ရီ၏ "Dark Horse" သီချင်းသည် ကြည့်ရှုသူ တတိယအများဆုံးနေရာတွင် ရောက်ရှိခဲ့ပြီး အဆိုတော် တေလာဆွစ်၏ "Blank Space" သီချင်းမှာမူ ပဥ္စမမြောက်အများဆုံးနေရာတွင်သာ ရှိခဲ့သည်။

ကတ်တီပယ်ရီ၏ အဆိုပါသီချင်းသည် ကြည့်ရှုသူ သန်း ၉၀၀ ကျော်ရှိ ခဲ့ပြီး အမျိုးသမီးအဆိုတော်များထဲတွင် ကြည့်ရှုသူအများဆုံး ရရှိခဲ့သော အဆိုတော်လည်းဖြစ်သည်။

ဂျက်စတင်ဘီဘာ၏ "Baby" သီချင်းသည် ကြည့်ရှုသူ ၁ ဒသမ ၂ ဘီလီယံဖြင့် ဒုတိယနေရာတွင် ရှိနေခဲ့ပြီး Psy ၏ "Gangnam Style" သီချင်းသည် ၂ ဒသမ ၃ ဘီလီယံဖြင့် ထိပ်ဆုံးတွင်ရပ်တည်နေခဲ့သည်။

ထို့ပြင် ကတ်တီပယ်ရီ၏ "Roar" သီချင်းသည် စတုတ္ထနေရာတွင် ရှိနေခဲ့ကာ တေလာဆွစ်၏ "Blank Space"မှာမူ ၉၂၃ သန်း ဖြင့် ကြည့်ရှုသူ ပဥ္စမအများဆုံးနေရာ တွင် ရှိနေခဲ့သည်။

**အေးပြည့်**

## ရုပ်မြင်သံကြားအစီအစဉ်များ

၁၅ - ၆ - ၂၀၁၅ (တနင်္လာနေ့)

### မြဝတီ

| | |
|---|---|
| ၆း၀၃ | တရားတော် |
| ၆း၁၆ | မေတ္တာပို့ |
| ၆း၂၀ | ခမ္မပူဇာတေး |
| ၆း၂၅ | ကိုယ်လက်လှုပ်ရှားအားကစား |
| ၈း၀၅ | VOA အင်္ဂလိပ်စာသင်ခန်းစာ |
| ၈း၁၅ | ရွှေပေါင်းသုတ |
| ၈း၂၀ | DVD Hits |
| ၈း၃၅ | ဟန်ချက်ညီညီ နိုင်ငံတော်သစ်ဆီ |
| ၉း၁၀ | သူနှင့်သူ၏သီချင်းများ |
| ၄း၂၀ | စိုက်ပျိုးသုတ |
| ၄း၃၀ | ရင်မှာစွဲလမ်းတော်ဝင်ပန်း |
| ၄း၃၅ | ဇာတ်လမ်းတို |
| ၅း၂၂ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ဂန္ထဝင်မြောက်အမုန်း အပိုင်း(၂၈) |
| ၆း၂၀ | သံစဉ်လမ်းကလင်းလက်ကြယ် |
| ၇း၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ဆူးခင်းလမ်းရဲ့ချစ်ပန်းနှင်းဆီ အပိုင်း(၄၇) -ကြယ်ကလေးတို့ရဲ့ ဂီတမိုးကောင်းကင် - မေးမြန်းစူးစမ်း - ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် - ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - မှော်ဝင်စီးချင်း အပိုင်း(၁၅) |

### MRTV - 4

| | |
|---|---|
| ၅း၀၀ | ပဌာန်းပါဠိတော်၊ အာဋ္ဌာနာဋိယသုတ် |
| ၉း၀၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိုအေစစ်ကမ္ဘာလေး" (အပိုင်း-၉၉) |
| ၉း၄၀ | အနုပညာမိုးကောင်းကင် |
| ၁၀း၀၅ | ခေတ်သစ်ပျိုမေ |
| ၁၀း၅၀ | ကျားခင်စိန်နှင့်တွေ့ဆုံခြင်း |
| ၁၁း၀၀ | သွားမယ်စားမယ် (ရှမ်းရိုးရာစားသောက်ဆိုင်) |
| ၁၁း၂၅ | Forever Music Tribute လပြည့်ဝန်းသို့တမ်းချင်းည [ကိုနေဝင်းမဖွဲ့မလှိုင်း နှစ် (၃၀)ခရီး] (အပိုင်း-၄) |
| ၁၁း၅၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ရာဇဝင်ထဲကရင်ခုန်သံ" (အပိုင်း-၂၈) |
| ၁၂း၄၀ | ထိုင်းနိုင်ငံမှ တန်ခိုးကြီးမားဘုရားစေတီပုထိုးများ |
| ၁း၀၀ | "သတိပဌာန်းတရား- အမှတ်(၃)"တရားတော် (သီတဂူဆရာတော် ဒေါက်တာဘဒ္ဒန္တဉာဏိဿရ |
| ၂း၂၀ | မြန်မာရုပ်သံဇာတ်လမ်းတွဲ "ဟာသကျေးရွာ" (ဂေါ်ဂမုန်း) |
| ၃း၀၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လေဟုန်စီးတဲ့ပန်းလိပ်ပြာ" (အပိုင်း-၄၁) |
| ၆း၁၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လေဟုန်စီးတဲ့ပန်းလိပ်ပြာ" (အပိုင်း-၄၂) |
| ၇း၁၅ | မြန်မာရုပ်သံဇာတ်လမ်းတွဲ "ဟာသကျေးရွာ" (ပီယဆေး) |
| ၉း၀၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိုအေစစ်ကမ္ဘာလေး" (အပိုင်း-၁၀၀) |
| ၉း၅၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ရာဇဝင်ထဲက ရင်ခုန်သံ" (အပိုင်း-၂၉) |
| ၄း၁၀ | World Of Knowledge (Curise Ship Diaries : Inspector On Board) |

### mitv

- Live: 28th SEA Games Football Final Competition
- Sagaing: Gold Leaf
- School For the Blind (Kyee Myin Dine)
- Wet Markets in Yangon: Shwe Pa Dauk Fish Market
- Lawka Nandar Wildlife Sanctuary And Its Rare Star Tortoises
- "Myanmar's Traditions and Culture" Novicehood in Myanmar
- Products Of Myanmar - Bomboo Hat
- Youth Of The Future (EP-2) (Harryko)
- Sightseeing in Yangon: Inya Lake
- Entrepreneur: Dr Thin Nwe Win
- Sitagu International Buddhist Academy (Part-2)
- Ngapali Beach: Fishing Villages
- Distinguished Myanmar Ladies "Tin Moe Lwin"
- Orchidologist Dr. Saw Lwin
- Ancient Pagodas In Myaing Township
- Thread Charm "A Kayin Threading Ceremony"
- A bike ride in pursuit of Mural Art (Episode-2)
- Thin Byu Mat
- Kayah Style
- Paper Products... Plain but Pretty
- A Girl Guide

SINGAPORE 2015 28th SEA GAMES

# (၂၈) ကြိမ်မြောက် စင်ကာပူ ဆီးဂိမ်းပုံရိပ်များ

## ချန်ပီယံဆုကို မြန်မာဆွတ်ခူးနိုင်မည်ဟု ဦးကြည်လွင် ယုံကြည်



မြန်မာနည်းပြချုပ် ဦးကြည်လွင်က မြန်မာအသင်းအနေဖြင့် ချန်ပီယံဆုကို ရယူရန်ခက်ခဲမည်ဖြစ်သော်လည်း အရယူနိုင်မည်ဟု ယုံကြည်ကြောင်း ဆိုသည်။

ဦးကြည်လွင်က "ကျွန်တော်တို့ ချန်ပီယံဆုရရှိဖို့ တဖြည်းဖြည်း နီးကပ်လာပါပြီ။ ဒီအတွက် အချိန်တွေအကြာကြီး စောင့်ဆိုင်းခဲ့ရတယ်။ ကျွန်တော်တို့အသင်း ချန်ပီယံဖြစ်နိုင်တယ်လို့ ယုံကြည်ထားပါတယ်။ နည်းပြဘဝမှာ ထိုင်းအသင်းကို ပြန်ကလဲ့စားချေဖို့ ကြိုးစားမှာပါ။ ထိုင်းအသင်းရဲ့ အားနည်းချက်၊ အားသာချက်တွေကိုသိပေမယ့် လောလောဆယ် ကိုယ့်အသင်းရဲ့ အားသာချက်၊အားနည်းချက်နဲ့ နည်းစနစ်ကိုပဲ ပိုစိတ်ဝင်စားတယ်" ဟု ထိုင်းအသင်းနှင့် ဗိုလ်လုပွဲအကြိုသတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

သို့သော် မြန်မာအသင်းနှင့် ဗိုလ်လုပွဲတွင်တွေ့ဆုံရမည့်အသင်းမှာ ဆီးဂိမ်းဘောလုံးလောက၏ အစဉ်အလာအကြီးမားဆုံး လက်ရှိချန်ပီယံ ထိုင်းအသင်းဖြစ်နေရာ မြန်မာပရိသတ်များမှာ ချန်ပီယံအိပ်မက်အတွက် မချင့်မရဲဖြစ်နေကြသည်။

အစောပိုင်းကာလ၌ ဦးကြည်လွင်ကပင် မြန်မာအသင်းမှာ အရာရာကို ပြောင်းလဲနိုင်စွမ်းရှိသည့် ကစားသမားများပါဝင်နေရာ မည်သည့်အသင်းကိုမဆို အနိုင်ယူနိုင်စွမ်းရှိသည်ဟု ဆိုခဲ့သေးသည်။ လက်ရှိအနေအထားတွင်လည်း မြန်မာအသင်းမှာ မိမိထက် ကစားသမားအင်အားသာလွန်သော ဗီယက်နမ်အသင်းအား ဗျူဟာမြောက်ကစားကွက်ဖြင့် မိနစ် ၉၀ အတွင်း အနိုင်ရရှိအောင် စွမ်းဆောင်ထားနိုင်ခဲ့သည်။

## ထိုင်းတို့၏ရွှေအိပ်မက် ခက်ခဲမည်ဟု စင်ကာပူမီဒီယာများသုံးသပ်

ဇွန် ၁၅ ရက်တွင် ယှဉ်ပြိုင်ကစားမည့် မြန်မာအသင်းနှင့် လက်ရှိချန်ပီယံ ထိုင်းတို့၏ဗိုလ်လုပွဲ ပွဲစဉ်တွင် ထိုင်းအသင်းအနေဖြင့် မြန်မာအား မိနစ် ၉၀ အတွင်း အနိုင်ယူရန်ခက်ခဲမည်ဟု စင်ကာပူမီဒီယာများက သုံးသပ်ရေးသားကြသည်။ ထိုင်းအသင်း၏လက်ရှိ ကစားပုံမှာ အပြစ်ပြောစရာမရှိအောင် ကောင်းမွန်နေပြီး အကြိုဗိုလ်လုပွဲတွင် အင်ဒိုနီးရှားအသင်းအား ငါးဂိုး-ဂိုးမရှိဖြင့် ပြတ်ပြတ်သားသား အနိုင်ရရှိခဲ့သည်။

သို့သော် မြန်မာအသင်းမှာ တိုက်စစ်ကစားပုံ သေသပ်သော ဗီယက်နမ်ကို ခံစစ်အသားပေးဗျူဟာ ခင်းကျင်း၍ မိနစ် ၉၀ အတွင်း အနိုင်ရအောင် စွမ်းဆောင်နိုင်ခဲ့ရာ မြန်မာအသင်းကို လျှော့မတွက်သင့်ကြောင်း ရေးသားထားသည်။ မြန်မာအသင်း၏တန်ပြန်တိုက်စစ်ကို ထိုင်းအနေဖြင့် သတိထားရမည်ဖြစ်ပြီး မြန်မာအသင်းမှာ အခွင့်အရေးရလျှင် ရသလို ဂိုးအဖြစ်ပြောင်းလဲနိုင်သော ကစားသမားများပိုင်ဆိုင်ထားသည့် အသင်းဖြစ်သည်ဟုလည်း ဖော်ပြထားသည်။

ဆက်လက်၍ မြန်မာအသင်း အသင်းခေါင်းဆောင် နေလင်းထွန်းမှာ ယခုနှစ်ဆီးဂိမ်းပြိုင်ပွဲတွင် အလွတ်တည်ကန်ဘောကန်သွင်းယူမှုနှင့် အဝေးကန်ချက်များတွင် ကောင်းမွန်ပြီး ထိုမှတစ်ဆင့် ဂိုးသွင်းယူနိုင်သည့် ကစားသမားတစ်ဦးလည်း ဖြစ်သည်ဟု ရေးသားထားသည်။



ဇွန် ၁၃ ရက်က အင်ဒိုနီးရှားနှင့် ထိုင်းအသင်းတို့ အကြိုဗိုလ်လုပွဲတွင် တွေ့ဆုံခဲ့ကြစဉ်။

**၂၀၁၅ စင်ကာပူဆီးဂိမ်းပြိုင်ပွဲ နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှု**

| စဉ် | နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | ထိုင်း | ၈၇ | ၈၃ | ၆၄ | ၂၃၄ |
| ၂ | စင်ကာပူ | ၈၂ | ၇၂ | ၉၈ | ၂၅၂ |
| ၃ | ဗီယက်နမ် | ၇၃ | ၅၁ | ၅၆ | ၁၈၀ |
| ၄ | မလေးရှား | ၅၉ | ၅၃ | ၆၅ | ၁၇၇ |
| ၅ | အင်ဒိုနီးရှား | ၄၅ | ၅၅ | ၆၉ | ၁၆၉ |
| ၆ | ဖိလစ်ပိုင် | ၂၈ | ၃၅ | ၆၄ | ၁၂၇ |
| ၇ | မြန်မာ | ၁၁ | ၂၄ | ၃၀ | ၆၅ |
| ၈ | ကမ္ဘောဒီးယား | ၁ | ၅ | ၈ | ၁၄ |
| ၉ | လာအို | ၀ | ၄ | ၂၁ | ၂၅ |
| ၁၀ | ဘရူနိုင်း | ၀ | ၁ | ၆ | ၇ |
| ၁၁ | တီမော | ၀ | ၁ | ၁ | ၂ |

## အားလုံးကိုပျော်ရွှင်အောင် နောက်တစ်ကြိမ်စွမ်းဆောင်ပြဦးမယ့် မြန်မာဘောလုံးအသင်းခေါင်းဆောင် နေလင်းထွန်း

ဇွန် ၁၄ ရက်ကပြုလုပ်သော ထိုင်းအသင်းနှင့် ဗိုလ်လုပွဲ အကြိုသတင်းစာရှင်းလင်းပွဲတွင် မြန်မာအသင်းခေါင်းဆောင် နေလင်းထွန်းက ဗိုလ်လုပွဲတွင် ဗီယက်နမ်နှင့် ပွဲကဲ့သို့ အများအံ့သြသွားအောင် မထင်မှတ်သည်များကို ထပ်မံလုပ်ဆောင်ပြကာ မြန်မာနိုင်ငံသားများအားလုံးပျော်ရွှင်အောင် စွမ်းဆောင်ပြမည်ဟု ဆိုသည်။

ထို့ပြင် နေလင်းထွန်းက ထိုင်းအသင်းမှာ အသင်းကောင်းတစ်သင်းဖြစ်သည်မှန်သော်လည်း မည်သူတစ်ဦးတစ်ယောက်ကိုမျှ မြန်မာအသင်းအတွက် အန္တရာယ်ရှိသော ကစားသမားဟု မမြင်မိကြောင်း ထိုင်းမီဒီယာများ၏ မေးမြန်းချက်ကို ပြန်လည်ဖြေကြားခဲ့သည်။

နေလင်းထွန်းသည် မြန်မာအသင်းနှင့် ဗီယက်နမ်အသင်းတို့ တစ်ဖက်တစ်ဂိုးစီသရေကျနေချိန်တွင် ဘီးကုပ်ဧရိယာအစပ်မှနေ၍ အဝေးကန်ချက်ဖြင့် အနိုင်ဂိုးသွင်းယူပေးခဲ့ကာ မြန်မာအသင်းကို ဗိုလ်လုပွဲသို့ ရောက်ရှိအောင် စွမ်းဆောင်ပေးခဲ့သူဖြစ်သည်။



မေလဲ့သင်း – စုစည်းသည်။

## မြန်မာဂိုးသမားကောင်းလွန်း၍ ဗီယက်နမ်အသင်း မထင်မှတ်ဘဲဗိုလ်လုပွဲနှင့်လွဲချော်ဟု ဗီယက်နမ်မီဒီယာများဖော်ပြ

ဇွန် ၁၃ ရက်က ယှဉ်ပြိုင်ကစားခဲ့သော မြန်မာနှင့် ဗီယက်နမ်အသင်းတို့၏ အကြိုဗိုလ်လုပွဲ ပွဲစဉ်တွင် မြန်မာက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းမှာ မြန်မာဂိုးသမားကျော်ဇင်ဖြိုးကောင်းလွန်း၍သာဖြစ်သည်ဟု ဗီယက်နမ်မီဒီယာများက ရေးသားကြသည်။

ဗီယက်နမ်အသင်းမှာ ပွဲအစမှ အဆုံး ကစားကွက်အသာဖြင့် ကစားနိုင်ခဲ့ပြီး မြန်မာအသင်းမှာ တန်ပြန်တိုက်စစ်ကိုသာ အားပြုကစားနေခဲ့သော်လည်း အဆိုပါနည်းဗျူဟာမှာ ထိရောက်ခဲ့ကာ ဗီယက်နမ်နောက်တန်းအား အလုပ်ရှုပ်စေခဲ့သည်ဟုလည်း ဆက်လက်ရေးသားထားသည်။ ယခုပွဲ၏ အဓိကအဆုံးအဖြတ်မှာ မြန်မာဂိုးသမားကျော်ဇင်ဖြိုးဖြစ်ခဲ့ပြီး ဗီယက်နမ်၏သေချာပေါက်ဂိုးရနိုင်မည့်အခွင့်အရေး အနည်းဆုံးငါးကြိမ်ခန့်ကို အနာခံ၍ ကာကွယ်ပေးခဲ့သည်ဟုလည်း ဖော်ပြထားသည်။

ဗီယက်နမ်နည်းပြ တိုရှီယာမီယူရာက "ပင်နယ်တီရခဲ့တာက မြန်မာအသင်းကို ကံကောင်းသွားစေခဲ့တာပါ။ ကျွန်တော်တို့ သေချာပေါက်ဂိုးရမယ့်အခွင့်အရေး ငါးကြိမ်လောက် ဖန်တီးနိုင်ခဲ့ပြီး သူတို့အသင်းကို သုံးဂိုးပြတ်လောက်နဲ့ အနိုင်ရခဲ့သင့်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်တို့အသင်းက သူတို့ထက်ပိုပြီးကောင်းအောင် ကစားနိုင်တယ်ဆိုတာ အားလုံးအမြင်ပဲလေ" ဟု ဆိုခဲ့သည်။

မြန်မာအသင်းကို အင်ဒိုနီးရှားနှင့် တွေ့ဆုံစဉ်ကကဲ့သို့ပင် တိုက်စစ်ဆင်ကစားမည်ဟု အများက မျှော်လင့်ထားသော်လည်း မြန်မာနည်းပြချုပ်ဦးကြည်လွင်က မထင်မှတ်သည့် ကစားကွက်ကို အသုံးပြုကာ ဗီယက်နမ်တို့၏ အသည်းကို ခွဲခဲ့သည်ဟုလည်း ဂျကာတာပို့စ်က ရေးသားထားသည်။



# တာချီလိတ်၌ မီးလောင်မှုဖြစ်ပွား

**တာချီလိတ် ဇွန် ၁၄**

တာချီလိတ်မြို့ ဝမ်ကောင်းရပ်ကွက် ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ ဒေါ်နန်းစံနွန်းဖွင့်လှစ်ထားသည့် အလျား ပေ ၃၀၊ အနံ ပေ ၂၀ ရှိ အုတ်ကြွတ်မိုး၊ သွပ်ကာ နှစ်ထပ်ဆိုင်ခန်းတွင် ဇွန် ၁၄ ရက် မွန်းတည့်က လျှပ်စစ်မိန်းခလုတ်ခုံ အပူလွန်ကဲရာမှတစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့သည်။

မီးလောင်မှုဖြစ်ပွားရာသို့ တာချီလိတ်တပ်နယ်မှ ဗိုလ်မှူးကြီး ဇော်မင်းထွန်းဦးဆောင်သည့် တပ်မတော်သားများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးဦးထွန်းထွန်းဝင်းနှင့် တာဝန်ရှိသူများ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးအောင်ကျော်နိုင် ဦးဆောင်သည့် သန္နေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်သူများ ဝိုင်းဝန်းငြိမ်းသတ်ရာ မွန်းလွဲ ၁၂ နာရီ မိနစ် ၄၀ ခန့်တွင် မီးထိန်းနိုင်ပြီး ၁၂ နာရီ မိနစ် ၅၀ တွင် မီးလုံးဝငြိမ်းသတ်နိုင်ခဲ့သည်။

"မီးလောင်ကျွမ်းတဲ့အိမ်က ကြွေထည်၊ လျှပ်စစ်၊ ပလတ်စတစ်စတဲ့ အိမ်သုံးပစ္စည်းတွေရောင်းချတဲ့ဆိုင်ပါ။ အိမ်က ဂိုဒေါင်လိုဖြစ်နေပြီး နံရံကို သွပ်ပြားတွေနဲ့ကာရံထားတာမို့ မီးငြိမ်းသတ်ရာမှာ အဟန့်အတား တွေရှိနေပါတယ်။ မီးသတ်တပ်ဖွဲ့ဝင်တွေက နေအိမ်ထဲကို ခက်ခက်ခဲခဲ ဝင်ရောက်ပြီး မီးငြိမ်းသတ်ခဲ့ရပါတယ်။ ပြည်သူတွေကလည်း တတ်စွမ်းသမျှ ဝိုင်းဝန်းပြီး မီးငြိမ်းသတ်တာတွေ၊ ပစ္စည်းတွေ သယ်ထုတ်ပေးတာတွေဆောင်ရွက်ပေးကြပါတယ်။ မီးလောင်ကျွမ်းမှုကြောင့် နေအိမ်နဲ့ ပစ္စည်းတွေ ပျက်စီးဆုံးရှုံးပြီး လူနဲ့ တိရစ္ဆာန်တွေ ထိခိုက်ဒဏ်ရာရရှိမှု မရှိခဲ့ပါဘူး"ဟု မြို့နယ်မီးဘေးအန္တရာယ်တားဆီးကာကွယ်ရေး ကော်မတီဝင်တစ်ဦးက ပြောသည်။

မီးလောင်မှုနှင့်ပတ်သက်၍ မီးပေါ့ဆစွာသုံးစွဲသူ ဒေါ်နန်းစံနွန်းအား တာချီလိတ်မြို့မရဲတပ်ဖွဲ့စခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **မောင်ယဉ်ကျေး**

## မူးယစ်အန္တရာယ် လူ့ရန်စွယ် ကာကွယ်တိုက်ဖျက် လက်ချင်းဆက်

ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ကို အထူးအလေးထားလျက် မေ ၂၆ ရက်မှ ဇွန် ၂၆ ရက်အထိ ပြည်သူလူထုဗဟိုပြုသော လူထုလှုပ်ရှားမှုအသွင်ဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

# တာချီလိတ်မြို့တွင် စိတ်ကြွရူးသွပ်ဆေးပြား ၂၀၇၆၄ ပြားနှင့် ဘိန်းဖြူ ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိ

**တာချီလိတ် ဇွန် ၁၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ဒေသအတွင်း မဲခေါင်စစ်ဆင်ရေး(၂) စီမံချက်အား ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၃ ရက်က မူးယစ်တပ်ဖွဲ့စု (၃၀) တာချီလိတ်နှင့် မူးယစ်တပ်ဖွဲ့စု (၁၀၄) နေပြည်တော်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ ဆန်ဆိုင်း(က) ရပ်ကွက် ဗိုလ်ချုပ်လမ်း အမှတ် (၁/၄၈)နေ မနန်းကိန်မွန်း နေအိမ်ကိုရှာဖွေခဲ့သည်။

ထို့သို့ရှာဖွေရာတွင် ၎င်းနှင့်အတူတူဖြစ်သူ စိုင်းအန်ခမ်းအား တွေ့ရပြီး နေအိမ်ခြံဝင်းအတွင်း ဂိုဒေါင်နှင့်ကပ်လျက် နှစ်ထပ်အဆောက်အအုံအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၆၄ ပြားနှင့် ဘိန်းဖြူ ၁၃ ဂရမ်၊ အိပ်ခန်းနှင့်တွဲလျက် အိမ်သာအတွင်းမှ စိတ်ကြွရူးသွပ်ဆေးမှုန့် ၃ ဂရမ်၊ စတီးကတော့ပါ ကြိတ်စက်တစ်လုံးနှင့် ဆက်စပ်ပစ္စည်းများ၊ ဂိုဒေါင်အတွင်းရှိ မော်တော်ယာဉ်အတွင်းမှ နယ်စပ်ဖြတ်သန်းခွင့်စာအုပ်တစ်အုပ်၊ ဂိုဒေါင်နှင့်ကပ်လျက် အဆောက်အအုံငယ်အတွင်းမှ ပလပ်စတစ်ပုံးဖြင့်ထည့်လျက် စိတ်ကြွရူးသွပ်ဆေးမှုန့် ၆၂ ဒသမ ၅ ကီလို၊ ပလတ်စတစ်အိတ်များ ဖြင့်ထည့်လျက် စိတ်ကြွရူးသွပ်ဆေးပြား ၂၀၅၀၀၊ ကဖင်း သုည ဒသမ ၂၅ ကီလို၊ ဆက်စပ်ပစ္စည်းများ ပါဝင်သော စိတ်ကြွရူးသွပ်ဆေးပြားနှင့် ဘိန်းဖြူများ သိမ်းဆည်းရမိသဖြင့် မနန်းကိန်မွန်း (၄၈)နှစ်နှင့် စိုင်းအန်ခမ်း (၃၀) နှစ်တို့ နှစ်ဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာ ဥပဒေအရအရေးယူထားကြောင်းသိရသည်။ **ကြေးမုံ**





**မနန်းကိန်မွန်းနှင့် စိုင်းအန်ခမ်းတို့နှစ်ဦးအား ဖမ်းဆီးရမိ သက်သေခံပစ္စည်းများနှင့်အတူ တွေ့ရစဉ်။**

# အရှိန်မထိန်းနိုင်သည့် ထော်လာဂျီယာဉ် တစ်ဖက်ယာဉ်ကြောမှဆိုင်ကယ်အား ဝင်ရောက်တိုက်မိ

**တောင်ကြီး ဇွန် ၁၄**

ရှမ်းပြည်နယ် တောင်ကြီးမြို့ ကံကြီးရပ်ကွက်တွင် ဇွန် ၁၁ ရက် နံနက်ပိုင်းက ယာဉ်တိုက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

တောင်ကြီး-ဟိုပုံး ကားလမ်းအတိုင်း တောင်ကြီးမှ ဟိုပုံးသို့ အေးသာယာမြို့ ရပ်ကွက်(၇)နေ ခွန်မျိုးဦး(၃၃)နှစ် မောင်းနှင်လာသော ၉၅/××××ထော်လာဂျီယာဉ်မှာ အရှိန်မထိန်းနိုင်ဘဲ တစ်ဖက်ယာဉ်ကြောသို့ ရောက်ရှိပြီး ပင်လုံမြို့ ရပ်ကွက်(၂)နေ ခွန်သန်းဌေး(၃၃)နှစ်မောင်းနှင်လာသော KENBO- 110 ဆိုင်ကယ်အား မျက်နှာချင်းဆိုင် ဝင်ရောက်တိုက်မိခဲ့သဖြင့် ခွန်သန်းဌေးတွင် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာတွင်သေဆုံးသွားသဖြင့် ခွန်မျိုးဦးအား တောင်ကြီးမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကြေးမုံ**

# တမလန်းဓားရွှေတုံးများနှင့် တရားမဝင်သစ်ခွဲသားများ သိမ်းဆည်းရမိ

**ကျွန်းလှ ဇွန် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌ ရွှေဘိုခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသောင်းဦး၊ မြို့နယ်သစ်တောဦးစီးအရာရှိ ဦးဆန်းတင်၊ ကန့်ဘလူ သစ်တောဦးစီးအရာရှိ ဦးစိုးအောင်သန်းနှင့် သစ်တောဝန်ထမ်းများ၊ ပေပင်ချောင်ရဲစခန်းမှရဲတပ်ကြပ်ကြီး မြင့်သောင်းနှင့် တပ်ဖွဲ့ဝင်များ၊ လိပ်ဆင်းတောင် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသိန်းဘ၊ စာရေး ဦးမြင့်သောင်း တို့ပူးပေါင်းအဖွဲ့သည် ဇွန် ၁၁ ရက်က ကွင်းဆင်းစစ်ဆေးရာ တမလန်းဓားရွှေတုံးများနှင့် တရားမဝင်သစ်ခွဲသားများ သိမ်းဆည်းရမိကြောင်းသိရသည်။

ဖြစ်စဉ်မှာ ကျွန်းလှမြို့နယ်လိပ်ဆင်းတောင်ကျေးရွာ၏ တောင်ဘက် ၂ မိုင်ခန့်အကွာ ချောင်းဘေးတွင် ယာဉ်အမှတ် MDY /××××အဝါရောင် ToyotaDyana ခြောက်ဘီးယာဉ်ပေါ်မှ ဝှက်ထားသည့်တမလန်းဓားရွှေတုံး ၁၇ တုံး (၁ ဒသမ ၄၂၆၉) တန်ကိုလည်းကောင်း၊ နံပါတ် မပါ ခေါင်းအဖြူရောင် Nissan UDအမျိုးအစား၁၀ဘီးယာဉ်ပေါ်မှချ၍ဝှက်ထားသည့် သစ်ယာခွဲသား ၂၈၀ ချောင်း (၆ ဒသမ ၅၈၃၃)တန်ကိုလည်းကောင်း၊ တိမ်းစောင်းပွက်နစ်နေသည့် ယာဉ်အမှတ် ဗ/--------- ခေါင်းအစိမ်းရောင်အဖြူကျားNissan UD အမျိုးအစား ၁၀ ဘီးယာဉ်ပေါ်မှ ချ၍ရေအိုင်အတွင်းဝှက်ထားသော သစ်ယာအင်ကြင်းခွဲသား ၃၂၆ ချောင်း (၆ ဒသမ ၆၆၁၅) တန်ကျော်တို့ကိုသိမ်းဆည်းရမိခဲ့ကြောင်းသိရသည်။

ဖမ်းဆီးရမိသည့်တမလန်းဓားရွှေတုံး တင်ထားသောယာဉ်အား ပြည်သူပိုင်ပစ္စည်း ကာကွယ်ရေးဥပဒေ ပုဒ်မ ၆(၁)ဖြင့်လည်းကောင်း၊ တရားမဝင်သစ်ယာခွဲသားနှင့်သစ်ယာအင်ကြင်းခွဲသားများတင်ဆောင်သည့် ယာဉ်များအား သစ်တောဥပဒေပုဒ်မ ၄၂(ခ) တို့ဖြင့်လည်းကောင်း အမှုဖွင့်အရေးယူဆောင်ရွက်ပြီး ပိုင်ရှင်များအား ရှာဖွေဖော်ထုတ် သွားမည်ဖြစ်ကြောင်း မြို့နယ် သစ်တောဦးစီးအရာရှိ ဦးဆန်းတင်က ပြောကြားသည်။

**မျိုးဝင်းညို(ကျွန်းလှ)**


# မင်္ဂလာဆုတောင်း

ချစ်ဖေဖေ **ဦးမိုးဝင်းကျော်** (ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ အလုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)နှင့် ချစ်မေမေ **ဒေါ်ခင်မိုးကြည်**တို့၏ ၁၀-၅-၂၀၁၅ရက်တွင် ကျရောက်ခဲ့သော (၂၃)နှစ်ပြည့် မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ချစ်သောသမီးများနှင့်အတူ ဥမကွဲသိုက်မပျက် ပျော်ရွှင်ချမ်းမြေ့သော မိသားစုဘဝလေးကို ထာဝရပိုင်ဆိုင်နိုင်ပါစေဟု ဆုမွန်ကောင်းတောင်းလျက်-

**ချစ်သမီးကြီး-မယဉ်သီတာကျော်(ခ)အေးချမ်းမိုး**

**ချစ်သမီးငယ်-မမိုးသီရိကျော်(ခ)ကြာညိုသင်း**


# ယာဉ်တိုက်မှုကျူးလွန်ပြီး ထွက်ပြေးတိမ်းရှောင်သွားသူ ယာဉ်မောင်းအား လိုက်လံဖမ်းဆီးအရေးယူထား

**နေပြည်တော် ဇွန် ၁၄**

ရှမ်းပြည်နယ် ကလောမြို့နယ် ဟဲဟိုး-ရွှေညောင်ကားလမ်း မိုင်တိုင်အမှတ် (၉၆/၁-၂)ကြားတွင် ဇွန် ၁၁ ရက် နံနက်ပိုင်းက ယာဉ်တိုက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်ပွားပုံမှာ ရွှေညောင်မှ ဟဲဟိုးသို့မောင်းနှင်လာသော 5E/××××× MARK-II ယာဉ်မှာ ရှေ့မှ မောင်းနှင်နေသည့်(၁၂)ဘီးယာဉ်အား ကျော်တက်စဉ် မျက်နှာချင်းဆိုင်ဘက်မှ ကလောမြို့နယ် အင်းမိုကျေးရွာနေ ဦးမောင်ကို(၄၁)နှစ်မောင်းနှင်ပြီး ဇနီးဖြစ်သူ ဒေါ်တင်ဦး လိုက်ပါလာသည့် ဇောင်ရှမ်း-110 ဆိုင်ကယ်အား ဝင်ရောက်တိုက်မိခဲ့သဖြင့် ဦးမောင်ကိုနှင့် ဒေါ်တင်ဦးတို့တွင် ဒဏ်ရာများအသီးသီးရရှိခဲ့ကာ MARK-II ယာဉ်မောင်းမှာ မောင်းနှင်ထွက်ပြေးသွားခဲ့ကြောင်းသိရသည်။

သို့ဖြစ်၍ ဒဏ်ရာရရှိသူများအား ဆေးရုံသို့ ကူညီပို့ဆောင်ပေးခဲ့ပြီး MARK-II ယာဉ်မောင်း(စိစစ်ဆဲ)အား လိုက်လံဖမ်းဆီးရာ အောင်ပန်းမြို့ နာရီစင်အနီး၌ ညောင်ရွှေမြို့နယ် ညောင်ဖြူကျေးရွာနေ ဇော်ဝင်းနိုင်(၃၉)နှစ်အား ယာဉ်နှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းအား ဟဲဟိုးနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်းသိရသည်။

**ကြေးမုံ**

# နှစ်လုံးထီလောင်းကစားသူ ဖမ်းဆီးအရေးယူ

**ရေစကြို ဇွန် ၁၄**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ရေစကြိုမြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များသည် ဇွန် ၁၂ ရက် ညနေ ၃ နာရီခွဲက ရေစကြိုမြို့ မြို့မတောင်ပိုင်းရပ်ကွက်နေ မတင်တင်ထွေး(ခ) မထွေး(၄၇)နှစ်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ နေအိမ်၌ မတင်တင်ထွေး (ခ) မထွေးသည် နှစ်လုံးထီလောင်းကစား ပြုလုပ်ရာတွင်အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေကျပ် ၄၂၀၀၀နှင့်အတူ ဖမ်းဆီးရမိခဲ့သောကြောင့် ရေစကြိုမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ကြေးမုံ**

# အငြိမ်းစားမို့ မစိမ်းကားသင့်ပါ

ခ ဦးဟန်ညွန့်(ဉပဒေ)

**ရန်ကုန်ဆင်းရမည်**

ဒီတစ်ပတ် စနေ၊ တနင်္ဂနွေ ရန်ကုန်မြေသို့ ဆင်းရမည်။ နေပြည်တော်မှ ရန်ကုန်ဆင်းဖို့ အတော်ပြင်ဆင်ရသည်။ ဟိုဘက် ဒီဘက်အလုပ်တွေမပျက်အောင်၊ အချိန် မကုန်အောင် စီစဉ်ရသည်။ ရန်ကုန်မှာ ပွဲနှစ်ပွဲရှိသည်။ ပထမပွဲက "အမျိုးသားစာပေဆု ပဏာမရွေးချယ်ရေး"အစည်းအဝေး။ ဒုတိယပွဲက "အငြိမ်းစားဉပဒေ အရာရှိများ တွေ့ဆုံပွဲ"တက်ရောက်ရန် ဖြစ်သည်။ မပျက်မကွက်တက်ရမည့် ပွဲနှစ်ပွဲပါ။

**ရွှေတိဂုံဦးခိုက်**

မဖူးမြော်ရတာကြာပြီဖြစ်သော ရွှေတိဂုံဘုရားကြီးသို့ ရောက်ရှိဦးခိုက်ရသည်။ ရွှေတိဂုံဘုရားကြီးရင်ပြင်ပေါ်ရှိ ဗုဒ္ဓဟူးအသင်းတန်ဆောင်း၌ "ဉပဒေရုံးများဆိုင်ရာ ဗုဒ္ဓသာသနာ့နုဂ္ဂဟအသင်း"တည်ရှိသည်။ ရှေ့နေချုပ်ရုံးက ဦးစီးဖွဲ့စည်းထားသည်။ တနင်္ဂနွေနေ့တိုင်း ဝတ်တက်ရသည်။ ပဌာန်းရွတ်သည့်အခါရွတ်။ ပရိတ်ရွတ်သည့် အခါရွတ်။ အရပ်ရှစ်မျက်နှာမေတ္တာပို့ အမျှဝေ။ အငြိမ်းစားဉပဒေအရာရှိများ၊ ဓမ္မမိတ်ဆွေများ စုံညီစွာ တက်ရောက်ကြရသည်။ ကုသိုလ်လည်းရ၊ မိတ်ဆွေများ၊ အငြိမ်းစားများ၊ ဉပဒေအရာရှိများလည်း မျက်နှာစုံညီ တွေ့ဆုံကြရသည်။ သာရေး၊ နာရေး၊ လူမှုရေးဆွေးနွေးနိုင်ကြသည်။ ဉပဒေအရာရှိများက တစ်ပတ်တစ်ကြိမ် စုပေါင်းဒါနပြု အကျွေးအမွေးဖြင့်ဧည့်ခံသည်။

**ဇေယျ(၉၁)နှစ်ပတ်လည်**

ထိုနေ့က ဇေယျ(၉၁)၏ (၂၈)နှစ်မြောက် နှစ်ပတ်လည် အထိမ်းအမှတ်ပွဲနှင့် တိုက်တိုက်ဆိုင်ဆိုင် ကြုံသည်။ ဇေယျ(၉၁)ဆိုသည်မှာ ဖောင်ကြီးဆင်းဉပဒေအရာရှိ (နောက်ဆုံးအသုတ်)ဖြစ်သည်။ သင်တန်းစတက်နေ့မှာ(၂၀-၄-၁၉၈၇)ဖြစ်သည်။ ရွှေတိဂုံဘုရားဉပဒေရုံးဝတ်အသင်းမှာ နှစ်လည်အလှူဒါနပြုလုပ်ခဲ့ကြသည်။ ရန်ကုန်တိုင်းဉပဒေချုပ်ရုံး၊ ရုံးအဖွဲ့မှူး ကျော်ညွန့်လွင်နှင့် ဇေယျ(၉၁)သင်တန်းဆင်းများဖြစ်ကြသော အုန်းသန်း (မြောက်ပိုင်းခရိုင် ဉပဒေအရာရှိ)၊ မောင်မောင်မြင့်၊ ဗိုလ်မောင်၊ စန်းစန်းရီ(အရှေ့ပိုင်း)၊ ခင်မောင်ကြည်(ငြိမ်း) တို့ တက်ရောက်ကြသည်။ နေပြည်တော်ရှေ့နေချုပ်ရုံးမှ ဒေါက်တာဆွေဆွေအောင်(ညွှန်မှူး)နှင့် ယုယုခင်၊ မအေးဝင်း၊ သစ်သစ်ဝင်းတို့ကိုလည်း တွေ့ရသည်။ ကျော်ဇင်ဦး(ပဲခူးတိုင်း၊ ဉပဒေရုံးအဖွဲ့မှူး)၊ ငွေအောင် (သာယာဝတီခရိုင်ဉပဒေအရာရှိ)၊ ကျော်ဝင်း(ဖျာပုံခရိုင်)၊ ကြူကြူအေး (မွန်ပြည်နယ်)စသည်ဖြင့် ရပ်ဝေးက ဇေယျ(၉၁)ကိုယ်စားလှယ်တွေ တွေ့ရသည်။ မျိုးညွန့်ဝင်း (ရှေ့နေ)၊ အေးလွင်(ရှေ့နေ)နှင့် အပေါင်းအပါ ဉပဒေအဖွဲ့သားများကို ပြန်တွေ့ရသည်မှာ တက်ကြွဖွယ်၊ ရွှင်လန်းဖွယ်။ ရေးပြစရာအမည်နာမများ များပြား ၍အစုံအလင် မဖော်ပြနိုင်သော်ငြား ဇေယျ(၉၁)၏ အင်အားကို လျှော့မတွက်ပါ။ အရာရှိတွေမို့ (ဦး)(ဒေါ်) တပ်ပြီးမခေါ်နိုင်။ ငယ်ပေါင်းရင်းနှီးမှုဖြင့် (မင်း)နှင့်(ငါ)ပြောရဆိုရ၊ ဆဲရ၊ ဆိုရ၊ ငြင်းရ၊ ခုန်ရ၊ ငယ်ကျိုး ငယ်နာတွေပြောရမှု၊ ရာထူးဌာနတွေဘေးချိတ်၊ ဖောင်ကြီးသင်တန်းအတွေ့အကြုံတွေ၊ ဘယ်သူဖြင့်သေပြီ၊ ဘယ်သူ အငြိမ်းစားယူ၊ ဘယ်သူရာထူးတက်၊ ဘယ်သူအလုပ်ပြုတ်၊ ဘယ်သူ ပြည်ပရောက်၊ ဘယ်သူအိပ်ယာထဲ လဲ စသည်. . . စသည်။ နောက်နှစ်လည်း ပွဲပြန်နွှဲကြဦးမည်။ သက်ရှည်ကျန်းမာ ယခုလိုပြန်လည်တွေ့ဆုံရသည်မှာပင် မဟာဆုလာဘ်။ ဌာနထဲမှာ ရာထူးတွေ၊ ဘဝတွေ၊ မာနတွေ၊ ယှဉ်ပြိုင်မှုတွေနှင့်။ အငြိမ်းစားဘဝရောက်မှ တည်ငြိမ်မှုရကြပြီ။

**အငြိမ်းစားဉပဒေအရာရှိများ တွေ့ဆုံခြင်း**

ဗဟိုဉပဒေရုံး၊ ရှေ့နေချုပ်ရုံးအဆင့်ဆင့်မှ အငြိမ်းစားယူခဲ့ကြသော ဉပဒေအရာရှိများ ပြန်လည်တွေ့ဆုံကြသည့်ပွဲဖြစ်ပါသည်။ ရန်ကုန်ပန်ဒါဟိုတယ်၌ကျင်းပသည်။ အငြိမ်းစားဉပဒေအရာရှိများ စုံညီစွာ တက်ရောက်သည်။ ထူးထူးခြားခြား Whell Chair (တွန်းလှည်း)ဖြင့် အခမ်းအနားတက်သူမှာ ဆရာကြီး ဦးသိန်းလွန်း (ညွှန်မှူး၊ ငြိမ်း) ဖြစ်သည်။ အသက်(၉၀)ကျော်ပြီ။ ဉပဒေရုံးတွင် တာဝန်မထမ်းမီက ရဲမင်းကြီးတာဝန်ထမ်းဖူးသည်။ အတွေ့အကြုံစုံသည်။ တပည့်များနှင့် ပြန်တွေ့ခိုက် ပြောစရာတွေများသည်။ "မင်းတို့အမှုလိုက် ရှေ့နေတွေများတယ်။ ချမ်းသာတဲ့သူရှိသလို ဆင်းရဲတဲ့အမှုသည်တွေရှိတယ်။ ဆင်းရဲတဲ့အမှုသည်တွေအတွက် ရှေ့နေခမယူဘဲ(အခမဲ့) လိုက်ပေးကြပါ"ဟု တဖွဖွမှာကြား နေသည်။

ဆရာဦးကျော်ညွန့်(ညွှန်မှူး၊ ငြိမ်း)မှာ ဤပွဲသို့ မလာနိုင်။ အိပ်ယာထဲလဲနေပြီလား။ တပည့်တွေစုပြီး ဆရာ့အိမ်သို့ ဂါရဝပြုရန် သွားကြရဦးမည်။ ခရိုင်ဉပဒေအရာရှိ (ငြိမ်း)ဦးရီတစ်ယောက် သထုံမြို့မှာ အခြေချသည်။ သူလည်းကျန်းမာရေးမကောင်း။ ဆေးဖိုးစုပြီး ထောက်ပံ့ကြသေးသည်။ တကယ်တော့ အငြိမ်းစားအားလုံး၏ သာရေးနာရေးမှန်သမျှ စေတနာအပြည့် အဝဖြင့် ကူညီကြချင်တာပါ။ ရပ်ဝေးမို့မရောက်နိုင်ငြား အတတ်နိုင်ဆုံး စေတနာမိုးသွန်းဖြိုးချင် တာပါ။ ထို့ကြောင့်လည်း တိုင်းဒေသကြီး/ပြည်နယ်အနှံ့ စုံစုံလင်လင် ကိုယ်စားလှယ်များ ထားပေးသည်။ တပ်ခွဲသင် တန်းဆင်းအလိုက် စုဖွဲ့စည်းရုံးနေကြသည်။ လက်ဆင့်ကမ်းနေကြသည်။

**ကိုယ်စားလှယ်များ**

| | | |
|---|---|---|
| (၁) | အောင်ဆန်း(၆) | ဟန်ထူး၊ ခင်မောင်တင့်၊ အောင်သန်းစိုး၊ ခင်မာမာ၊ မိမိရီ၊ နုနုရီ။ |
| (၂) | ဇေယျ(၁၀) | ခင်မောင်ဖြူ၊ ခင်ဇော်။ |
| (၃) | ဇေယျ(၁၁) | ဝီရှူး၊ ပိုပိုကြည်၊ မအေးမြင့်။ |
| (၄) | ဇေယျ(၁၂) | အေးဝင်း၊ မြင့်စိုး၊ ထွန်းအောင်။ |
| (၅) | ဇေယျ(၁၈) | ကြည်မြင့်၊ ဘလွင်၊ မြတ်မြတ်ကျော်။ |
| (၆) | ဇေယျ(၄၄) | စိုးမြင့်၊ သန်းဝင်း၊ လှလှလွင်၊ မြင့်မြင့်သိန်း။ |
| (၇) | ဇေယျ(၅၉/၆၀) | ယုတင်၊ ကျော်သိန်း၊ သိန်းညွန့်၊ လှလှဝင်း၊ မြင့်မြင့်ကြည်၊ မိမိရှိန်။ |
| (၈) | ဇေယျ(၆၃) | ခင်နု၊ ဘစံ၊ သိဏ်းရွှေ၊ သော်တာစိုး။ |
| (၉) | ဇေယျ(၇၀) | မောင်မောင်အေး၊ လှမျိုး၊ တင်ဝင်း၊ အောင်ကျော်။ |
| (၁၀) | ဇေယျ(၉၁) | လှဦး၊ ခင်မောင်ကြည်၊ လှဝင်းမြင့်။ |

အထက်ပါစည်းရုံးရေး ကိုယ်စားလှယ်များမှာ လက်လှမ်းမီသမျှ ရေးပြရခြင်းဖြစ်ပါသည်။ အသင်းအတွက်၊ အငြိမ်းစားများအတွက် မည်သူမဆို စည်းရုံးရေးမှူးဖြစ်ခွင့်ရှိပါသည်။ ရွေးကောက်တင်မြှောက်မှ လုပ်ရမည်ဟု မဆိုလိုပါ။ အငြိမ်းစားများ အသင်းဝင်ဖို့၊ သာရေးနာရေးရှိက သတင်းပို့ဖို့၊ အချင်းချင်းကူညီရိုင်းပင်းဖို့သာ အဓိကပါပဲ။ အသင်းအတွက် အလုပ်လုပ်နေသူများ(အမည်စာရင်း)ကျန်သွားလျှင် ခွင့်လွှတ်ပါ။

**တိုင်းဒေသကြီး/ပြည်နယ် ဉပဒေချုပ်ရုံးများ**

ရန်ကုန်တိုင်းဒေသကြီး ဉပဒေချုပ် ကျော်မိုးနိုင်(ဦး) ကတော့ ရန်ကုန်တိုင်းဒေသကြီးအတွက် အစစအရာရာ ကူညီဆောင်ရွက်သည်။ ကျန်သော တိုင်းဒေသကြီးနှင့် ပြည်နယ်ဉပဒေချုပ်များကလည်း ရန်ကုန်ရောက်တိုင်း တွေ့ဆုံကြစမြဲပါ။ တလောတုန်းက မကွေးဉပဒေချုပ် ဇေယျ(ဦး)လာသွားသည်။ အငြိမ်းစားများအတွက် လိုအပ်တာကူညီပါသည်။ ဉပဒေချုပ်အားလုံးက ဦးဆောင်ပြီး ဒေသအလိုက် စည်းရုံး၊ ကူညီသွားခြင်းဖြင့် ဉပဒေအရာရှိမိသားစုများ၊ အငြိမ်းစားများအတွက် အားတက်ဖွယ်ဖြစ်ပါသည်။ ရန်ကုန်ကို အခြေပြုဖွဲ့စည်းထားသော်လည်း တိုင်းဒေသကြီး/ပြည်နယ်အလိုက် စုစည်းတွေ့ဆုံ၊ ကူညီမှုများလည်း ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်သည်။ မြို့နယ်မှ ခရိုင်၊ ခရိုင်မှတစ်ဆင့် ဖြန့်ကြက်နိုင်မည်။

**ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း**

ဉပဒေအရာရှိများမို့ ဉပဒေသမားပီပီ အသင်းဖွဲ့မည်ဆိုလျှင် ဖွဲ့စည်းပုံစည်းမျဉ်းလိုသည်။ စနစ်ကျရမည်။ ခိုင်မာရမည်။ စည်းလုံးရမည်။ အငြိမ်းစား ဒုတိယရှေ့နေချုပ် ဆရာဦးခင်မောင်အေး အမှူးပြု၍ဆွေးနွေးသည်။ လမ်းညွှန်သည်။ ရန်ကုန်တိုင်းဒေသကြီး ဉပဒေချုပ်ရုံး၌ ဆွေးနွေးပြီး စည်းမျဉ်း(မူကြမ်း)ရေးဆွဲသည်။ အဆင့်ဆင့် တရားဝင်တင်ပြခဲ့ကြသည်။ အငြိမ်းစားဉပဒေအရာရှိများ အသင်းဖွဲ့စည်းခွင့်ရပြီဆိုပါက အသင်း၏ ရည်ရွယ်ချက်များ တိုးတက်အကောင်အထည်ဖော်မည်။ အဓိကမှာ အငြိမ်းစားဉပဒေအရာရှိများ၏ သာရေး၊ နာရေး၊ လူမှုရေး ထောက်ပံ့ကူညီရေးပါပဲ။ လောလောဆယ်တော့ ယာယီ အလုပ်အမှုဆောင် အဖွဲ့ဖွဲ့ထားသည်။ ဉက္ကဋ္ဌ-ဟန်ထူး၊ အတွင်းရေးမှူး-မြသန်း တို့ဖြစ်သည်။ နာယကများအဖြစ် ဆရာဦးခင်မောင်အေး အပါအဝင် ညွှန်ချုပ်(ငြိမ်း)များ၊ သက်ကြီးဝါကြီးအငြိမ်းစားဉပဒေအရာရှိများ ဖြစ်သည်။ ဆရာဦးခင်အောင်၊ ဆရာဦးခင် မောင်လေး၊ ဆရာဦးစိန်လှ တို့ မပျက်မကွက်လာကြသည်။

တာဝန်ချိန်အပြည့်ယူနေကြရသော အငြိမ်းစားဉပဒေအရာရှိများ (အထူးသဖြင့် အရေးကြီးပုဂ္ဂိုလ်များ) သာ မလာရောက်နိုင်ကြ။ သို့သော်ငြား အငြိမ်းစားများ အသင်းအတွက် မမေ့မလျော့ကူညီကြပါသည်။ ယနေ့ဆိုလျှင် အသင်းဝင်ပေါင်း ၁၆၀ ကျော်ပြီ။ မော်လမြိုင် အေးချိုနှင့် မန္တလေးရှေ့နေခင်မောင်သန်း(တော်ဝင်) အပါအဝင် သူငယ်ချင်းအချို့မလာနိုင်ကြ။ သတင်းစာထဲက ဖိတ်စာမဖတ်မိ၍လား။

**အလှူငွေစုဆောင်းခြင်း**

တိုင်းဉပဒေအရာရှိ(ငြိမ်း)များဖြစ်ကြသော ခင်မောင်တင့်၊ စန်းဝင်းနှင့် ပိုပိုကြည်(ညွှန်မှူး၊ ငြိမ်း)၊ ခရိုင်ဉပဒေအရာရှိ(ငြိမ်း)များဖြစ်ကြသော သန်းဝင်း၊ တင်မောင်ဦးနှင့် မအေးမြင့်၊ ရှေ့နေခင်ဇော်၊ ခင်လှန္တဲ့၊ တင်တင်အေး၊ ယဉ်ယဉ်အေး(ဒုတိုင်း-ငြိမ်းများ)ပါသည့် အလှူငွေရှာဖွေရေးကော်မတီကိုလည်း ဖွဲ့ပေးထားသည်။ တတ်နိုင်သမျှလှူဒါန်းကြသည်။ အစည်းအဝေးထိုင်သည့်ရက်တွင် ကိုယ်ထူကိုယ်ထ ဧည့်ခံကျွေးမွေးကြသည်။ ဉပဒေရုံးများဆိုင်ရာ ဗုဒ္ဓသာသနာ့နုဂ္ဂဟအသင်းသို့လည်း အလှူငွေများထည့်ဝင်ကြသည်။

တနင်္ဂနွေနေ့တိုင်း ရွှေတိဂုံဘုရားကြီးအား ဦးခိုက်ပူဇော်ခွင့်ရသည်မှာ ကုသိုလ်ထူးလှပေသည်။ အငြိမ်းစားများဖြစ်ကြသော ညွန့်စိန်(ရန်ကုန်တိုင်း)၊ ဝင်းမြင့်(ကိုယ်ရေးအရာရှိ)၊ မင်းသွင်(မြောင်းမြခရိုင်)၊ ဝင်းကျော်(မြောက်ပိုင်းခရိုင်)တို့ ဝိုင်းကူနေကြသည်။ ကျန်အရာရှိများလည်း သူ့နေရာနှင့်သူ ဝိုင်းလုပ်ကြသည်။

**တွေ့ဆုံနေကျ မတွေ့ရ**

ရွှေတိဂုံဘုရားတွင် အငြိမ်းစားဉပဒေအရာရှိများ၏ ဝတ်ရွတ်ပွဲက တနင်္ဂနွေနေ့တိုင်းရှိသည်။ ဝတ်အသင်းသို့ လာနေကျ အငြိမ်းစားများမလာလျှင် သိသာလွန်းလှသည်။ တွေ့ဆုံနေကျမတွေ့ရလျှင် တစ်ခုခုလိုနေသလိုလို။ တစ်ယောက်ယောက်ကျန်နေသလိုလို။ (အဘ)ရှေ့နေချုပ်ဦးသာထွန်းသည် ဝတ်မပျက်။ အမြဲဘုရားတက်သူဖြစ်သည်။ (အဘ)ကွယ်လွန်ပြီးနောက် (အဘ)မလာရောက်သည့်နေ့ရက်များကား (၁၀)နှစ်ကျော်ခဲ့ပြီ။ (အဘ) ကောင်းရာသုဂတိသို့ ရောက်ရှိပါစေဟုသာ ဝတ်အသင်းက ဂါရဝပြုဆုတောင်းနေကြရဆဲဖြစ်သည်။ မနေ့တစ်နေ့က ကွယ်လွန်ခဲ့ရှာသော ဆရာဦးတင်မောင်ဦး(ဒုညွှန်မှူး-ငြိမ်း)သည်လည်း တနင်္ဂနွေနေ့တိုင်း ကျွန်တော်တို့ဝတ်အသင်းသို့ တတ်စမြဲ။ Wheel Chair စီးကာ သူ့မြေးကလေးက လိုက်ပို့နေကျ။ ယနေ့ကား ဆရာမလာနိုင်ပြီ။ အမြဲသောသင်္ခါရတရားက ကျွန်တော်တို့အားလုံးကို သတိပေးဆုံးမနေခြင်းသာဖြစ်မည်။

**တာဝန်ကိုယ်စီရှိခဲ့သည်**

ဝန်ထမ်းဘဝတွင် တာဝန်ကိုယ်စီရှိခဲ့ကြသည်။ အထက်ကပေးအပ်သောအမိန့်နှင့် တာဝန်ကိုကျေပွန်စွာထမ်းဆောင်ရစမြဲပင်။ သို့သော်ငြား အချို့တာဝန်ရှိပုဂ္ဂိုလ်ကြီးများသည် ရာထူးမာန်တက်ကြသည်။ တစ်လွဲတွေးကြသည်။ မမြဲသောရာထူးကို တစ်သက်လုံးပမာခံ့မင်ရှာသည်။ ဘဝမေ့ကြသည်။ မေတ္တာတရားရှားပါးတတ်ကြသည်။ တာဝန်ကိုယ်စီ၏ ပြင်ပဘက်သို့ရုန်းထွက်ကြသည်။ တရားပျောက်ကွယ်၊ မေတ္တာပြယ်ကာ ကြီးငယ်အများ အမုန်းပွားတတ်ကြသည်။ တရားမထား၊ စိမ်းကားတတ်ကြသည်။

**တင်ပြချက်**

(၁) ယနေ့ အငြိမ်းစားဘဝရောက်ကြပါပြီ။
(၂) အငြိမ်းစားမို့ မစိမ်းကားကြပါ။
(၃) သင်ခန်းစာတရား ပွားများသင့်ပါကြောင်း။

**ဝန်ထမ်းဘဝတွင် တာဝန်ကိုယ်စီရှိခဲ့ကြသည်။ အထက်ကပေးအပ်သော အမိန့်နှင့် တာဝန်ကိုကျေပွန်စွာထမ်းဆောင်ရစမြဲပင်။ သို့သော်ငြား အချို့တာဝန်ရှိပုဂ္ဂိုလ်ကြီးများသည် ရာထူးမာန်တက်ကြသည်။ တစ်လွဲတွေးကြသည်။ မမြဲသောရာထူးကို တစ်သက်လုံးပမာ . . .**

ICT Solution Provider
Capture VISION ⇌ Create NETWORK
VISIONET
Our Service
1. Computer hardware/software setup and consulting
2. Infrastructure of network
3. Infrastructure of server services
4. Virtualization Technology
5. Website development
6. Mobile applicaiton development
7. ICT Security consultant
Address-No. 33/37, 2nd Street, Lanmadaw Township, Yangon Myanmar.
Contact -+951 227 217, +959 431 119 28, +959 420 074 583, +959 254 045 892

## အထူးလှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်း

၂၀၁၄-၂၀၁၅ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဧရာဝတီတိုင်းဒေသကြီးမှ အောင်ချက် (၅၁ ဒသမ ၇၈)ရာခိုင်နှုန်းဖြင့် တစ်နိုင်ငံလုံး အောင်ချက်အများဆုံး(ပထမ)ရရှိကြောင်းသိရှိရပါသဖြင့် ဧရာဝတီတိုင်းဒေသကြီးသူ/သားများနှင့်အတူ ထပ်တူထပ်မျှ ဂုဏ်ယူဝမ်းမြောက်မိပါသည်။

ဤသို့ အောင်မြင်မှုများရရှိအောင် ဦးဆောင်လမ်းညွှန်မှုပေးခဲ့သည့် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးသိန်းအောင်နှင့် တာဝန်ရှိသူများအားလုံးအားလည်းကောင်း၊ ထို့ပြင် တိုင်းဒေသကြီးအတွင်း ဒုတိယအောင်ချက်အကောင်းဆုံး အင်္ဂပူမြို့နယ် ရရှိအောင်ဆောင်ရွက်ခဲ့ကြသော မြို့နယ်အုပ်ချုပ်ရေးမှူး၊ ပညာရေးမှူး၊ ကျောင်းအုပ်ကြီးများ၊ စွမ်းစွမ်းတမံသင်ကြားပြသပေးသော ဆရာ၊ ဆရာမများအားလည်းကောင်း၊ အပတ်တကုပ်ကြိုးစားအားထုတ်ဖြေဆို အောင်မြင်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများအားလုံးအားလည်းကောင်း လေးစားစွာဖြင့်ဂုဏ်ပြုအပ်ပါသည်။

**အင်္ဂပူမြို့နယ်အသင်း(ရန်ကုန်၊ ဌာနေ)**
**အမှုဆောင်များနှင့်အသင်းသူ၊ အသင်းသားများ**

# ဩစတြေးလျစီးပွားရေးအဖွဲ့ မန္တလေးတွင် လာရောက်ဆွေးနွေး

**မန္တလေး ဇွန် ၁၄**

မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းနှင့် ဩစတြေးလျနိုင်ငံစီးပွားရေးကိုယ်စားလှယ်အဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေးပွဲကို ဇွန် ၁၂ ရက်မွန်းလွဲ ၂ နာရီက မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ Mandalay Hill Resort ခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျနိုင်ငံသံအမတ်ကြီး H.E Nicholas Coppel က မိတ်ဆက်အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးအောင်သန်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားခဲ့သည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း အလုပ်အမှုဆောင်များနှင့် ဩစတြေးလျ စီးပွားရေးလုပ်ငန်းရှင်များက မန္တလေးတိုင်းဒေသကြီးအတွင်း ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ၊ အဆောက်အအုံနှင့် ဆောက်လုပ်ရေးလုပ်ငန်းများ၊ သတ္တုတွင်းလုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**



# မြို့နယ်အဆင့်(ဆင့်ပွား) ကျောင်းထောက်ပံ့ကြေးများ ထောက်ပံ့ရေး လုပ်ငန်းဆွေးနွေး

**ငါန်းဇွန် ဇွန် ၁၄**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ငါန်းဇွန်မြို့ အခြေခံပညာအထက်တန်းကျောင်း၌ ဇွန်လ ၁၂ ရက် နံနက် ၉ နာရီခွဲက မြို့နယ်အဆင့်(ဆင့်ပွား) ကျောင်းထောက်ပံ့ကြေးများ ထောက်ပံ့ရေးအစီအစဉ် အကောင်အထည်ဖော်ရေးလုပ်ငန်း ဆွေးနွေးပွဲအခမ်းအနား ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဒေါ်ညွန့်ညွန့်မြင့်က အဖွင့်အမှာစကားပြောကြားပြီး လက်ထောက်မြို့နယ်ပညာရေးမှူး ဦးဝင်းငွေးက ကျောင်းထောက်ပံ့ကြေးနှင့်ပတ်သက်၍ လုပ်ငန်းလမ်းညွှန်မှုများ ရှင်းလင်းပြောကြားခဲ့သည်။ ဆက်လက်၍ ဒေါ်မေလှဲ့လှဲ့သင်း (State the children)က မိတ်ဆက်အမှာစကားပြောကြားပြီး ၁၀ နာရီ မိနစ် ၃၀ တွင် အခမ်းအနားကို ရုတ်သိမ်းကြောင်း သိရသည်။

ဆက်လက်၍ မြို့နယ်အဆင့်(ဆင့်ပွား) ကျောင်းထောက်ပံ့ကြေးများ ထောက်ပံ့ရေး အစီအစဉ် အကောင်အထည်ဖော်ရေးလုပ်ငန်း ဆွေးနွေးပွဲကို ညနေ ၃ နာရီခွဲအထိ ကျင်းပခဲ့ပြီး ဇွန်လ ၁၄ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၃ နာရီခွဲအထိ ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။

ဆွေးနွေးပွဲအခမ်းအနားသို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်တင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်း၊ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းအုပ် ဆရာ၊ ဆရာမများနှင့် တာဝန်ရှိ ဆရာ၊ ဆရာမများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သက်နောင်ဦး(ငါန်းဇွန်)**

# မိုးသီးနှံစိုက်ပျိုးရေးနည်းပညာပေးဆွေးနွေး

**ချောင်းဦး ဇွန် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ် ရွှေလှေကျေးရွာတွင် မိုးသီးနှံ စိုက်ပျိုးရေးနည်းပညာပေး ဆွေးနွေးပွဲကို ဇွန်လ ၁၂ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် မုံရွာခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးမျိုးကြည်နှင့် ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများမှ သိပ္ပံနည်းကျ စိုက်ပျိုးရေး၊ သဘာဝမြေဩဇာ ပြုလုပ်သုံးစွဲရေးနည်းစနစ်များ၊ သဘာဝပိုးသတ်ဆေးပြုလုပ်သုံးစွဲနည်းစနစ်များ၊ သီးနှံပုံစံ ပြောင်းလဲစိုက်ပျိုးရေးတို့ကို ဆွေးနွေးကြရာ တောင်သူများကလည်း သိရှိလိုသည်များကို မေးမြန်းခဲ့ကြသည်။

ဆွေးနွေးပွဲသို့ တက်ရောက်လာသော တောင်သူ ဦးငွေအောင်က စိုက်ပျိုးရေးဦးစီးဌာနကနေ ယခုလို စိုက်ပျိုးရေးနည်းပညာပေး ဆွေးနွေးပွဲတွေ ပြုလုပ်ပေးတဲ့အတွက် အထူးကျေးဇူးတင်ရှိကြောင်း၊ ဒီဆွေးနွေးပွဲကနေ သိလိုက်ရတာမှာ သဘာဝမြေဩဇာနှင့် သဘာဝပိုးသတ်ဆေးများသည် ကုန်ကျစရိတ်သက်သာပြီး ထိရောက်ကောင်းမွန်သည့် အကျိုးကျေးဇူးတွေ ရရှိတာကြောင့် ဒီသဘာဝမြေဩဇာနှင့် ပိုးသတ်ဆေးများကို ပြုလုပ်သုံးစွဲတော့မည်ဖြစ်ကြောင်း ပြောပြသည်။

**ယုယုဝင်း**

# ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးအသိပညာပေးနှင့် ပူးပေါင်းဆောင်ရွက်ရေးသင်တန်း ပွင့်ဖြူမြို့တွင် ဖွင့်လှစ်

**ပွင့်ဖြူ ဇွန် ၁၄**

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးအသိပညာပေးနှင့် ပူးပေါင်းဆောင်ရွက်မှုသင်တန်းကို မကွေးတိုင်းဒေသကြီးပွင့်ဖြူမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးအစည်းအဝေးခန်းမ၌ ဇွန်လ ၅ ရက်တွင် ဖွင့်လှစ်ခဲ့ကြောင်းသိရသည်။

အခမ်းအနားတွင် မြို့နယ်ကော်မရှင်ဥက္ကဋ္ဌ ဦးအောင်စန်းမြင့်က အခြေခံမဲဆန္ဒရှင်စာရင်းအကြောင်း ရှင်းလင်းပြောကြားခဲ့ပြီး ရွေးကောက်ပွဲဆိုင်ရာ ဥပဒေများအကြောင်းကို ဒုရဲမှူးပန်စိုး ကရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါသင်တန်းကို ဇွန်လ ၅ ရက်မှ ၇ ရက်အထိ သင်ကြားပို့ချခဲ့ပြီး လုံခြုံရေးဆိုင်ရာများ၊ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစီမံချက်များ ရွေးကောက်ပွဲ အောင်မြင်ချောမွေ့စွာ ပြီးဆုံးရေးအတွက်ဆောင်ရွက်ရမည့်အချက်များကို ဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းသို့ ပွင့်ဖြူမြို့နယ် ရဲတပ်ဖွဲ့မှ သင်တန်းသားအရာရှိ ခြောက်ဦး အခြားအဆင့် ၇၈ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**အောင်သူရ(ပွင့်ဖြူ)**


## ဝန်ထမ်းအလိုရှိသည်
### (ပြည်တွင်း၌သာခန့်ထားရန်)

(၁) အမှုဆောင်အရာရှိ (Executive Officer) ကျား/မ(၁)ဦး
- အသက် (၄၅ မှ ၅၅ နှစ်အတွင်း) ဖြစ်ရမည်။
- ဘွဲ့တစ်ခုခု ရရှိပြီးသူဖြစ်ရမည်။
- အင်္ဂလိပ်စာ အရေး၊ အဖတ်၊ အပြော သင့်တင့်စွာ ကျွမ်းကျင်ရမည်။
- စီမံခန့်ခွဲရေးနှင့် ရုံးလုပ်ငန်းဆိုင်ရာ အတွေ့အကြုံ (၃) နှစ် အထက်ရှိရမည်။
- အစိုးရရုံး လုပ်ထုံးလုပ်နည်းများကို သိရှိရမည်။
- ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

(၂) ပြည်တွင်း ပြည်ပဆက်ဆံရေးအရာရှိ (Relationship Officer) ကျား(၁)ဦး
- အသက် (၄၀ မှ ၅၅ နှစ်အတွင်း) ဖြစ်ရမည်။
- ဘွဲ့တစ်ခုခု ရရှိပြီးသူဖြစ်ရမည်။ (သစ်တောဆိုင်ရာဘွဲ့ရရှိထားသူ ဦးစားပေးမည်)
- အင်္ဂလိပ်စာ အရေး၊ အဖတ်၊ အပြော ကျွမ်းကျင်ရမည်။
- ကွန်ပျူတာကျွမ်းကျင်စွာ အသုံးပြုနိုင်သူဖြစ်ရမည်။
- သက်ဆိုင်ရာလုပ်ငန်း အတွေ့အကြုံ (၃)နှစ် အထက် ရှိရမည်။
- ပြည်တွင်း၊ ပြည်ပ ခရီးသွားနိုင်သူဖြစ်ရမည်။

(၃) သစ်အခြေခံကျွမ်းကျင်သူ (Woodbased Product Development Officer) ကျား(၁)ဦး
- အသက် (၄၀ မှ ၅၅ နှစ်အတွင်း) ဖြစ်ရမည်။-
- ဘွဲ့တစ်ခုခု ရရှိပြီးသူဖြစ်ရမည်။
- နိုင်ငံတကာဈေးကွက်နှင့် ကျွမ်းကျင်သူဖြစ်ရမည်။
- သစ်အခြေခံစက်ရုံများတွင် တာဝန်ထမ်းဆောင်ဖူးသူဖြစ်ရမည်။
- ကွန်ပျူတာ ကျွမ်းကျင်စွာ အသုံးပြုနိုင်သူ ဖြစ်ရမည်။
- ပြည်တွင်း၊ ပြည်ပ ခရီးသွားနိုင်သူ ဖြစ်ရမည်။

လျှောက်ထားလိုသူသည် ဓာတ်ပုံ(၂)ပုံ၊ ကိုယ်ရေးရာဇဝင် (CV)၊ ပညာအရည်အချင်းအထောက်အထား၊ လုပ်ငန်းအတွေ့အကြုံ အထောက်အထား၊ မျှော်မှန်းလစာ၊ နိုင်ငံသားကတ်မိတ္တူ၊ အလုပ်သမားကတ်မိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံချက်နှင့်အတူ ၁၉-၆-၂၀၁၅ရက် နောက်ဆုံးထား၍ အောက်ဖော်ပြပါလိပ်စာသို့ ဆက်သွယ်ပေးပို့ လျှောက်ထားနိုင်ပါသည်။

မြန်မာနိုင်ငံသစ်တောထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းချုပ်
အမှတ်(၂၉)၊ မင်းရဲကျော်စွာလမ်း၊ **UMFCCI Tower (7 Flr)** လမ်းမတော်မြို့နယ်။
ဖုန်း-၂၁၄၈၃၈၊ ၂၁၄၈၃၉၊ ၂၁၄၈၄၀



အာရှနဂါး
Asia Dragon ကျိုက်ထီးရိုး
ချောင်းသာ / ငွေဆောင်
Ph : 703790, 09-861-9008
707062, 09-861-7770



## ဖခင်အမည်မှန်

တွံတေးမြို့နယ်၊ တန်းလျားလေး အထက (ခွဲ)မှ မခင်နန္ဒာ ဒသမတန်းနှင့် မောင်ဇင်ကိုနဝမတန်းတို့၏ဖခင် ဦးစိန်သောင်း အမည်မှန်မှာ ဦးသောင်းစိန် [၁၂/တတန (နိုင်) ၀၇၅၃၄၁]ဖြစ်ပါသည်။ ဦးသောင်းစိန်



## ကန့်ကွက်နိုင်ကြောင်းကြေညာစာ

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ မှော်ဘီမြို့နယ်၊ အင်းလျှက်ကျေးရွာအုပ်စု၊ ရင်းတိုက်ပင်ကျေးရွာ၊ ရေပြာ-ကွင်းခြံကုန်းရွာချင်းဆက်လမ်းပေါ်ရှိ ကွင်း-အကွက်အမှတ်(၅၇၁/ခ)၊ ကွင်းအကွက်အမည်-(ရင်းတိုက်ပင်)၊ ဦးပိုင်အမှတ်(၁၉/၂)၊ မြေဧရိယာ(၆. ၉၁)ဧကရှိ လယ်ယာမြေ အမျိုးအစားမြေကွက်ကို အမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဦးအားဟွာ[၁၃/လရန(နိုင်) ၁၀၁၀၂၉] ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် သဘောတူ၍ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထား ပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်အရောင်းအဝယ်ကို မည်သူမဆိုကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းများ၊ စာချုပ်မူရင်းများနှင့်တကွ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက် နိုင်ပါသည်။ ကန့်ကွက်မှုမရှိ၍ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို တရားဥပဒေနှင့် အညီ ပြီးစီးသည့်တိုင်အောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သင်းသင်းဝေ **B.A(Law)(LL.B)**၊ တရားလွှတ်တော်ရှေ့နေ(စဉ်-၈၁၉၄)
အမှတ်(၂၇၄)၊ ဒု-ထပ်၊ အနော်ရထာလမ်း၊ (၃)ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၄၉၂၅၅၃၀၁



## General Manager

**Job Description:-**
This position is best served by someone with strong business to business sales experience.
Knowledge of heavy construction equipment will be an added advantage. The General Manager(GM) will bedirectly responsible, and fully accountable, for the sale of heavy equipment machinery. The GM's responsibility includes but is not limited to business development, sales & operation management, sales planning, and market development. The desired candidate must have a strong understanding of the principles of sales management, cost structures, credit risks, and cash flows.

**Responsibilities:-**
- Provide overall leadership and direction for the department
- Lead, motivate and coach the team to perform the functions effectively and efficiently
- Drive profitable sales and develop annual sales plan.
- Understand competition, market trend and customer base in order to formulate customer sales plan.
- Set individual sales target and drive the sales team to outperform
- Work with manufacturer to coordinate sales, product training and ordering
- Cultivate, and enhance, relationships with new and existing customers
- Provide timely report for sales, order forecast and updates
- Perform other related duties as assigned

**Requirements:-**
- Bachelor Degree or equivalent
- Around 5-10 years' experience in sales
- Strong analytical and negotiation skills
- Good interpersonal and communication skills
- Preferably with driving license
- Ability to work in a rapidly changing and emerging market
- Business proficiency in English, and Burmese/Mandarin is desirable

**To Contact:-**
- **Prime Moving Forward Auto Service Co.,Ltd.**
- No.74, Lanthit Street, Nantharkone Ward, Insein Township.
- Email:winthein610@gmail.com
- Ph:09977720597

# EXIM BANKချေးငွေများ မြို့နယ်အတွင်းရှိ အခြေခံ သမဝါယမအသင်း ၁၄၄ သင်းသို့ ထုတ်ချေးပေးရေး ညှိနှိုင်း

**သာစည် ဇွန် ၁၄**

၂၀၁၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို ဂုဏ်ပြုသောအားဖြင့် EXIM Bank ချေးငွေရရှိခံစားပြီးသော အခြေခံသမဝါယမအသင်းများအနေဖြင့် ပုံပိုးချေးငွေများ သတ်မှတ်ရက်အတွင်း အချိန်မီပြန်လည်ပေးဆပ်နိုင်ရေးနှင့်ထပ်မံရယူမည့် ပံ့ပိုးချေးငွေကိစ္စများနှင့် ပတ်သက်၍ မြို့နယ်အတွင်းရှိအခြေခံသမဝါယမအသင်း ၁၄၄ သင်းတို့နှင့် တွေ့ဆုံညှိနှိုင်း အစည်းအဝေးကို ဇွန် ၁၃ ရက် နံနက် ၁၀ နာရီက သာစည်မြို့ မြို့နယ်သမဝါယမအသင်းစုရုံးတွင် ပြုလုပ်ခဲ့ကြောင်းသိရသည်။

အဆိုပါ ညှိနှိုင်းဆွေးနွေးပွဲတွင် မြို့နယ်အသင်းစုဥက္ကဋ္ဌ ဦးခင်မောင်ဇော်က အခြေခံသမဝါယမအသင်း အမှုဆောင်များ၏ အခန်းကဏ္ဍသည်သမဝါယမလုပ်ငန်းများ အောင်မြင်ရန်အတွက် အဓိကကျကြောင်း၊ အခြေခံခိုင်မာမှ တောင့်တင်းသော သမဝါယမအဆောက်အအုံ ဖြစ်နိုင်မည်ဖြစ်ကြောင်း ပြောကြားပြီး၊ မြို့နယ်သမဝါယမဦးစီးဌာနမှူးရုံးမှ ဦးစီးမှူး ဦးကျီးညိုက အခြေခံသမဝါယမအသင်းများအနေဖြင့် သမဝါယမဦးတည်ချက်နှစ်ရပ်၊ လုပ်ငန်းစဉ်ငါးရပ် အပါအဝင် အသင်းဝန်ထမ်းနှင့် အမှုဆောင်များလိုက်နာရမည့် သံမဏိစည်းကမ်းများကို အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် ဒုတိယအကြိမ် EXIM Bank သမဝါယမချေးငွေ ရယူထားခဲ့ကြသော အခြေခံသမဝါယမအသင်းများမှ ပြန်လည်ပေးဆပ်ရမည့် သတ်မှတ်ကာလမတိုင်မီ အစောဆုံး တာဝန်ကျေစွာပေးဆပ်နိုင်ခဲ့ကြသည့် အသင်း ၁၀ သင်းကိုအသင်းစုဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ အသီးသီးပေးအပ် ချီးမြှင့်ခဲ့ကြသည်။

ဆက်လက်၍ တိုင်းသမဝါယမအသင်းမှ သာစည်မြို့နယ်အတွင်းရှိ အခြေခံသမဝါယမအသင်း ၃၆ သင်းသို့ ထုတ်ချေးပေးထားသော ငွေကျပ်သိန်း ၁၂၇၆ နှင့် အတိုးငွေ ကျပ်သိန်း ၁၁၀ တို့ကို အခြေခံအသင်းများမှ စုပေါင်း၍ အသင်းစုဥက္ကဋ္ဌထံသို့ ပေးအပ်ကြပြီးနောက် ၂၀၁၅ ခုနှစ် ဇန်နဝါရီလက မြို့နယ်အတွင်းရှိ စိုက်ပျိုးရေးသမဝါယမအသင်း ၁၄၄ သင်းတို့မှ အသင်းသား ၁၃၈၃၅ ဦးတို့က EXIM Bank မှ ချေးငွေကျပ်သိန်းပေါင်း ၁၃၀၅၀ ကို စာချုပ်သတ်မှတ်ကာလမပြည့်မီ ဇွန် ၂၅ ရက်တွင် အကျေပေးဆပ်သွားမည်ဖြစ်ကြောင်း အသင်းသားများက ကတိပေးခဲ့ကြသည်။

**မောင်ကို (သာစည်)**

## ကောလင်းမြို့၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကျင်းပ

**ကောလင်း ဇွန် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်သစ်တောဦးစီးဌာနမှ ကြီးမှူး၍ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ဇွန် ၁၃ ရက် နံနက် ၉ နာရီက အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း၌ ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲမြတ်တင့်နှင့် ဝန်ထမ်းများ၊ မြို့နယ်သစ်တောဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဦးသိန်းနိုင်ကြွယ်နှင့်ဝန်ထမ်းများ၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်ဝန်ထမ်းများ၊ ကျောင်းအုပ်ဆရာကြီးများနှင့်ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲမြတ်တင့်က အမှာစကားပြောကြားပြီး မြို့နယ်သစ်တောဦးစီးဌာနမြို့နယ်ဦးစီးအရာရှိ ဦးသိန်းနိုင်ကြွယ်က မိုးရာသီသစ်ပင်စိုက်ပျိုးရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် ကျွန်းပျိုးပင် ၃၂၀၊ မဟော်ဂနီပင် ၁၀၀၊ ပိတောက်ပင် ၁၀၀၊ ကံ့ကော်ပင် ၁၀၀၊ မျောက်ငိုပင် ၁၀၀၊ စုစုပေါင်းပျိုးပင် ၇၂၀ ကို စုပေါင်းစိုက်ပျိုးပေးခဲ့ကြကြောင်း သိရသည်။

**ကောလင်း(ပြန်/ဆက်)**



## မူးယစ်ဆေး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးဟောပြော

**ပခုက္ကူ ဇွန် ၁၄**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင်ရဲတပ်ဖွဲ့မှ ဇွန်လ ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အကြိုပညာပေးဟောပြောပွဲ အခမ်းအနားကို ဇွန် ၁၂ ရက် နံနက်၉ နာရီခွဲမှ မွန်းလွဲ ၁၂ နာရီခွဲအထိ ပခုက္ကူမြို့ အမှတ် (၁၅) ရပ်ကွက် မြို့မလမ်းရှိ ပညာရေးဝန်ကြီးဌာန ဆရာအတတ်သင်ပညာနှင့် လေ့ကျင့်ရေး ဦးစီးဌာနပညာရေးကောလိပ်ရှိ ပညာစစ်သည်ခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားတွင် ဆရာအတတ်သင်ပညာနှင့် လေ့ကျင့်ရေး ဦးစီးဌာန ပညာရေးကောလိပ်၊ ခေတ္တကျောင်းအုပ်ကြီး စာပေဌာနမှူး ဒေါ်ခင်ခင်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး ပခုက္ကူခရိုင်ရဲတပ်ဖွဲ့၊ ဒုတိယခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးညွန့်ဇော်က မူးယစ်ဆေးဝါးနှင့် ပတ်သက်သည့် အကြောင်းအရာနှင့် ပြစ်ဒဏ်များကို ပြောကြားခဲ့သည်။

ဒုတိယခရိုင်ကျန်းမာရေးမှူး ဒေါက်တာတင်မောင်ထွေးက မူးယစ်ဆေးဝါးနှင့် ပက်သက်၍ ကျန်းမာရေးအသိပညာပေးဟောပြောခဲ့သည်။ ခရိုင်ဥပဒေအရာရှိ ဦးခင်မောင်ဝင်းက မူးယစ်ဆေးဝါးဥပဒေများအကြောင်းပြောကြားခဲ့ပြီး ခရိုင်တရားသူကြီး ဦးမြင့်ကျော်က မူးယစ်ဆေးဝါးနှင့်ပက်သက်သည့် ပြစ်ဒဏ်များအားပြောကြားခဲ့သည်။ **ညိုညိုဝင်း (မကွေး)**

## ကမ္ဘာ့ကြက်ခြေနီနေ့အထိမ်းအမှတ် ဆုပေးပွဲ ဒီမောဆို၌ ကျင်းပ

**ဒီမောဆို ဇွန် ၁၄**

ကယားပြည်နယ် ဒီမောဆိုမြို့နယ်တွင် (၆၇) နှစ်မြောက် ကမ္ဘာ့ကြက်ခြေနီနေ့အထိမ်းအမှတ် ဆုပေးပွဲကို ဇွန် ၁၃ ရက် နံနက် ၉ နာရီက မြို့နယ်ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်လှိုင်က အမှာစကားပြောကြားပြီး (၆၇) နှစ်မြောက် ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ်တစ်ဦးချင်း စွမ်းရည်ပြိုင်ပွဲ၊ နှစ်ဦးချင်း စွမ်းရည်ပြိုင်ပွဲနှင့် ၂၀၁၅ ခုနှစ်အတွင်း လမ်းအန္တရာယ်နှင့် သဘာဝဘေးအန္တရာယ်များတွင် ကူညီဆောင်ရွက်ပေးကြသော စေတနာ့လုပ်အားရှင်များအား တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မြို့နယ် ပြန်/ဆက်**


ငါးရစ်ငါးသန် ဘေးမဲ့ချန်
ပုံမှန်စားသုံးမျိုးမသုဉ်း



### ဂရန်မူရင်းပယ်ဖျက်ပြီးကြောင်း အသိပေးကြေညာခြင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၄၊ မြေကွက်အမှတ်-က/၁၉၅၊ မြေကွက်တည်နေရာအမှတ်- က/၁၉၅၊ သဘော်ကျင်း-၄လမ်း၊ သဘော်ကျင်းရပ်ကွက်၊ ဒေါပုံမြို့နယ်၊ (ဦးသာချို)[၁၂/ဒပန(နိုင်)၀၂၅၅၃]၊ (ဦးဘဲလူး)(KTN-၀၂၇၉၀၃) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် များဖြစ်ကြသော ဦးသာချိုနှင့် ဦးဘဲလူးတို့ ကိုယ်တိုင်မှ ဂရန်စာအုပ်၏ မျက်နှာဖုံးနှင့် စာမျက်နှာ (၁၊၂၊၃၊၄)တို့ မူရင်းတင်ပြနိုင်ပြီး ဂရန်စာအုပ်၏ စာမျက်နှာ(၅၊၆)တို့ ပျက်စီး၊ စုတ်ပြဲသွားကြောင်း ကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် ရဲစခန်းထောက်ခံချက်၊ ကိုယ်တိုင်ကတိဝန်ခံချက်များတင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာခြင်းအား ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်ဆောင်ရွက်ပြီး ဂရန်မိတ္တူ ခွင့်ပြုပြီးဖြစ်၍ အမှုတွဲအမှတ်(ဒပ/၁၄/၀၂၄၈/၉၃) ၂၃-၉-၉၃ ဖြင့် မူလထုတ်ပေးထားသည့် ဦးသာချို၊ ဦးဘဲလူး အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်ဂရန်(မူရင်း)စာအုပ်အား မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှု ဌာနမှ ပယ်ဖျက်ပြီးဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ



### မိခင်အမည်မှန်

အထက(၁)ကြည့်မြင်တိုင်၊ ဒုတိယတန်းမှ မစုလှိုင်ဖြိုး၏မိခင်အမည်မှန်မှာ ဒေါ်ကျင်သိန်း [၈/တတက(နိုင်)၂၀၃၁၇၄]ဖြစ်ပါသည်။

ဒေါ်ကျင်သိန်း



### အိမ်နှင့်ခြံငှားမည်

ကမ္ဘောဇလမ်း၊ ဗဟန်းမြို့နယ်၊ နှစ်ထပ်တိုက်နှင့် လုံလောက်သော ကားပါကင် နေရာငှားရန်ရှိသည်။

**ဆက်သွယ်ရန်ဖုန်း**-၀၉-၂၅၄၀၁၃၅၈၄



### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၀)၊ မြေကွက်အမှတ်(၂၁၁)၊ မြေကွက်တည်နေရာအမှတ်(၁၈)၊ ယုဝလမ်း၊ (ခ)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ဦးခင်အေး[၁၂/သဃက(နိုင်)၁၂၄၃၂၄] အမည်ပေါက် မြေပိုင်မြေ(လ/န)အိမ်ရာမြေအား အမည်ပေါက် ဦးခင်အေး [၁၂/သဃက(နိုင်)၁၂၄၃၂၄] ကိုယ်တိုင်မှ မြေစာရင်းရှိ ၂၀၀၃ ခုနှစ် ထုတ်ယူထားသည့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံမူရင်း ပျောက်ဆုံးကြောင်း ကိုယ်တိုင်တရားရုံးကျမ်းကျိန်လွှာတင်ပြ၍ မြေကွက်ခွဲစိတ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ



### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ အုတ်ဖိုကျေးရွာအားရပ်ကွက်အဆင့် ပြန်လည်ပြင်ဆင်နေရာချထားခဲ့ရာတွင် ပါဝင်သူ ဒေါ်သန်းကြည်[၁၂/ရပသ(နိုင်)၀၁၁၈၅၃]သည် မြေတိုင်းရပ်ကွက်အမှတ်(၁၆/တိုးချဲ့)၊ မြေကွက်အမှတ်(၆၉၉)၊ အကျယ်အဝန်းပေ(၄၀×၆၀)တွင် မြေကွက်ရရှိခဲ့ပါသည်။ အမည်ပေါက် ဒေါ်သန်းကြည်မှ မြေချပါမစ်မထုတ်ရသေးပါသဖြင့် ပါမစ်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ မြေပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ထုတ်ပေးရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ဤရုံးသို့(၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဒေါ်သန်းကြည် အမည်ဖြင့် မြေချပါမစ်ထုတ်ပေးသွားမည်ဖြစ်ပါသည်။ မြေယာဌာနခွဲ

မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
ရွှေပြည်သာမြို့နယ်



### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ ဇီးကုန်းကျေးရွာ၊ အပိုင်း(၁+၂)မှ ပြောင်းရွှေ့ချထားခံရသူ ဦးစံလှသိန်း[၁၂/ရပသ(နိုင်)၀၁၈၇၈၇]သည် မြေတိုင်းရပ်ကွက်အမှတ်(န/၅၃)၊ မြေကွက် အမှတ်-၄၆၇(က)၊အကျယ်အဝန်းပေ(၂၀× ၆၀)တွင် မြေကွက်ရရှိခဲ့ပါသည်။ ဦးစံလှသိန်း မှ မြေချပါမစ်မထုတ်ရသေးပါသဖြင့် ပါမစ်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ မြေပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ထုတ်ပေးရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ဤရုံးသို့ (၁၄)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် အတွင်း ကန့်ကွက်မည့်သူမရှိပါက ဦးစံလှသိန်း အမည်ဖြင့် မြေချပါမစ်ထုတ်ပေးသွားမည် ဖြစ်ပါသည်။

မြေယာဌာနခွဲ
မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
ရွှေပြည်သာမြို့နယ်



### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇၀)၊ မြေကွက်အမှတ်(၁၀၈၉/က)၊ မြေကွက်တည်နေရာအမှတ်(၁၀၈၉/က)၊ ရွှေကိန္နရီ(၃)လမ်း၊ (၇၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (ဒေါ်ခင်ပြုံးမြင့်)(TME-၀၁၂၀၆၅)[၁၂/တမန(နိုင်)၀၈၈၁၇၁] အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဒေါ်ခင်ပြုံးမြင့်က မြေချပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ် ရေးမှူးရုံးနှင့်ရဲစခန်းထောက်ခံချက်၊ တရားရုံး ကျမ်းကျိန်လွှာ၊ ဌာနဝန်ခံချက်များတင်ပြပြီး ပါမစ်ပျောက်ဖြင့် နှစ်(၆၀)မြေငှားစာချုပ် (ဂရန်)လျှောက်ထားလာရာ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ



### FISCA Security & Communication Co.,Ltd.

### ဖွဲ့စည်းပြီးကြောင်းကြေညာချက်အပေါ် ကန့်ကွက်ပါကြောင်း အသိပေးကြေညာခြင်း

အထက်တန်းရှေ့နေ "စိုးပိုင်" အမည်ဖြင့် FISCA Security & Communications Co.Ltd. ဖွဲ့စည်းတည်ထောင်ပြီးကြောင်း အသိပေးကြေညာချက်တို့ကို FISCA Security & Electrical Engineering Co.,Ltd. ၏ (စာရင်းရှင်းလင်းဖျက်သိမ်းဆဲ) ဒါရိုက်တာဒေါ်ယဉ်ယဉ်စိန်၏ ညွှန်ကြားချက်အရ ကန့်ကွက်ကြောင်း ကြေညာအပ်ပါသည်။

၁။ "FISCA" အမည်ဖြင့် Logo အမှတ်တံဆိပ်ကို ရန်ကုန်မြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ တရားဝင်မှတ်ပုံတင်သွင်း၍ FISCA Security & Electrical Engineering Co.,Ltd ကို ကုမ္ပဏီမှတ်ပုံတင်အမှတ်-၁၇၄/FC (၁၉၉၇-၁၉၉၈) နိုင်ငံခြားကုမ္ပဏီအဖြစ် မှတ်ပုံတင်သွင်းလုပ်ကိုင်ခဲ့ရာ၌ နိုင်ငံသားအနေဖြင့် ဖခင်ဦးစိန်ကြိုင်ဦးစီးပြီး ညီအစ်ကိုမောင်နှမ အရင်းများဖြစ်ကြသည့် ဒေါ်ယဉ်ယဉ်စိန်၊ ဦးဇော်ဝိတ်၊ ဦးဇော်ဝင်းတို့က လုပ်ကိုင်ခဲ့ရာ ကုမ္ပဏီ၏ ရုံးခန်းတည်နေရာသည် အမှတ်(၁-B)၊ အခန်း(၁၀၁)၊ မြေညီထပ်၊ (၉)မိုင်၊ ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ဖြစ်ပါသည်။ ကုမ္ပဏီ၏လုပ်ငန်းများ လုပ်ကိုင်ရာ၌ FISCA Logo အမှတ်တံဆိပ်ဖြင့် တရားဝင်လုပ်ကိုင်ပြီး နာမည်ကောင်းဖြင့်ထင်ရှားခဲ့ပါသည်။

၂။ ထိုသို့လုပ်ဆောင်ရာမှ ကုမ္ပဏီအနေဖြင့် လုပ်ငန်းများလုပ်ကိုင်နိုင်ခြင်းမရှိတော့သည့်အတွက် ဒါရိုက်တာဖြစ်သူဒေါ်ယဉ်ယဉ်စိန်က ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းပေးစေလိုမှုကို ရန်ကုန်တိုင်းဒေသကြီး၊ အနောက်ပိုင်းခရိုင်တရားရုံးတော်၌ တရားစွဲဆိုခဲ့ရာ တရားမအထွေထွေမှုအမှတ်-၁၁၆/၂၀၁၁ ဖြင့် ၂၉-၉-၂၀၁၄ ရက်တွင် ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းစေရန် တရားရုံးတော်က အမိန့်ချမှတ်ပြီး စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးကျော်ညွန့်အား ခန့်ထားခဲ့ပါသည်။ ထိုသို့ စာရင်းရှင်းလင်းဖျက်သိမ်းရန် အမိန့်ချမှတ်ကြောင်းကို နေ့စဉ်ထုတ်သတင်းစာ၌လည်းကောင်း၊ နိုင်ငံတော်ပြန်တမ်း၌လည်းကောင်း အတိအလင်းကြေညာပြီးဖြစ်ပါသည်။

၃။ ထိုကဲ့သို့ အခြေအနေတွင် အထက်တန်းရှေ့နေ "စိုးပိုင်"(B.Com.,D.A,RL) (အဘိဓမ္မာဂုဏ်ထူးဆောင်)(စဉ်-၁၉၃၉၃) အမည်ဖြင့် လွှဲအပ်ညွှန်ကြားသူ၏ အမည်နာမမပါဘဲ FISCA Logo အမှတ်တံဆိပ်ကိုသုံးစွဲ၍ FISCA Security & Communications Co.,Ltd. ဖွဲ့စည်းကြောင်းနှင့် ရုံးခန်းလိပ်စာကိုလည်း မူလ FISCA Security & Electrical Enginerring Co.,Ltd ၏လိပ်စာကို ထည့်သွင်းကြေညာခြင်းတို့သည် တရားရုံးတော်၌ စစ်ဆေးဆဲအမှုကို မျက်ကွယ်ပြုရာရောက်သောကြောင့် ဥပဒေနှင့်ညီညွတ်ခြင်းမရှိပါ။

၄။ သို့ဖြစ်၍ လွှဲအပ်ညွှန်ကြားသူ၏ အမည်နာမမပါရှိဘဲ စိုးပိုင်(အထက်တန်းရှေ့နေ)(စဉ်-၁၉၃၉၃)က FISCA Logo အမှတ်တံဆိပ်၏ အစိတ်အပိုင်းများအားလုံးကိုလည်းကောင်း၊ တစ်စိတ်တစ်ပိုင်းကိုလည်းကောင်း သုံးစွဲ၍ကြေညာခြင်းတို့သည် တရားရုံးတော်၏အမိန့်အရ စာရင်းရှင်းလင်းဖျက်သိမ်းဆဲဖြစ်ပါသောကြောင့် စာရင်းရှင်းလင်းဖျက်သိမ်းဆဲကုမ္ပဏီ၏ရုံးခန်းကိုသော်လည်းကောင်း၊ ကုမ္ပဏီ၏အမှတ်တံဆိပ်ကိုလည်းကောင်း သုံးစွဲခွင့်မရှိကြောင်း ကန့်ကွက်အပ်ပါသည်။ ဆက်လက်သုံးစွဲပါက ဥပဒေအရ အရေးယူဆောင်ရွက်ရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ- ဒေါ်ဆွေဆွေညိမ်း(**LL.B,D.B.L,D.A.Psy**) တရားလွှတ်တော်ရှေ့နေ(စဉ်-၃၅၃၀)
ဦးဇော်ဝင်းလှိုင်(**LL.B**) အထက်တန်းရှေ့နေ(စဉ်-၃၁၅၁၉)

အမှတ်-၅၀၊ ဒုတိယထပ်၊ အခန်း(**A-6**)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၈၂၂၃၄

အခန်းဆက်ဝတ္ထုရှည်



# သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည် . . . ခိုင်

တက္ကသိုလ်ဘုန်းနိုင်

*ကြေးမုံသတင်းစာတွင် ဝတ္ထုကဏ္ဍယခင်ကထည့်သွင်းဖော်ပြပေးခဲ့ဖူးပါသည်။ ထိုဝတ္ထုကဏ္ဍကို စာဖတ်ပရိသတ်များ ပြန်လည်ဖတ်ရှုနိုင်ရန်အတွက် ကြေးမုံသတင်းစာတွင် နေ့စဉ် ပြန်လည်ဖော်ပြပေးလိုက်ပါသည်။ ထိုသို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ် စွဲလမ်းဆဲလက်စရှိသည့် ဆရာတက္ကသိုလ်ဘုန်းနိုင်၏ "သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည် . . . ခိုင်" ဝတ္ထုကို အခန်းဆက်ဝတ္ထုအဖြစ် ဦးစွာတင်ဆက်ပေးလိုက်ပါသည်။*

*ထိုဝတ္ထုကို ရုပ်ရှင်ဇာတ်ကားကြီးအဖြစ်ရိုက်ကူးတင်ဆက်ခဲ့ပြီးဖြစ်သော်လည်း ရုပ်ရှင်ရသခံစားမှုထက် ဝတ္ထုရသခံစားမှုက ပရိသတ်အား ပိုမိုဆွဲဆောင်မှုရှိသည်ကို ဖတ်ရှုလေ့လာ သိသာနိုင်ရန်ဖြစ်ပါသည်။ ယင်းနောက် စာဖတ်ပရိသတ်၏ နှလုံးသားကို စွဲငြိစေမည့် ရသမြောက်သည့် ထင်ရှားသော ဝတ္ထုများကိုလည်း ဆက်လက်ဖော်ပြပေးသွားမည် ဖြစ်ပါသည်။ (စာတည်း)*

**ယမန်နေ့မှအဆက်**

**(၂၈) သူ့အတွက် ကိုယ့်မှာတမ်း**

ရန်ကုန်ဆေးရုံကြီး၌ ကျွန်တော်သည် နှစ်နှစ်ကျော် အမှုထမ်းခဲ့ရသည်။ ထိုနှစ်များသည် ဘဝ၌ ကျေနပ်ဖွယ် အကောင်းဆုံးသောနှစ်များ ဖြစ်ခဲ့ပါ၏။

လူတစ်ဦးအနေနှင့် မိမိဝါသနာပါသောအလုပ်ကို လုပ်ခွင့်ရခြင်းသည် စိတ်ချမ်းသာဖွယ် ဖြစ်ပါ၏။

မိမိ ဝါသနာပါသည့်အတိုင်း လုပ်နေရသောအလုပ်သည် သမ္မာအာဇီဝလည်းဖြစ်၍ နတ်လူသာဓုခေါ်သော အလုပ် ဖြစ်ပြန်လျှင် အလုပ်သည် တာဝန်မမည်တော့။ ပင်ပန်းခြင်း ဆိုသည်ကိုလည်း သတိမပြုမိ။

နေ့တိုင်းသည် မင်္ဂလာပြည့်၍ အချိန်ဆိုသည် ငြီးငွေ့ဖွယ်ကို မမြင်။ လူ့ဘဝသည် ခင်မင်တွယ်တာဖြစ်လျက်၊ လောကသည်လည်း ဖော်ရွေပြေပြစ်နေ၏။

ဆရာဝန်တစ်ဦးအဖြစ်နှင့် ကျွန်တော်သည် ဘဝကို ဤသို့ကျေနပ်နှစ်သိမ့်ခဲ့ပါ၏။

အလုပ်မှ အားလပ်ခွင့်ရတိုင်း ကျွန်တော်သည် သန်လျင်မြို့သို့ ပြန်လေ့ရှိသည်။ ဖေဖေ့ဆေးခန်း၌ ကူလုပ်ရသည်မှာ ပျော်ဖွယ်ကောင်း၏။ ဆေးပညာ၏ နောက်ဆုံးတိုးတက်မှုများကို ဖေဖေနှင့် ဆွေးနွေးရသည်မှာလည်း ပျင်းရိဖွယ်မရှိ။

ဖေဖေ၏ ကြည်နူးမှုကိုလည်း ကျွန်တော် အထူးဖော်ပြရန်မလို။ ဖခင်တိုင်းသည် သားကို မိမိ၏ ကိုယ်ခွဲပုံတူအဖြစ် ရှုမြင်လိုသည်။ ဤဆန္ဒနှင့် ပြည့်ဝခဲ့သော ဖေဖေသည် ကံကောင်းပါ၏။ ဖေဖေ့သား ဖြစ်ရသော ကျွန်တော်သည်လည်း ကံကောင်းပါ၏။

သန်လျင်သို့ ပြန်ရောက်တိုင်း ကျွန်တော်သည် ကျွန်တော့်ငယ်ချစ် ပီယာနိုနှင့် ပြန်တွေ့ရသည်။

ကျွန်တော်ငယ်ငယ်က တီးခဲ့ရသော ရှွန်းနစ်(ခ်) အမျိုးအစား ဂရန်း(ဒ်) ပီယာနိုကြီးတော့ မဟုတ်ပါ . . .။ ဖေဖေအသစ်ဝယ်ပေးထားသော လင်းဘတ်(ထ်) အမျိုးအစား မတ်ရပ်ပီယာနို ဖြစ်ပါ၏။

ဖေဖေ၏ အတွေးအခေါ်တစ်ရပ်က ကျွန်တော့်ခေါင်းထဲ စွဲနေသည်။ ဖေဖေက ဆိုလေ့ရှိသည်။

မေတ္တာနှင့် တည်ထောင်ထားသော ဤလူ့ဘောင်တွင် ကရုဏာတရား ရင်ဝယ်အစဉ်ရှိနေရန်အတွက် လူတစ်ယောက်၏ နှလုံးသား၌ လူသားတို့၏ အမွေ . . .။ လူ့ယဉ်ကျေးမှု၏ အမြုတေဖြစ်သော စာပေ၊ ကဗျာ၊ လင်္ကာ၊ ဂီတ အနုပညာတို့ ကိန်းအောင်း နေရမည် ဟူသတည်း။

ကျွန်တော်သည် ပီယာနိုကို မှန်မှန်ပြန်တီးမိသည်။ ထိုအခါ ဂီတ၌ ကျွန်တော် အမြင်သစ်များ ထပ်မံရရှိခဲ့သည်။

လူ့စိတ်သည် ကျဉ်းမြောင်းသော ရုပ်ကမ္ဘာကို လွန်၍ ခရီးသွားလိုသည်။ ထိုအခါ ဂီတသည် ယာဉ်ကောင်းပေတည်း။ မျက်လုံးစက္ခုအကြည်ဓာတ်နှင့် မမြင်နိုင်ဘဲ ဟဒယဝတ္ထုသည်သာ ခံစားသိနိုင်သော တစ်နယ်တစ်ပယ်၌ လှပတင့်တယ်မှုတို့ ရှိသည်။ ထိုနယ်ပယ်သို့ ကူးရန် ဂီတသည်သာ တံတား ဖြစ်လေ သတည်း။ နှုတ်နှင့် လျှာမှဖြစ်သော စကားတို့နှင့် မဖော်ပြနိုင်သော သစ္စာတရားတို့ရှိသည်။ ထိုသစ္စာတရား၏ သဘောသည် ဂီတသည် သိလေသတည်း။

ကျွန်တော်သည် ထူးမခြားနား သီချင်းကြီး၌ ဘဝ၏ ကြည်လင်တောက်ပမှုကို သွားတွေ့သည်။

ယမုန်နာပတ်ပျိုး၌ လူနှင့် လူ့ပတ်ဝန်းကျင်၏ အညမညသဘောကို သွားမြင်သည်။ အထူးသဖြင့် အောင်မြေသာ စံပတ်ပျိုး၌ ဘဝ၏ မျှော်လင့်ချက်နှင့် အင်အားကို သွားရင်ဆိုင်မိသည်။

ကျွန်တော်နှင့် ဂီတသည် သစ်ဆန်းသော ပေါင်းဖွဲ့မှုနှင့် ပြန်လည်ပေါင်းဖွဲ့ခဲ့မိကြပါ၏။

ငြိမ်းမောင် ပြောသကဲ့သို့ ဤလောကကြီးမှ အစစ ရနေသူဖြစ်သောကြောင့် ကြောင့်ကြခြင်း ကင်းလေသဖြင့် ဘဝကို ကျေနပ်တင်းတိမ်စွာ ရှုမြင်နေမိလေသည်လော မပြောတတ်။

ရန်ကုန်ဆေးရုံကြီး၌ တာဝန်ထမ်း၍ တစ်နှစ်ပြည့်သော အချိန်တွင် ခေါ်သော နိုင်ငံခြားပညာတော်သင်ခွင့်ကို ကျွန်တော် လျှောက်ထားခဲ့သည်။ ပညာတော်သင်အဖြစ် အရွေးခံရမည်ဟုလည်း မိမိကိုယ်မိမိ ယုံကြည်မှုအပြည့်ရှိခဲ့ပါသည်။

ပညာတော်သင်အဖြစ်သွားရန် ရေးဖြေစာမေးပွဲ၊ နှုတ်တိုက်မေးဖြေ စစ်ဆေးခြင်းများကို အဆင့်ဆင့် ရင်ဆိုင်ခဲ့ရပါသည်။ အားလုံးကို အောင်မြင်ပြီးသည့်တိုင်အောင် မိမိသွားလိုသောနိုင်ငံမှာ တက္ကသိုလ်က မိမိကို လက်ခံနိုင် လက်မခံနိုင်၊ လက်ခံနိုင်သည့်တိုင်အောင် ဘယ်နှစ်မှ လက်ခံနိုင်သည် ဆိုသည်တို့ကို စောင့်ရပါသည်။ ကျွန်တော်က ဖေဖေ့ဆန္ဒအတိုင်း အက်(ဖ်)အာ(ရ်)စီအက်(စ်)ဘွဲ့ လိုချင်သဖြင့် အင်္ဂလန်နိုင်ငံကိုသာ ရွေးချယ်ခဲ့ပါ၏။

ဤသို့ စောင့်ဆိုင်းနေသော နှစ်အတွင်း တစ်နေ့သော် . . . ငြိမ်းမောင် ကျွန်တော့်ထံ ပေါ်လာသည်။

ငြိမ်းမောင်၏ အသွင်သည် ကြည်နေ၏။ မျက်နှာကလည်း ရွှင်နေ၏။ ကိုယ်ဟန်အမူအယာကလည်း ပေါ့ပါးနေသည်။

သူ ရောက်လာချိန်မှာ ညနေပိုင်းဖြစ်ပြီး ကျွန်တော် တာဝန်ကျနေရာ ဝါ့ဒ်၌ လာတွေ့ခြင်းဖြစ်၏။

" သူငယ်ချင်း နိုက်ဂျူတီ ရှိသေးလား " တွေ့တွေ့ချင်း သူက မေးသည်။

" ဟင့်အင်း . . . ကိုယ် တစ်နေ့လုံး တာဝန်ကျထားတာ။ အခုပဲ အားတော့မယ် . . . ဘာလုပ်မလို့လဲ . . . "

ငြိမ်းမောင်သည် အားရပါးရပြုံး၏။

ငါ ဝမ်းသာစရာ ပြောစရာလည်းရှိတယ်။ တိုင်ပင်စရာလည်း ရှိတယ်ကွ။ ဒီည တို့ လျှောက်လည် ကြရအောင်။ ပြီးတော့ ဒီည မင်းအခန်းမှာ ငါအိပ်မယ်။ ငါ့ကား ပါလာတယ် . . . ကားထားစရာ ရှိရဲ့လား . . . "

" ရှိပါတယ် . . . ခဏနေဦးနော် . . . "

ကျွန်တော်သည် ညဉ့်လှည့်ကျသော ဆရာဝန်နှင့် တာဝန်အပြောင်းအလဲကိစ္စများလုပ်ပြီး ငြိမ်းမောင်နှင့်အတူ ထွက်လာခဲ့သည်။

ကျွန်တော်က ဆေးရုံကြီးဝင်း အတွင်းရှိ ကျွန်တော့်ဆရာ ဆေးသိပ္ပံကထိကလည်း ဖြစ်သော၊ တစ်ကိုယ်တော် လူပျိုကြီးတစ်ဦးလည်းဖြစ်သော ဆရာဝန်ကြီးတစ်ဦး၏ အိမ်အောက်ထပ်၌ နေသည်။

ငြိမ်းမောင်သည် သူ့ဂျစ်ကားကို ကိုယ်တိုင်မောင်းသည်။

" နေပါဦး ဝမ်းသာစရာဆိုတာ ဘာလဲ "

" မင်း . . . သတင်းစာတွေ မဖတ်ဘူးလား "

" ငါ . . . အခုရက်အတွင်း အလုပ်များတာနဲ့ သတင်းစာ မှန်မှန်မကြည့်မိဘူး "

ငြိမ်းမောင်သည် မကျေနပ်ဟန်နှင့် " ကောင်းကွာ . . . " ဟု ညည်းသည်။

" ဘာလဲကွ . . . ကောင်းကွာ . . . ဆိုတာ . . . "

" အေးလေ . . . ကောင်းကွာပဲ ဆိုရမှာပေါ့ . . .။ ငါတို့ကတော့ သေရေးရှင်ရေး၊ မင်းတို့ကတော့ သတင်းစာတောင် မဖတ်မိဘူး။ နိပ်သဟ . . . "

"မင်းဟာကလည်း စကားမစပ် ဘာမစပ်နဲ့။ ရှင်းလည်း ပြဦးမှပေါ့ . . . "

ငြိမ်းမောင်က သူ့ကိုယ်သူ သတိရဟန် ရယ်မောသည်။ ကားသည် ကျွန်တော်နေသောအိမ်သို့ ရောက်ခဲ့၏။ ငြိမ်းမောင်က ရယ်ရင်း ကားစက်ပိတ်နေစဉ် အားမရသူ ကျွန်တော်က ဘုမေးမိသည်။

"ဝမ်းသာစရာလည်း ဆိုသေးရဲ့၊ သတင်းစာ မဖတ်ဘူးလားလဲ မေးရဲ့။ ဘာလဲ မင်းနဲ့ ခိုင်နဲ့ ရုံးတက် လက်ထပ်လိုက်ကြလို့လား "

" ဟား . . . ဟား . . . ဟား . . . ဟား . . . အင့် . . . ဟင့် . . . ဟင့် ဟင့် ဇမ္ဗူဒီပ နိမိတ္တတဲ့။ မင်းပါးစပ်က နိမိတ်ကောင်းထွက်တဲ့ ရွှေပါးစပ်ပဲ၊ လာပါ အိမ်ထဲကျမှ ငါ ရှင်းပြမယ် "

ငြိမ်းမောင် အူမြူးနေပုံရသည်။ သူ မြူးခြင်းသည် ကျွန်တော့်ဆီကိုပါ ကူးစက်လာသောကြောင့် ဘာမှန်းမသိရဘဲရယ်ရင်း သူနှင့်အတူ အိမ်တွင်းသို့ ဝင်ခဲ့ကြ၏။ ထိုင်မိလျှင် ထိုင်မိကြချင်း ကျွန်တော်က " ကဲ . . . ဆို "ဟု မေးသည်။

**ဆက်လက်ဖော်ပြပါမည်။**

**(၁၉၆၄ ခုနှစ် ဧပြီလက ထုတ်ဝေခဲ့သော ဆရာတက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**


## ဂုဏ်ယူဝမ်းမြောက်ခြင်း

ဆင်ဖြူကျွန်းမြို့၊ အောင်ရတနာဆီစက်မှ ညီလေးဖြစ်သူ ထူးတင့်တယ် ခုံအမှတ်(မလ-၄၃၆)၊ မိသားစုကိုယ်ပိုင်အထက်တန်းကျောင်း၊ မလှိုင်မြို့သည် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် အမှတ်ပေါင်း ၅၀၂မှတ်ဖြင့် အောင်မြင်ခဲ့ပါသဖြင့် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်အပ်ပါသည်။

အစ်ကိုငယ်- ဒေါက်တာကြယ်စင်လင်း
မြစ်ကြီးနားမြို့

VALUESTAR EDUCATION CENTRE
Building a Brighter FUTURE
English Language
• General English
• Spoken English
• Business English
တန်းခွဲသစ်များကို တစ်လတစ်ကြိမ် ပုံမှန်ဖွင့်လှစ်ပေးလျက်ရှိပါသည်။
တိုက်(၁၅)၊ပထမထပ်၊ကိန္နရီ ဖက်ရှင်ဆိုင်အပေါ်ထပ်၊လှည်းတန်းမှတ်တိုင်အနီး၊ လှည်းတန်း၊ကမာရွတ်။ ၀၁-၅၁၃၅၂၆၊၀၉-၅၀၄၃၅၈၀၊၅၂၀၀၅၄၇

## ဝန်ထမ်းအလိုရှိသည်

Tour Operator - (၁) ဦး ကျား/မ

- ခရီးသွားလုပ်ငန်းကဏ္ဍ တစ်ခုခုတွင် လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၁)နှစ်ရှိသူ ဖြစ်ရမည်။
- မိမိကိုယ်ရေးရာဇဝင်အကျဉ်းကို အလုပ်ခေါ်သည့်ရက်မှစပြီး ဇွန်လ (၃၀) ရက်နေ့ထိ 'ကျောက်စိမ်းနန်းတိုက်' ခရီးသွားလုပ်ငန်း အီးမေးလ်(သို့)ရုံးခန်းသို့ တိုက်ရိုက်လျှောက်ထားနိုင်သည်။

JADE CASTLE TRAVEL & TOURS
အမှတ်-(၅၇/အေ)၊ ယောမင်းကြီးလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၉၅-၁-၃၈၀၇၆၆၊ ၀၉-၂၅၆၁၇၈၅၆၉၊ ၀၉-၂၅၆၁၇၈၅၈၂
Fax : 95-1-378778
E-mail : jcgrouptnt2002@gmail.com

## အများသိရှိစေရန်အသိပေးကြေညာခြင်း

မုံရွာမြို့၊ မြို့သစ်ရပ်၊ စွယ်တော်လမ်းနှင့်(၇)လမ်းထောင့်၊ မြေကွက်အမှတ်(၇၀)၊ ဧရိယာပေ(၈၀×၈၀)ရှိ မြေကွက်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့သည် မိဘများဖြစ်ကြသည့် ဦးဗိုလ်နှင့် ဒေါ်သန်းတို့ပိုင်ဆိုင်ပြီး ၎င်းတို့ကွယ်လွန်သည့်အခါ ဦးသိန်းလွင်[၁၂/စခန(နိုင်) ၀၂၄၀၃၄]အပါအဝင် သားသမီး(၄)ဦးသာ အမွေဆက်ခံပိုင်ဆိုင်ပါသည်။ သို့ဖြစ်ပါ၍ အမွေဆိုင် (၄)ဦး၏သဘောတူခွင့်ပြုချက်မရရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကမျှ ပေါင်နှံခြင်း၊ ဝယ်ယူခြင်း၊ ရောင်းချခြင်း၊ လွှဲပြောင်းခြင်း၊ ကျူးကျော်ဝင်ရောက်နေထိုင်ခြင်းတို့မပြုလုပ်ကြပါရန်နှင့် ပြုလုပ်ပါက ဥပဒေအရ အရေးယူသွားမည် ဖြစ်ကြောင်း အများသိရှိစေရန် အသိပေးကြေညာအပ်ပါသည်။ ဦးသိန်းလွင်၏လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်နန့်သင်းသင်းရွှေ(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၉၄၀၀)
ဖုန်း-၀၉-၄၅၀၀၃၄၈၂၉၊ ၀၉-၃၁၂၆၂၉၉၀

မင်းခိုက်စိုးစန် ထက်မြတ်နိုင်ဇင်
သမီး မြောက်မြား
ဝတ္ထုတိုစုစည်းမှု
ထွက်ပြီ

ကောင်းလိုက်တဲ့ အတွေး လှလိုက်တဲ့ အရေး
Essays for High-Flyers ဆိုင်ပေါ်
ဆရာချမ်းဇော်ထက် ရောက်ပြီတို့
မြန်မာ့ပထမဆုံး native speaker အသံသွင်း CD ပါ
နိုင်ငံတကာအဆင့်မီ အက်ဆေးပေါင်းချုပ်
ဆိုင်များမှာ မေးဝယ်ပါ | ချမ်းဇော်ထက်စာပေ (၀၉ ၇၃၁၀၉၄၄၆)

ဆရာချမ်းဇော်ထက် စီစဉ်တဲ့ June လထုတ် ဆိုင်ပေါ်
EVER ENGLISH ရောက်ပြီတို့
မြန်မာ့ပထမဆုံး CD ပါ 5 Skills မဂ္ဂဇင်း
အသံဖိုင် (Audio)နှင့် ရုပ်သံဖိုင် (Video)(၄၀)ကျော်ပါရှိသဖြင့် လွယ်ကူထိရောက်စွာ လေ့ကျင့်နိုင်ပါသည်
ဆိုင်များမှာ မေးဝယ်ပါ | ချမ်းဇော်ထက်စာပေ (၀၉ ၇၃၁၀၉၄၄၆)

## မူးယစ်ဆန့်ကျင် အောင်ပွဲဆင်

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ရန်ကုန်သစ်၊ မြေကွက်အမှတ် (၇၄၂/ခ)၊ မြေကွက်တည်နေရာ အမှတ်(၆)၊ ဘုရင့်နောင်(၉)လမ်းသွယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ် ဦးညွန့်လှိုင် [၁၂/သဃက(နိုင်)၀၈၇၈၂၉] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးညွန့်လှိုင်(ဖခင်)၊ ဒေါ်ခင်သိန်း(မိခင်)တို့ ကွယ်လွန်သဖြင့် ၁။ဦးဇော်ဝင်း[၁၂/သဃက(နိုင်)၀၈၇၈၄၆]၊ ၂။ ဒေါ်ရင်ရင်မြ[၁၂/သဃက(နိုင်)၀၈၇၈၁၅]၊ ၃။ ဒေါ်တင်တင်မြ[၁၂/သဃက(နိုင်)၀၈၉၈၁၇]၊ ၄။ ဒေါ်ခင်ခင်မြ[၁၂/သဃက(နိုင်)၀၈၉၈၁၁]၊ ၅။ ဒေါ်မြမြဝင်း[၁၂/သဃက(နိုင်)၀၈၆၁၃၀]၊ ၆။ ဦးလှငွေး[၁၂/သဃက(နိုင်)၀၈၇၈၄၇]၊ ၇။ ဦးလှအေး[၁၂/သဃက(နိုင်)၀၈၇၈၄၅]၊ ၈။ ဦးလှထွေး[၁၂/သဃက(နိုင်)၁၆၀၅၂၉] တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ မိခင်နှင့်ဖခင်သေစာရင်းနှင့်အတူ ဖခင် ဦးညွန့်လှိုင်အမည်ပေါက် နှစ်(၆၀)ဂရန်မူရင်း ပျောက်ဆုံးကြောင်း ကိုယ်တိုင်တရားရုံးကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၏ ထောက်ခံစာ၊ ရဲစခန်းတိုင်ကြားစာတို့ကို ပူးတွဲ တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထား လာရာ ခိုင်လုံသောအထောက် အထားများဖြင့် (၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက် သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာ အပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

# ဒေသန္တရအုပ်ချုပ်ရေးလုပ်ငန်း အစီရင်ခံစာ ထုတ်ပြန်

**ဟားခါး ဇွန် ၁၄**

ချင်းပြည်နယ်၏ ဒေသန္တရအုပ်ချုပ်ရေးလုပ်ငန်းစဉ် အခြေအနေအစီရင်ခံစာ တရားဝင်ထုတ်ပြန်ခြင်း အခမ်းအနားကို ဇွန် ၁၂ ရက် နံနက် ၉ နာရီက ဟားခါးမြို့ မြို့တော်ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ချင်းပြည်နယ် အစိုးရအဖွဲ့ဝင် ပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်းက အဖွင့်အမှာစကား ပြောကြားရာ၌ အစိုးရသစ်တာဝန်ယူကတည်းက ကောင်းမွန်သော အုပ်ချုပ်မှုစနစ်နှင့် သန့်ရှင်းသော အစိုးရဖြစ်ရေးမူဝါဒများချမှတ်ပြီး ပြုပြင်ပြောင်းလဲရေး လှိုင်းများအနေဖြင့် အကောင်အထည် ဖော်ဆောင်ရွက်ကာ ဒေသန္တရ အုပ်ချုပ်ရေးနှင့် ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းများ၏ အရည်အသွေးမြင့်မားရေးကို ဦးတည်ဆောင်ရွက်ရန် သတ်မှတ်ခဲ့ကြောင်း၊ ပြည်ထောင်စုနယ်မြေဖြစ်သော နေပြည်တော်အပါအဝင် တိုင်းဒေသကြီးများနှင့် ပြည်နယ် ၁၅ ခုမှာ ရှိသည့် ကျေးလက်ဒေသများတွင် နိုင်ငံ၏ စုစုပေါင်းလူဦးရေ ၇၀ ရာခိုင်နှုန်း နေထိုင်ကြသည်ဖြစ်ရာ ကောင်းမွန်သော ဒေသန္တရအုပ်ချုပ်ရေး၊ အရည်အသွေးရှိသည့် ပြည်သူ့ရေးရာ ဝန်ဆောင်မှုလုပ်ငန်းများကို အလေးပေး ဆောင်ရွက်ရန် လိုအပ်လျက်ရှိကြောင်း၊ ယနေ့အခမ်းအနားသို့ တက်ရောက်လာကြသူများ အနေနှင့် အစီရင်ခံစာပါ တွေ့ရှိချက်များကို အလေးအနက်ထား လေ့လာသုံးသပ်ပြီး မိမိတို့ဒေသတွင်း အတွေ့အကြုံများနှင့် ပေါင်းစပ်ကာ ဒေသန္တရ အုပ်ချုပ်ရေးလုပ်ငန်းစဉ်များ ပိုမိုထိရောက်အောင် ဆောင်ရွက်သွားနိုင်ရေး နည်းလမ်းများကို အားကြိုးမာန်တက် ဝိုင်းဝန်းဆွေးနွေးဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်းပြောကြားခဲ့သည်။

ဆက်လက်၍ UNDP မှ Miss Emilie Roell က ဒေသန္တရ အုပ်ချုပ်ရေးလုပ်ငန်းစဉ် လေ့လာမှုအကြောင်းကို မိတ်ဆက်တင်ပြပြီး ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်ဆန်းက အခမ်းအနား၏ အဓိကကျသော အကြောင်းအရာများကို ရှင်းလင်းတင်ပြကာ Miss Emilie Roell က ပြည်နယ်ဝန်ကြီးချုပ်ထံသို့ ဒေသန္တရ အုပ်ချုပ်ရေးလုပ်ငန်းစဉ် အခြေအနေ အစီရင်ခံစာကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ယင်းနောက် ရပ်ရွာလူထုရွေး ဆွေးနွေးပွဲ (ပြည်သူတို့ရဲ့အသံ) မှတ်တမ်းရုပ်ရှင်ကားကို ပြသပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံများ ရိုက်ကူးခဲ့ကြကာ ခင်းကျင်းပြသထားသော ဒေသန္တရ အုပ်ချုပ်ရေးလုပ်ငန်းစဉ် လေ့လာမှုနှင့် ပတ်သက်သည့် စာအုပ်၊ စာစောင်၊ ပိုစတာနှင့် ဓာတ်ပုံများကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**(ချင်းပြည်နယ် ပြန်/ဆက်)**



# လူမှုဖူလုံရေးဥပဒေပါ အကျိုးခံစားခွင့်များရရှိရေး ဆွေးနွေး

**ထားဝယ် ဇွန် ၁၄**

အာမခံစနစ်ထားရှိသည့် အလုပ်သမားများ မကျန်းမာခြင်း၊ မီးဖွားခြင်း၊ သေဆုံးခြင်း၊ အလုပ်တွင် ထိခိုက်မှုဖြစ်ခြင်း၊ အလုပ်လက်မဲ့ဖြစ်ခြင်း၊ မည်သည့်အကြောင်းကြောင့် မသန်မစွမ်းဖြစ်ခြင်း၊ သက်ပြည့်အငြိမ်းစားခံစားခြင်းစသည့် အချိန်များတွင် ဆေးဝါးကုသမှုပေးနိုင်ရန်၊ ငွေကြေးအကျိုးခံစားခွင့်များပေးနိုင်ရန်၊ မိမိရပိုင်ခွင့်နှင့်နေထိုင်ခွင့်များရရှိစေရန် ရည်ရွယ်၍ ဇွန် ၁၂ ရက် နံနက် ၁၀ နာရီခွဲက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးတွင် တိုင်းဒေသကြီး လူမှုဖူလုံရေးအဖွဲ့မှ လူမှုဖူလုံရေးဥပဒေပါ အကျိုးခံစားခွင့်များ ရရှိရေးနှင့် လူမှုဖူလုံရေးကြေးများ ပေးသွင်းရေးကိစ္စအကြောင်း ဆွေးနွေးပွဲပြုလုပ်ခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင်တိုင်းဒေသကြီး လူမှုဖူလုံရေးအဖွဲ့ ဦးစီးမှူးကိုယ်စား ဒုတိယဦးစီးမှူး ဒေါ်မြသီရိထွေးက လူမှုဖူလုံရေးအကျိုးခံစားခွင့်များနှင့် ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်းတင်ပြပြီး တက်ရောက်လာသော တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများက သိရှိလိုသည့်အချက်များအား မေးမြန်းဆွေးနွေးခဲ့ရာ တိုင်းဒေသကြီးလူမှုဖူလုံရေးအဖွဲ့ ဒုတိယဦးစီးမှူးက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။

ယင်းနောက် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့မှ ထုတ်ဝေသော လက်ကမ်းစာစောင်နှင့် ပိုစတာများကို တက်ရောက်လာသူများအား အခမဲ့ဖြန့်ဝေပေးခဲ့သည်။ **ထားဝယ်ခရိုင်ပြန်/ဆက်**

# ကြေညာထားသော မဲဆန္ဒရှင်စာရင်း၌ မဲစာရင်းစစ်ဆေးကြည့်ရှုကြရန် အသိပေး

**နွားထိုးကြီး ဇွန် ၁၄**

နွားထိုးကြီး ရွေးကောက်ပွဲကော်မရှင်က နွားထိုးကြီးမြို့ လူထုကို ရပ်ကွက်အသီးသီးရှိ ကော်မရှင်ရုံးများ၌ ကြေညာထားသော မဲဆန္ဒရှင်စာရင်း၌ မဲစာရင်းစစ်ဆေးကြည့်ရှုကြရန် ဇွန် ၁၂ ရက်က မြို့ပေါ်၌ အသံချဲ့စက်ဖြင့် အသိပေးကြေညာလျက်ရှိကြောင်း သိရသည်။

ဇွန် ၈ ရက်မှ ၁၂ ရက်ထိ ၄ ရက်တွင်းမဲစာရင်း မှားယွင်းခြင်း အမည်စာရင်းမပါလျှင် သက်မှတ်ပုံစံများနှင့် လျှောက်ထားကြရန် ပါရှိသည်။

နွားထိုးကြီးမြို့ပေါ် ၈ ရပ်ကွက်တွင် မဲရုံ ၁၁ ရုံရှိပြီး အသက် ၁၈ နှစ်ပြည့်ပြီး သူမဲဆန္ဒရှင် ၁၀၁၂၈ ဦးရှိနေကြောင်း သိရသည်။

မြို့ပေါ်မဲစာရင်းကြည့်ရှုသူနည်းပါးပြီး စိတ်ဝင်စားမှုနည်းနေ၍ ကော်မရှင်က စည်းရုံးလှုံ့ဆော်နေခြင်းဖြစ်ကြောင်း သိရသည်။

**ခင်ဇာမွန်မြင့် (ဥပဒေ)**

# ငွေလုံးငွေရင်းရန်ပုံငွေဖြင့်ဆောက်လုပ်ခဲ့သည့် ကျောင်းဆောင်သစ်များ အချိန်မီပြီးစီး ဒေသခံများဝမ်းသာ

**တွံတေး ဇွန် ၁၄**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် အခြေခံပညာဦးစီးဌာနတွင် ၂၀၁၄-၂၀၁၅ ခုနှစ်ဘဏ္ဍာနှစ်အတွင်း ပညာရေးဌာန၏ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ကျောင်းဆောင်အသစ် ၁၆ ဆောင်ကို ဆောက်လုပ်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကျောင်းဆောင်များကို မြို့နယ်ဆောက်လုပ်ရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်ပညာရေးမှူးဦးငွေသူရနှင့် အဖွဲ့မှအနီးကပ်ကြီးကြပ်၍ ကျောင်းဖွင့်ရာသီအမီ ဆောက်လုပ်ပေးနိုင်ခဲ့သည်။

တွံတေးမြို့နယ်တွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပညာရေးဌာန ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ၆၀ ပေ × ၃၀ ပေ ကိုးဆောင်၊ ၉၀ ပေ × ၃၀ ပေ သုံးဆောင်၊ ၁၂၀ ပေ × ၃၀ ပေ လေးဆောင် စုစုပေါင်း ၁၆ ဆောင် အဆောက်အအုံ အမျိုးအစားမှာ တစ်ထပ် RCသွပ်မိုးကျောင်းဆောင်များဖြစ်ပြီး စုစုပေါင်းကုန်ကျငွေကျပ် ၆၉၆ ဒသမ ၆သန်း အကုန်ကျခံ ဆောက်လုပ်ပေးခဲ့သည်။

ယခုအခါ ကျောင်းသား ကျောင်းသူများ ပညာကို စိတ်အေးချမ်းသာစွာ သင်နိုင်ပြီဖြစ်သည့်အတွက် ဒေသခံမိဘများပါ ပျော်ရွှင်လျက်ရှိကြောင်း သိရသည်။

**မျိုးလှိုင်(တွံတေး)**


## ဝန်ထမ်းအလိုရှိသည်။

1. **Company Assistant** ကျား/မ(၄)ဦး
ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ အင်္ဂလိပ်စာ ရေး၊ ဖတ်၊ ပြော ကျွမ်းကျင်ပြီး **Computer Typing** ကျွမ်းကျင်စွာ အသုံးပြုနိုင်ရမည်။
2. **DTP + Account** ကျား/မ (၄)ဦး
ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ **Bcom** ဘွဲ့ရရှိသူဦးစားပေးမည်။ **Myanmar, English typing** ကျွမ်းကျင် စွာရိုက်နိုင်ရမည်။ **LCCI - III** အောင်မြင်ပြီးသူဖြစ်ရမည်။ လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၁)နှစ် ရှိရမည်။
3. **Account** မ (၄)ဦး
ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ **LCCI - I & II, III** အောင်မြင်ရမည်။ လုပ်ငန်းအတွေ့အကြုံအနည်းဆုံး (၁)နှစ်ရှိရမည်။
4. **Photoshop** ကျား (၃)ဦး
ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ **Design** ကျွမ်းကျင်စွာဆွဲနိုင်ရမည်။ လုပ်ငန်းအတွေ့အကြုံရှိသူဦးစားပေးမည်။
5. **Audit** မ (၄)ဦး
ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ **Audit** ပိုင်းတွင်အနည်းဆုံး လုပ်ငန်းအတွေ့ အကြုံ (၁)နှစ်ရှိရမည်။
6. **Driver** (ရုံး) ကျား (၅)ဦး
7. **လုံခြုံရေး** ကျား/မ (၅)ဦး
လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၁) နှစ်ရှိရမည်။ ကျန်းမာရေးကောင်းမွန်သူဖြစ်ပြီး နေ့/ည တာဝန် ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။
8. **အရောင်းဝန်ထမ်း** ကျား/မ (၂၀)ဦး
(၁၀)တန်းအောင်မြင်ရမည်။ဖျတ်လတ်တက်ကြွ၍ အရောင်းကို စိတ်ပါဝင်စားသူ ဖြစ်ရမည်။ ဆက်ဆံရေးပြေပြစ်ကောင်းမွန်ရမည်။

အမှတ် (၅၂/၅၄)၊ အခန်း (၁၆)၊ (၄)လွှာ၊ ဗိုလ်အောင်ကျော်လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

## ဦးအေးကြူ
(စီးပွားရေးတက္ကသိုလ်)

**LCCI** ဖွင့်လှစ် သင်ကြား နေပြီ။

**Diploma သင်တန်းများ**

**Centre(1)**
▪ အမှတ်(၁၁)၊ ၁၁၂လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
Tel: 01-202037, HP: 09-5161658, 09-73179169

**Centre(2)**
▪ အမှတ်(၄/၁၂၅)၊ ၅လမ်း၊ May Hwa Beauty Centre အနီး၊ တောင်ဥက္ကလာပမြို့။
HP: 09-49430106, 09-428155919

## ပြင်ဆင်ဖတ်ရှုပါရန်
၁၅-၃-၂၀၁၅ရက်နေ့ကြေးမုံသတင်းစာ၏ စာမျက်နှာကြော်ငြာ(၇)ကန့်ကွက်နိုင်ကြောင်း ကြော်ငြာဒဂုံမြောက်မြို့နယ် GPဦးဝင်းဇော်သန်း၏မြေပုံကူးတွင်သဥ္စာ(၁၂/စခန(နိုင်)၀၆၅၀၆၉) အစားဒေါ်အိသဥ္စာ(၁၂/စခန(နိုင်)၀၆၅၀၆၉)ဟု ဖတ်ရှုပါရန်။

## အမည်ပြောင်း
တွံတေးမြို့၊ အထက(၁)၊ နဝမတန်း(E) အောင်မှ အဖ ဦးလှထွန်း၏သား မောင်မျိုးသက်အား မောင်မျိုးသက်နိုင်[၁၂/တတန(နိုင်) ၁၈၀၀၅၅]ဟု ပြောင်းလဲခေါ်ပါရန်။
မောင်မျိုးသက်နိုင်

ကျွန်တော်တို့၏ (Fortune Joyce International Co.,Ltd)မှ ရန်ကုန်မြို့တွင်းရှိ နိုင်ငံတကာအဆင့်မီ အိမ်ခြံမြေဆောက်လုပ်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရှာဖွေနေသောကုမ္ပဏီဖြစ်ပါသည်။ မြေကွက်ဧရိယာအကျယ်အဝန်း အနည်းဆုံး (၁) ဧကနှင့်အထက် ပိုင်ဆိုင်သောမြေရှင်များ သို့မဟုတ် အဖွဲ့များ၊ စိတ်ပါဝင်စားသူများ အတူတကွပူးပေါင်းပြီး အောင်မြင်ဖွံ့ဖြိုးမှုအတွက် အကောင်အထည်ဖော်ကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

ကျွန်တော်တို့ကုမ္ပဏီသည် ငွေကြေးရင်းနှီးမြှုပ်နှံမှုအင်အား တောင့်တင်းပြီး ကျွမ်းကျင်ပညာရှင်များနှင့် ပြည့်စုံကာ အကြီးစားကုန်တိုက်များ၊ အဆင့်မြင့်ဈေးဝယ်စင်တာ၊ စိမ်းလန်းစိုပြည်မှုကိုဦးစားပေးတည်ဆောက်သော နိုင်ငံတကာအဆင့်မြင့်ကွန်ဒိုများ၊ နေအိမ်များ တည်ဆောက်ခြင်းအတွေ့အကြုံ များပြားသောကုမ္ပဏီဖြစ်ပါသည်။ ကုမ္ပဏီမှ မြန်မာနိုင်ငံတွင် ဝန်ထမ်းအင်အား(၄၀၀)ကျော်ရှိပြီး လက်ရှိရန်ကုန်မြို့တစ်မြို့တည်းတွင် အိမ်ခြံမြေ အကောင်အထည်ဖော် တည်ဆောက်နေဆဲ Projectက (၄)ခုရှိနေပါသည်။ အိမ်ခြံမြေဖွံ့ဖြိုးတိုးတက်မှုကဏ္ဍပိုင်းတွင် မည်သည့်ရှုထောင့်မှ ကြည့်သည်ဖြစ်စေ ကျွန်တော်တို့သည် လူကြီးမင်း၏အကောင်းဆုံး လုပ်ဖော်ကိုင်ဖက်အဖြစ်ရပ်တည်လျက် လက်ကမ်းကြိုဆိုနေပါသည်။ လူကြီးမင်း၏ ဆက်သွယ်မှုနှင့် လက်တွဲလုပ်ဆောင်မှုကို စောင့်မျှော်နေပါမည်။

ဆက်သွယ်ရန် - ကိုရန်အောင် 09-43125649
ကိုအောင်မင်းဦး 09-254275066

လိပ်စာ - Yankin Township, Yankin Road, CMA Old Building 3rd Floor

Ps; မြန်မာအင်ဂျင်နီယာ၊ **Hotel Management** နှင့် အိမ်ရာအရောင်းဝန်ထမ်းများကိုလည်း ဖိတ်ခေါ်ပါသည်။ လစာကောင်းမည်။

## Grace Education Learning Center
No. 92, GF , 51 St., Middle Blk., Pazundaung Tsp, Yangon 09 25 880 55 82 ; 09 79 18 22 66 5



အမေရိကန် (၁၂)တန်းနှင့်ညီမျှသော Diploma သင်တန်းကို မြန်မာနိုင်ငံတွင် ပထမဆုံးစတင်ဖွင့်လှစ်သင်ကြားပြီ။
၁၂ တန်းမပြီးသေးသူတိုင်း-အသက် (၁၆)နှစ်အထက်ရှိသူ (General Education Development Test ) ကိုဖြေခြင်းဖြင့် အမေရိကန်အထက်တန်းအဆင့်နှင့်ညီသောအောင်လက်မှတ်ရမည်။
လက်မှတ်ရသူများသည်မည်သည့်နိုင်ငံတွင်မဆိုအောင်လက်မှတ်ပြ၍ ကျောင်းတက်နိုင်ပါသည်။

**World Class ESL Diploma**
နိုင်ငံတကာဝင်ဆန့် အောင်အင်္ဂလိပ်လို တတ်ချင်သလား?
၁၀ တန်းပြီးသူများ၊ ဘွဲ့ကြိုများ၊ ဘွဲ့ရများအတွက် အခြေခံမှစပြီးအဆင့်မြင့်အထိ သင်ကြားခြင်းများရှိပြီး အနောက်နိုင်ငံများရှိတက္ကသိုလ်များနှင့် အရှေ့တောင်အာရှတွင် ကျောင်းတက်လိုပါကနိုင်ငံတကာမှလက်ခံသည့် စာမေးပွဲပုံစံပါ တပါတည်းလိုက်၍သင်ကြားပေးသောကြောင့်လာရောက်ဆွေးနွေးနိုင်ပါသည်။ပညာသင်ဆုလျှောက်ရန်အတွက်ပါသင်ပေးပါသည်။

**Other Classes**
- TOEFL (PBT )
- IELTS
- Academic Writing
- SAT English + Maths
- IGCSE "O" Level

သင်တန်းအားလုံးအတွက်ကျူရှင်လုံးဝထပ်ယူစရာမလိုသည့် နေ့တက် နှင့် နယ်ကျောင်းသားများအတွက်ဘော်ဒါဆောင်အပ်နှံနိုင်ပြီဖြစ်ပါသည်။

## ကလေးနာမည်ပေးနာမည်ကျော်ဆရာကြီး ရာဇာဇော်ဝင်း(LL.B)နှင့်သာဆက်သွယ်ပါ



ရှေးမူမပျက်ခေတ်မီလှပသောနာမည်လှလှလေးများကိုဖုန်းသာဆက်လိုက်ပါကင်ပွန်းတပ်ရက်/မင်္ဂလာမော်ကွန်း/ဇာတာ/ဂဏန်းဗေဒင်အဟောများ/နက္ခတ်အဟောများ/မိဘနာမည်တွဲသုံးပုံလမ်းညွှန်/တစ်သက်တာဟောစာတမ်းများ/နာမည်ပေးပါရဂူဆရာကြီးနှင့်ဆက်သွယ်လျှင်ထူးချွန်သောကလေးဖြစ်စေရန် အာမခံသည်။ ရင်သွေးငယ်၏ အနာဂတ်အလုံးစုံပါဝင်သောအကြားအမြင်ဟောစာတမ်းပါဦးမည်၊ကလေးအတွက်အစုံပါသည်အိမ်ပို့၇၀၀၀ နယ်သို့စာတိုက်မှပို့မည်။လူကြီးများလိုရာမေး ကွန်ပျူတာဖြင့်နာမည်မပေးပါ။ ကိုယ်ဝန်ဆောင်မိခင်ရက်ကောင်းရွေးစာအုပ်ချုပ်၍ပို့သည်။

အမှတ်(၃၅) မြေညီထပ်(၈၇)လမ်း၊မင်္ဂလာတောင်ညွန့်မြို့နယ်ရန်ကုန်မြို့၊(ပိတ်ရက်မရှိ)
☎01-394727,01-399426,09-73009994,09-5152521

# မန်းရွှေစက်တော်ဘုရား၌ သုံးထပ် ဗုဒ္ဓသာသနာ့ဗိမာန် ဆောက်လုပ်

**မင်းဘူး ဇွန် ၁၄**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူး(စကု)မြို့နယ်အတွင်းရှိ ပိဋကတ်တော်လာ သမိုင်းဝင် ပါဒစေတီ မန်းရွှေစက်တော်ဘုရားကြီး ဥပစာဝတ္ထုကံ နယ်မြေအတွင်း၌ သုံးထပ် ဗုဒ္ဓသာသနာ့ဗိမာန်တော်နှင့် မန်းရွှေစက်တော်ဘုရား အဝင်မုခ်ဦးကို ခံ့ညားထည်ဝါစွာ ဆောက်လုပ်မည်ဖြစ်ကြောင်း သိရသည်။

သာသနာ့ဗိမာန်တော် အဆောက်အအုံ ဆောက်လုပ်ရန် အထက်စက်တော်ရာ အတက်လမ်း၊ နှစ်ကျိပ်ရှစ်ဆူဘုရားအနီးတွင် တည်ဆောက်ရန် မြေများစတင်ပြုပြင်လျက်ရှိရာ ဇွန် ၁၂ ရက် နံနက်ပိုင်းက နိုင်ငံတော် ဗဟိုသံဃဝန်ဆောင်ဆရာတော် ဘဒ္ဒန္တစိန္တာသာရ၊ မင်းဘူးမြို့နယ်သံဃနာယက ဥက္ကဋ္ဌဆရာတော် (ရွှေတွင်းကျောင်းဆရာတော်) ဘဒ္ဒန္တသာသန၊ မြို့နယ်သံဃနာယက အကျိုးတော်ဆောင် ဆရာတော်ဘဒ္ဒန္တဉာဏိက၊ တိုင်းဒေသကြီး လမ်းဦးစီးဌာန ညွှန်ကြားရေးမှူးနှင့်အဖွဲ့၊ တိုင်းဒေသကြီး သာသနာရေးမှူး၊ မင်းဘူးမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မန်းရွှေစက်တော်ဂေါပကအဖွဲ့ဝင်များ သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ကြသည်။

အဆိုပါ သာသနာ့ဗိမာန်တော်အဆောက်အအုံအား အလျား ၁၅၄ ပေ၊ အကျယ် ၆၂ ပေရှိ သုံးထပ်ကျောင်းဆောင် ဆောက်လုပ်လှူဒါန်းပူဇော်မည်ဖြစ်သည်။ ၂၀၁၆ခုနှစ် မန်းရွှေစက်တော်ဘုရားပွဲတော် ဖွင့်ပွဲအမီ အပြီးတည်ဆောက်သွားမည်ဖြစ်ပြီး မန်းရွှေစက်တော်မုခ်ဦးကိုလည်း ပုသိမ်-မုံရွာကားလမ်းမှ မန်းရွှေစက်တော်အဝင် သုံးမိုင်လမ်းထိပ်တွင် ခံ့ညားထည်ဝါစွာ ဆောက်လုပ်မည်ဖြစ်သည်။

သို့ပါ၍ မန်းရွှေစက်တော်ဘုရားကြီးတွင် သုံးထပ်သာသနာ့ဗိမာန်တော်ကြီးနှင့် မန်းရွှေစက်တော်ဘုရား မုခ်ဦးတည်ဆောက်ခြင်း လုပ်ငန်းများတွင် ဗုဒ္ဓဘာသာဝင် ပါရမီရှင်များအနေဖြင့် သဒ္ဓါစွမ်းအား စိတ်ထားကြည်ဖြူစွာဖြင့် ကုသိုလ်ယူ ပါဝင်လှူဒါန်းနိုင်ကြကြောင်းလည်း သိရသည်။

**တင်ထွန်းဦး(မင်းဘူး)**

# ဟသ်ာတမြို့၌ ရေဘေးအန္တရာယ် ကာကွယ်ရေးသရုပ်ပြ လေ့ကျင့်ပညာပေးခြင်းဆောင်ရွက်



**ဟသ်ာတ ဇွန် ၁၄**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတခရိုင် ဆည်မြောင်းဦးစီးဌာနမှ ရေဘေးကာကွယ်ရေး သရုပ်ပြပညာပေးရှင်းလင်းပွဲကို ဇွန်လ ၁၀ ရက်၊ နံနက် ၁၀ နာရီက ဧရာဝတီ-ဟသ်ာတ တာမိုင်(၃/၇)ရှိ ရေကင်းစခန်းအမှတ်(၈) အိပ်ပျက်ကျေးရွာတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစန်းဌေးက အဖွင့်အမှာစကားပြောကြားပြီး ဟသ်ာတခရိုင် ဆည်မြောင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးဦးဝေလွင်က ရေဘေးအန္တရာယ်ကာကွယ်ရေးအတွက် တာတမံများကို ပျက်စီးနိုင်သောအချက်များ ကာကွယ်စောင့်ရှောက်ရန် နည်းလမ်းများနှင့် ပြည်သူများ လိုက်နာသတိပြုရန်အချက်များကိုလည်းကောင်း၊ ရေဘေးကာကွယ်ရေးဆောင်ရွက်ရာတွင် လိုအပ်သော ပစ္စည်းများနှင့် ကြိုတင်စုဆောင်းထားရှိရမည့် ပစ္စည်းများကို အကျယ်တဝင့် ရှင်းလင်းပညာပေးဟောပြောခဲ့သည်။

ယင်းနောက် တက်ရောက်လာကြသော ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တာတမံပတ်ဝန်းကျင်တွင် နေထိုင်ကြသော ဒေသခံပြည်သူများအား တာပေါ်ရေကျော်ခြင်းအတွက် ကန်သင်းဆင့်ခြင်း၊ ရေပေါက်များပေါက်ခြင်းအတွက် ရေခွေခွေခြင်း၊ သဲဗွက်ထခြင်းအတွက် ရေခွေခွေခြင်းနှင့် တာအိတာလျှောဖြစ်ခြင်းအတွက် ကာကွယ်ခြင်းလုပ်ငန်းများကို လက်ထောက်ညွှန်ကြားရေးမှူး ဦးဝေလွင်နှင့် ဟသ်ာတ ဆည်မြောင်းဦးစီးဌာန ဝန်ထမ်းများက လက်တွေ့သရုပ်ပြရှင်းလင်းပေးခဲ့ကြပြီး ပြည်သူများ အသိပညာ ဗဟုသုတရရှိစေရန် ပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ခရိုင်ပြန်/ဆက်(ဟသ်ာတ)**

# မြို့နယ်အဆင့် ကျောင်းထောက်ပံ့ကြေးများ ထောက်ပံ့ရေးအစီအစဉ်များ ဆွေးနွေး

**ကျောက်ပန်းတောင်း ဇွန် ၁၄**

ပညာရေးဝန်ကြီးဌာန မြို့နယ်အဆင့် ကျောင်းထောက်ပံ့ကြေးများ ထောက်ပံ့ရေး အစီအစဉ်အကောင်အထည်ဖော်ရေး လုပ်ငန်းဆွေးနွေးပွဲအခမ်းအနားကို မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်းတွင် ဇွန် ၁၂ ရက် နံနက် ၉ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ဒုတိယမြို့နယ်ပညာရေးမှူး ဦးကြည်လင်က အဖွင့်အမှာစကား ပြောကြားရာတွင် အခြေခံပညာကျောင်းများကို ထောက်ပံ့ရေးစီမံချက်၏ အဓိကအကြောင်းရင်းများမှာ အခြေခံပညာအရည်အသွေး ပိုမိုမြင့်မားလာစေရန်၊ ပြည်သူလူထုထံမှ ထည့်ဝင်ရသည့် ထောက်ပံ့ငွေပမာဏကို လျှော့ချနိုင်စေရန်နှင့် အခြေခံပညာကျောင်းများ၏ အရည်အသွေးနှင့် သင်ကြားမှု၊ သင်ယူမှု၊ ပတ်ဝန်းကျင်ကောင်းများဖြစ်ထွန်းပေါ်ပေါက်လာစေရန် ရည်ရွယ်၍ ထောက်ပံ့ခြင်းဖြစ်ကြောင်း၊ ထက်၊ လယ်၊ မူအားလုံးကို ကျောင်းသားဦးရေ ကန့်သတ်ချက်နှင့်သော်လည်းကောင်း၊ ပုံသေနည်း ဖော်မြူလာအရသော်လည်းကောင်း၊ ထောက်ပံ့ပေးသွားမည်ဖြစ်သလို၊ ယခုနှစ်၏ ထူးခြားမှုမှာ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများကိုပါ ထောက်ပံ့ပေးအပ်သွားမှာဖြစ်ကြောင်း ထည့်သွင်းဆွေးနွေးပြောကြားခဲ့သည်။

ယင်းနောက် လက်ထောက်မြို့နယ်ပညာရေးမှူး ဦးကျော်ထွန်းဦးကဆွေးနွေးပွဲ ပြုလုပ်မည့် အချိန်ဇယားနှင့် စီစဉ်ဆောင်ရွက်ထားရှိမှုများကို ဆွေးနွေးတင်ပြခဲ့သည်။

အဆိုပါ မြို့နယ်အဆင့် ကျောင်းထောက်ပံ့ကြေးများ ထောက်ပံ့ရေးအစီအစဉ်အကောင်အထည်ဖော်ရေးလုပ်ငန်းဆွေးနွေးပွဲသို့ ဒုတိယမြို့နယ်ပညာရေးမှူး ဦးကြည်လင်နှင့် လက်ထောက်မြို့နယ်ပညာရေးမှူးများ၊ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ဆရာကြီး၊ဆရာမကြီးများ စုစုပေါင်း ၂၇၅ ဦးတက်ရောက်ခဲ့ကြကြောင်းသိရပြီး ဆွေးနွေးပွဲကာလမှာ ဇွန် ၁၂ ရက်မှ ၁၄ ရက်အထိ ဖြစ်ကြောင်းသိရသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**


သင် ------------------ ဘာဖြစ်ချင်လဲ ဘာလုပ်ချင်လဲ
ဆရာရှင်မင်း(B.A)
အကြားအမြင် မနောစွမ်းအား
မန္တလေးမြို့မှ နာမည်ကျော်ဆရာရှင်မင်း ရန်ကုန်မြို့သို့ ရောက်ရှိလာပါပြီ ဖြစ်လိုသောကိစ္စများကိုအစွမ်းထက် မနောစွမ်းအား ဂမ္ဘီရပညာဖြင့်စီမံဆောင်ရွက်ပေးသည်။ မနောစွမ်းအားဖြင့် အစက်အခဲများအောင်မြင်စေရမည်။ နှုန်း၃၀၀၀/
တိုက်အမှတ်(၉၄)၊ပထပ်၊မန္တလေးလမ်း(လယ်)မင်္ဂလာတောင်ညွန့်၊ရန်ကုန်၊09-421164758,09-425028226

MEGA TWO STAR
CAR RENTAL SERVICES
ဘုရားဖူးခရီးစဉ်အမျိုးမျိုးနှင့် လချုပ်၊ နှစ်ချုပ်အတွက် MODEL မြင့် ကားသစ်များစုံ ငှားရမ်းပေးပါသည်။
ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်နိုင်ပါသည်။
(09) 251039391, 797942870, 797942871

GOLDEN STAR
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
Ph: 209200, 544383, 430480

UK's Top Computing Degree in Yangon
UK မှတိုက်ရိုက်ချီးမြှင့်မည့် ကွန်ပျူတာသိပ္ပံဘွဲ့ အတွက် လျှောက်လွှာခေါ်ယူခြင်း
GUSTO INTERNATIONAL COLLEGE
၁။ တက္ကသိုလ်ဝင်တန်း (သို့) IGCSE အောင်မြင်ထားပြီး ပြည်တွင်းပြည်ပအလုပ်အကိုင် အခွင့်အလမ်း အကောင်းဆုံး ကွန်ပျူတာပညာရှင်ဖြစ်လိုသူများ လျှောက်ထားနိုင်ပါသည်။
၂။ အဆင့်မြင့်ကွန်ပျူတာ နည်းပညာဘာသာရပ်များကို နိုင်ငံတကာတက္ကသိုလ်ကြီးများ အတိုင်း Student - Center Learning Approach ဖြင့် စာတွေ့လက်တွေ့သင်ယူရမည်ဖြစ်သည်။
၃။ စာသင်ကာလ၂နှစ်တက်ရောက်ပြီးအောင်မြင်ပါက UK's Edexcel မှချီးမြှင့်သော Higher National Diploma ကိုရရှိမည်ဖြစ်သည်။
၄။ နောက်ဆုံးနှစ်တစ်နှစ်ကို ပြည်တွင်း၌ GUSTO ၌ဖြစ်စေ၊ UK, USA, Australia, Singapore စသောနိုင်ငံတကာရှိ တက္ကသိုလ်ကြီးများ၌ဖြစ်စေ တက်ရောက်ပြီး B.Sc (Hons) Computing ဘွဲ့ကိုရယူနိုင်ပါသည်။
၅။ ၂၀၁၅ ဇူလိုင်လတွင် တန်းခွဲသစ်တစ်ခု ဖွင့်လှစ်မည်ဖြစ်ပြီး တက်ရောက်လိုသူများ အနေဖြင့် ဇွန်လ ၂၉ ရက်နေ့ နောက်ဆုံးထားပြီး လျှောက်ထားနိုင်ပါသည်။
* နယ်မှကျောင်းသား/သူများအတွက် အဆောင်စီစဉ်ပေးသည်။
မြေအမှတ် ၂၈၉ (အေ)၊ ပြည်လမ်း၊ စမ်းချောင်းမြို့နယ်။ မြေနီကုန်းတံတားအနီး၊ ရန်ကုန်မြို့။
Call Now : 09 862 8806, 09 730 31302, 01 504632

ဖခင်အမည်မှန်
လမ်းမတော်မြို့နယ် အထက(၁)၊ ဆဋ္ဌမတန်းမှ မောင်လင်းသုတ၏ ဖခင်အမည်မှန်မှာ ဦးသန့်ဇော်ဦး ဖြစ်ပါသည်။ ဦးသန့်ဇော်ဦး

☎:01-512443,09-73017656, 09-32380867
ပုသိမ်ပေါ်ဆန်းမွှေး ကောင်းကောင်းလေး ရပါပြီ
သန့်ဇော်ဦး/ အကျော်ကို

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်
၁၂၅ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ပေ(၁၅×၅၀)၊ မြေညီထပ်၊ နေရာကောင်း။
ဆက်သွယ်ရန်-ဖုန်း-၀၉-၅၀၁၁၀၀၆

"ပျောက်ဆုံးခြင်း"
WANG FU GEMS CO., LTD. ၏ ထုတ်ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်လက်မှတ်အမှတ်-( ထသက-၁၉၉၁၈ ) ရက်စွဲ ( ၂၃-၅-၂၀၀၆ ) ကတ်ပြားမူရင်းမှာ ( ၈-၆-၂၀၁၅ )ရက်နေ့ နံနက်(၁၀း၀၀)နာရီခန့်တွင် ပျောက်ဆုံးသွားပါ၍ တွေ့ရှိက ပေးပို့ပါရန်။ Ph: 203023.

"ပျောက်ဆုံးခြင်း"
WANG FU GEMS CO., LTD. ၏ ကုမ္ပဏီမှတ်ပုံတင်လက်မှတ်အမှတ် - ၈၅၀ / ၁၉၉၅-၁၉၉၆ ရက်စွဲ ( ၂၂-၁၂-၁၉၉၅ ) ကတ်ပြားမူရင်း မှာ ( ၈-၆-၂၀၁၅ )ရက်နေ့ နံနက်(၁၀း၀၀)နာရီခန့်တွင် ပျောက်ဆုံးသွားပါ၍ တွေ့ရှိက ပေးပို့ပါရန်။
Ph: 203023.

## ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ တည်ဆောက်ရေး(၄)၊ လမ်းအထူးအဖွဲ့(၂၃)၊ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့ လေလံတင်ရောင်းချရန်ကြော်ငြာ

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ တည်ဆောက်ရေး(၄)၊ လမ်းအထူးအဖွဲ့(၂၃)၊ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်လုပ်ငန်းဆောင်ရွက်ပြီးသော ကတ္တရာပုံးခွံ(၂၂၄၀၆)လုံးကို လေလံတင်ရောင်းချသွားပါမည်။ စိတ်ပါဝင်စားသူတိုင်းလာရောက် စာရင်းပေးသွင်းကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

| | |
|---|---|
| လေလံဖွင့်မည့်နေ့ | - ၂၅-၆-၂၀၁၅ ရက်၊ နံနက် ၉း၃၀ နာရီ |
| ရောင်းချမည့်ပုံးခွံ | - (၂၂၄၀၆)လုံး |
| လေလံဖွင့်မည့်နေရာ | - အမှတ်(၃၉၃)၊ လေယာဉ်ကွင်းလမ်း၊ လမ်းအထူးအဖွဲ့(၂၃)၊ ထားဝယ်မြို့။ |
| ဆက်သွယ်နိုင်သည့် တယ်လီဖုန်း | - ၀၅၉-၂၃၈၆၀၊ ၀၅၉-၂၃၉၂၀ |

လေလံတင်ရောင်းချရေးကော်မတီ

## ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာန၊ အမျိုးသမီးနှင့်ကလေးဆေးရုံကြီး တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အမျိုးသမီးနှင့်ကလေးဆေးရုံကြီး၊ တောင်ဥက္ကလာပမြို့နယ်တွင် တက်ရောက်လျက်ရှိသော လူနာများအတွက်ကုသရန်လိုအပ်သော FDA အသိအမှတ်ပြုဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ လိုင်စင်ရဆေးကုမ္ပဏီများမှ အိတ်ဖွင့်တင်ဒါများ တင်သွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ တင်ဒါပုံစံရောင်းချမည့်ရက်နှင့်အချိန်- ၁၇-၆-၂၀၁၅ ရက်၊ နံနက် ၁၀း၀၀ နာရီ
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၃၀-၆-၂၀၁၅ ရက်၊ ညနေ ၄း၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် ဝယ်ယူမည့်ဆေးဝါး၊ ဆေးပစ္စည်းများ စာရင်းအသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ဆေးရုံအုပ်ကြီးရုံး၊ အမျိုးသမီးနှင့်ကလေးဆေးရုံကြီး
မေတ္တာလမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဖုန်း-၀၁-၅၇၇၅၃၂၊ ၅၆၂၅၂၂၊ ၅၆၂၅၃၃

အကောင်းဆုံးလစာနှင့် အချိုရည်စက်ရုံ Marketing (မ)နှင့် အရောင်းကိုယ်စားလှယ်များ အလိုရှိသည်
လုပ်ငန်းအတွေ့အကြုံရှိသူဦးစားပေးမည်။
စိတ်ပါဝင်စားသူများနှင့် နယ်ကိုယ်စားလှယ်များ လာရောက်ဆက်သွယ်နိုင်ပါသည်။
(အရေအတွက် အကန့်အသတ်မရှိ ဆက်သွယ်နိုင်ပါသည်။)
ဖုန်း-၀၉-၃၁၂၀၁၂၂၂၊ ၀၉-၇၉၉၅၀၇၇၉၆၊ ၀၁-၆၁၈၀၅၄

ဖတ်စရာ

# အင်းဝဒေသ ရှေးဟောင်းသုတေသနပြတိုက်မှာ စိတ်ဝင်စားဖွယ်ကောင်း၍ လေ့လာစရာနေရာဖြစ်နေ

**à** တိမ်တမန်

မြန်မာနိုင်ငံ နေရာအနှံ့အပြားတွင် မြန်မာနိုင်ငံအတွက် ဂုဏ်ယူဖွယ် နေရာများစွာ တည်ရှိနေပေသည်။ ထိုနေရာများမှာ သမိုင်းနောက်ခံ ခိုင်ခိုင်မာမာတည်ရှိပြီး နိုင်ငံတကာ ခရီးသွားဧည့်သည်များကို အထူးဆွဲဆောင်နေစေသည်။ မန္တလေးမြို့အနီး တံတားဦးမြို့နယ်အတွင်းရှိ ရှေးဟောင်းဒေသသည် နိုင်ငံတကာ ခရီးသွားများကို ဆွဲဆောင်စေရုံသာမက ပြည်တွင်းဧည့်သည်များကိုပါ ဆွဲဆောင်နိုင်ပေသည်။ ထိုနေရာမှာ အင်းဝမြို့ဟောင်းပင်ဖြစ်သည်။

အင်းဝ(ရတနာပူရ)တွင် စိတ်ဝင်စားဖွယ်ရာ နေရာများစွာရှိနေပြီး နိုင်ငံခြားသား ခရီးသွားဧည့်သည်များစွာကို အထူးဆွဲဆောင်နိုင်သောနေရာပင်ဖြစ်သည်။ အင်းဝဒေသတွင် ထင်ရှားသော လေ့လာစရာနေရာများမှာ အင်းဝရွှေစည်းခုံစေတီတော်၊ နန်းမြင့်မျှော်စင်၊ ဗားကရာကျောင်း၊ ထီးလှိုင်ရှင်စေတီ၊ လောကသရဖူဘုရားကြီး၊ ဝက်ဘာဘုရား၊ မြင့်မိုရ်တောင်ဘုရား၊ ညောင်ရမ်းခေတ်လောကဒုသမာန်အောင်စေတီ၊ ညောင်ရမ်းခေတ်ကြောင်လိန်ဘုရား၊ လေးထပ်ကြီးဘုရား၊ အောင်မြေဘုံစံ အုတ်ကျောင်း(ခ) မယ်နုအုတ်ကျောင်း၊ ဆင်ကျုံးခံတပ်၊ မဟာမြတ်မုနိ(ခ) စန္ဒာမုနိ၊ ဂူတော်သစ်၊ မဟာဝေယပထအုတ်လမ်း (ဦးအိုအုတ်လမ်း) နှင့် အခြားလေ့လာစရာများစွာကို တွေ့နိုင်သည်။ တံတားဦးမြို့နယ် ရှေးဟောင်းဇုန်ဒေသသည် ရေလမ်းဖြတ်ကူးကာ မြစ်ငယ်မြစ်၊ ဧရာဝတီတို့ဆုံရာအလှကိုခံစားနိုင်သလို ဒေသမြင်းလှည်းများကိုပါ စီးနင်းလေ့လာနိုင်ပြီး စိတ်ဝင်စားဖွယ်ရာကောင်းသောနေရာတစ်ခုအဖြစ် တည်ရှိနေသည်။

လေ့လာစရာ များစွာထဲတွင် သဘာဝအလှတရားများ အလယ်၌ လှပစွာတည်ရှိနေသော အင်းဝရှေးဟောင်းသုတေသန ပြတိုက်သည်လည်း စိတ်ဝင်စားဖွယ်ရာ ဖြစ်သည်။ ပြတိုက်မှာ အင်းဝမြို့ဟောင်း တတိယမြို့ရိုးအတွင်း စည်တိုပုံ မြို့ရိုး၏ အနောက်တောင်ထောင့် ကျုံးအပြင်ဘက်နေရာတွင် လှပစွာတည်ရှိနေသည်။ ပြတိုက်တွင် မူလက ပြသသော ပစ္စည်း ၁၂၂ မျိုးမှ စတင်ခဲ့ပြီး နောက်ပိုင်း၌ ရှေးဟောင်းပစ္စည်းပေါင်း ၄၀၀ ကျော်အထိ ပြသနိုင်ခဲ့သည်။

စိတ်ဝင်စားဖွယ်ရာ အင်းဝ ရှေးဟောင်းသုတေသနပြတိုက်တွင် ယုံကြည်ကိုးကွယ်မှုဆိုင်ရာ ပစ္စည်းများ၊ လူအသုံးအဆောင်ပစ္စည်းများ၊ ဝတ်စားတန်ဆာဆင်မှုဆိုင်ရာ ပစ္စည်းများ ပါရှိပြီး ပထမအင်းဝခေတ်၊ ဒုတိယအင်းဝခေတ်၊ တတိယအင်းဝခေတ်၊ စတုတ္ထအင်းဝခေတ် ကာလများ ခွဲခြားထားပြီး ထိုခေတ်များမှ မင်းဆက်များ စာဆိုရှင်များအမည်များကိုပါ စာရင်းပြုစု ပေးထားသည်။ သဘာဝအလှတရားကြားတွင် တည်ရှိပြီး ပတ်ဝန်းကျင်လေနုအေးကို ရှူရှိုက်ရင်း စိတ်ဝင်စားစွာ လေ့လာနိုင်သောနေရာအဖြစ် တည်ရှိနေသည်။

**ပြတိုက်တွင် မူလက ပြသသော ပစ္စည်း ၁၂၂ မျိုးမှ စတင်ခဲ့ပြီး နောက်ပိုင်း၌ ရှေးဟောင်းပစ္စည်း . . .**



ရန်ကုန်အနောက်ပိုင်းခရိုင် ဆိပ်ကမ်းမြို့နယ် မိသားစုရပ်ကွက်အတွင်း ရပ်ကွက်သန့်ရှင်း သာယာလှပစေရေးအတွက် မြို့တော်စည်ပင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဆိပ်ကမ်းသန့်ရှင်းသာယာရေး၊ ရပ်ကွက်နေပြည်သူများ၊ အထောက်အကူပြုအဖွဲ့ဝင်များ စုပေါင်း၍ ဇွန် ၁၃ ရက် နံနက် ၆ နာရီခွဲတွင် စုပေါင်းသန့်ရှင်းရေး ပြုလုပ်ခြင်း၊ အန္တရာယ်ရှိ သစ်ပင်သစ်ကိုင်းများအားခုတ်ထွင်ရှင်းလင်းခြင်းများကို ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်းသိရသည်။ သတင်းနှင့်ဓာတ်ပုံ- ဗညားမောင်မောင်(Iprd)

# မနောဖြူစာသင်ကျောင်းဆောင်သစ်ဖွင့်လှစ် ကျောင်းသား/သူများအားစာရေးကိရိယာများလှူဒါန်း

**မန္တလေး ဇွန် ၁၄**

မန္တလေးခရိုင် ပုသိမ်ကြီးမြို့နယ် ဆင်ရွာကြီး ကျေးရွာအုပ်စုဆင်ရွာတောရပ် မဏိရတနာရာမတောရကျောင်းတိုက် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း မနောဖြူစာသင်ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ပညာရေး ငွေပဒေသာပင်စိုက်ထူပွဲ၊ ကျောင်းသား၊ ကျောင်းသူများအား ဗလာစာအုပ်နှင့် စာရေးကိရိယာများ လှူဒါန်းပွဲကို ဇွန် ၁၂ ရက် နံနက် ၉ နာရီက အဆိုပါကျောင်းတွင် ကျင်းပခဲ့ကြောင်း သိရသည်။

ကျောင်းဆောင်သစ်အား မန္တလေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဝင်းလှိုင်၊ ပုသိမ်ကြီးမြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကိုကိုလွင်၊ မြို့နယ်ပညာရေးမှူး ဒေါက်တာဥမ္မာကြည်၊ အလှူရှင် မနောမြေ ကျောက်စိမ်းသင်တန်းကျောင်းမှ သင်တန်းမှူးဦးစန်းငွေးတို့က ဖွင့်လှစ်ပေးခဲ့သည်။

ယင်းနောက် ကျောင်းခန်းမတွင် တိုင်းဒေသကြီး လူမှုရေးဝန်ကြီးက အမှာစကားပြောကြားပြီး မဏိရတနာ ဘုန်းတော်ကြီးကျောင်းပညာရေး ငွေပဒေသာပင်အတွက် ကျပ်ငါးသိန်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်မှ ကျပ်ငါးသိန်း၊ အောင်မြေသာစံ မြို့နယ်နေ ဦးသိန်းအောင် (မြန်မာမှုမဏ္ဍာပ်)က ကျပ် ၂၃ သိန်းတန် ရေသန့်စက်နှင့် အဆောက်အအုံတို့ကို လှူဒါန်းကြရာ ကျောင်းအုပ်ဆရာတော်က လက်ခံရယူခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးလူမှုရေးဝန်ကြီး ဒေါက်တာဝင်းလှိုင်က မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ လှူဒါန်းသော ဗလာစာအုပ် ၁၈၅ ဒါဇင်နှင့် စာရေးကိရိယာများအား သူငယ်တန်းမှ သတ္တမတန်းအထိ ကျောင်းသား ကျောင်းသူများအား ပေးအပ်ခဲ့သည်။ ယင်းနောက် ၂၀၁၄-၂၀၁၅ ပညာသင်နှစ် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကျင်းပရာ မြို့နယ်ပညာရေးမှူးနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ပြီး ကျောင်းသား ကျောင်းသူများက အဆို၊ အကများဖြင့် ဧည့်ခံဖျော်ဖြေခဲ့သည်။ **သီဟကိုကို(မန္တလေး)**

ချက်ချင်း CV တင် ၊ ချက်ချင်း Interview ဝင်ပြီး
June လကုန် အလုပ်ဆင်းရမည့်
Call Center Staff USD- 100 ~ 150 M/F(30)
- Any Fresh Graduate , No Need Working Experience,
- Good Communication Skills
- Computer Typing Skills ( 20 Word Per Minute ),Knowledge in Using Smart Phone
ဘွဲ့ကြို ၊ဘွဲ့ရ ပြီးခါစ လုပ်ငန်းအတွေ့အကြုံမရှိသော လူငယ်များကို ဦးစားပေးပါမည်။
နေ့စဉ် အင်တာဗျူးရှိသည် (အချိန် - ၉ နာရီမှ ၅ နာရီအတွင်း)
VAC VALUE ADDED CONSULTANCY
No. 118, 6th Floor, 23rd Street, Latha Township, Yangon
Ph: 01-395921 ,01-395922, 09-5102094,09-73022727

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**
**(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန လက်အောက်ရှိ ရေအားလျှပ်စစ်စီမံကိန်းများသို့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်၊ ဒုတိယ (၄)လ (၂၀၁၅ခုနှစ် ဩဂုတ်လမှ နိုဝင်ဘာလ)အတွင်း စီမံကိန်းစခန်းဂိုဒေါင်အရောက် တည်ဆောက်ရေး ပစ္စည်းများ၊ စက်ပစ္စည်းများ၊ ကွန်တိန်နာများ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများအား မြန်မာကျပ် ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၁၂-၆-၂၀၁၅ရက်
တင်ဒါအရောင်းပိတ်မည့်ရက် - ၂၆-၆-၂၀၁၅ရက် (၁၆း၀၀ နာရီ)
Company Profile နှင့် Tender Security
နောက်ဆုံးတင်ပြရမည့်ရက်နှင့်အချိန် - ၂၆-၆-၂၀၁၅ (၁၆း၃၀နာရီ)

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် တင်ဒါဆိုင်ရာ အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်-

ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
စီမံကိန်းနှင့်လုပ်ငန်းဌာနခွဲ၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်။
ဖုန်း-၀၆၇-၄၁၀၂၅၇၊ ၀၆၇-၄၁၀၄၃၁၊ ဖက်စ်-၀၆၇-၄၁၀၄၃၁



## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
## တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၏ကြီးကြပ်မှုဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွက် ငွေလုံးငွေရင်းအသုံးစရိတ်ခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၆၀၇၄. ၉၉၁ အောက်မှ ကျခံသုံးစွဲမည့် တည်ဆောက်ရေးလုပ်ငန်း စုစုပေါင်း ၅၄ ခုအနက် ခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၁၁၁၅. ၉၃၇အတွက် အောက်ဖော်ပြပါလုပ်ငန်း ၁၂ခု ဆောင်ရွက်မည်ဖြစ်၍ မြန်မာနိုင်ငံသား လုပ်ငန်းရှင်ကုမ္ပဏီများအနေဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းနိုင်ရန်ဖိတ်ခေါ်ပါသည်-

| စဉ် | တည်ဆောက်ရေးလုပ်ငန်းများ |
|---|---|
| | **ရန်ကုန်တိုင်းဒေသကြီး** |
| ၁။ | အင်းစိန်မြို့နယ် ရွာမ CNG ဝင်းအတွင်းတွင် (၁၀၀'×၄၀'×၁၂') ရုံးအဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်း |
| ၂။ | အင်းစိန်မြို့နယ်၊ ရွာမ CNG ဝင်းအတွင်းတွင် ၄ပေထုသဲဖို့ခြင်းလုပ်ငန်း (၅၉၅ပေ×၂၅၅ပေ =၁၅၁၇၂၅ စ/ပေ) |
| ၃။ | အင်းစိန်မြို့နယ်၊ ရွာမ CNG ဝင်းအတွင်းတွင် (၂၀၀'×၅၀'×၁၅') Hydrotest အဆောက်အအုံဆောက်ခြင်းလုပ်ငန်း (Steel Structure) |
| ၄။ | အင်းစိန်မြို့နယ်၊ ရွာမသဘာဝဓာတ်ငွေ့ထိန်းဖြန့်စခန်းဝင်းတွင် အုတ်ခြံစည်းရိုးပြုလုပ်ခြင်းလုပ်ငန်း(အရှည် ၁၅၀၀၊ အမြင့် ၁၃') |
| ၅။ | သာကေတမြို့နယ်၊ သာကေတကမ်းလွန်ရေနံအခြေစိုက်စခန်းဝင်းအတွင်း Open Shed ဘေးကွပ်လပ်တွင် ၂ ပေထု သဲဖြည့်ခြင်းနှင့် ၁ ပေထုကွန်ကရစ်လောင်းခြင်းလုပ်ငန်း (၁၂၀'×၁၉၀') |
| ၆။ | သာကေတမြို့နယ်၊ သာကေတကမ်းလွန်ရေနံအခြေစိုက်စခန်းဝင်းအတွင်း အုတ်ခြံစည်းရိုးပြုလုပ်ခြင်းလုပ်ငန်း (အရှည် ၁၁၅၀၊ အမြင့် ၁၃') |
| ၇။ | သာကေတမြို့နယ်၊ သာကေတကမ်းလွန်ရေနံအခြေစိုက်စခန်းတွင် Jetty ဘေးတစ်ဖက်တစ်ချက်နေရာများတွင် ဆိပ်ကမ်းထိန်းသိမ်းရေး RCC မြေထိန်းနံရံများ ပြုလုပ်ခြင်းလုပ်ငန်း(၅၅၀'×၃၀'×၁၂'-၃") |
| ၈။ | သာကေတမြို့နယ်၊ သာကေတကမ်းလွန်ရေနံအခြေစိုက်စခန်းတွင် Foreshore Landing အနီးတွင်ရေတိုက်စားမှု မဖြစ်စေရန် RCC မြေထိန်းနံရံများ ပြုလုပ်ခြင်းလုပ်ငန်း (၁၀၀၀'×၁၂'-၃") |
| ၉။ | ဒဂုံမြို့သစ်မြို့နယ်၊ တိုးကြောင်ကလေးသဘာဝဓာတ်ငွေ့ ထိန်းဖြန့်စခန်း တည်ဆောက်ခြင်းလုပ်ငန်း |
| ၁၀။ | အလုံမြို့နယ်၊ ရွှေပြည်သာမြို့နယ်၊ ဒဂုံ(အရှေ့)မြို့နယ်၊ တောင်ဥက္ကလာပမြို့နယ်၊ သန်လျင်မြို့နယ်၊ မင်္ဂလာတောင်ညွန့် မြို့နယ်၊ ဒဂုံဆိပ်ကမ်းမြို့နယ်များရှိ CNG ဆိုင်(၈)ဆိုင်၏ ဝန်ထမ်းဘားတိုက်များတွင် နံရံနှင့်မျက်နှာကြက်များ ပြုပြင်ခြင်းလုပ်ငန်း |
| | **ဧရာဝတီတိုင်းဒေသကြီး** |
| ၁၁။ | ညောင်တုန်းမြို့နယ်၊ ညောင်တုန်းရေနံနှင့် သဘာဝဓာတ်ငွေ့မြေစခန်းအဝင်လမ်း (ဝမ်းတရိုးလမ်း)အား ၁ ပေ ထု ၁း၂း၄ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း (၂၀၀၀'×၁၄'×၁') |
| | **မကွေးတိုင်းဒေသကြီး** |
| ၁၂။ | ချောက်မြို့နယ်၊ ချောက် CNG အရောင်းဆိုင်အတွင်း စက်အဆောက်အအုံများ တိုးချဲ့ဆောက်လုပ်ခြင်းလုပ်ငန်း |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁၅-၆-၂၀၁၅ရက်မှစ၍ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင် ရုံးချိန်အတွင်း ရောင်းချမည်ဖြစ်ပြီး ၁၆-၇-၂၀၁၅ရက် ၁၆း၀၀နာရီ နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရန်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါစည်းမျဉ်း စည်းကမ်းအသေးစိတ်နှင့်ပတ်သက်၍လည်းကောင်း၊ ဆောက်လုပ်မည့်အဆောက်အအုံများ၏ ဆောင်ရွက်မည့်အတိုင်းအတာ၊ အသေးစိတ်အချက်အလက်များ၊ မှိုငြမ်းပြုပုံစံများနှင့်ပတ်သက်၍ သိရှိလိုပါက စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ဆောက်လုပ်ရေးအင်ဂျင်နီယာဌာန(နေပြည်တော်)သို့ လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဖုန်းနံပါတ်-၀၆၇-၄၁၁၂၀၅သို့ ဆက်သွယ်၍ဖြစ်စေ စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## ဧရာဝတီတိုင်းဒေသကြီးမီးသတ်ဦးစီးဌာန၊ ပုသိမ်မြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဧရာဝတီတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ ပြင်ပရေနှင့်လျှပ်စစ်မီးရရှိရေးလုပ်ငန်း(၇)ခု၊ မြို့နယ်မီးသတ်စခန်း အဆောက်အအုံ(၅)လုံး၊ နယ်မြေမီးသတ်စခန်းအဆောက်အအုံ(၇)လုံး၊ မီးသတ်စခန်း အဝင်/အထွက် လမ်းခင်းခြင်းလုပ်ငန်း(၁)ခု၊ မြေဖို့ခြင်းလုပ်ငန်း(၁)ခု၊ မီးငြိမ်းသတ်ရေးပစ္စည်းကိရိယာများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ တူညီဝတ်စုံများအား မြန်မာကျပ်ငွေဖြင့် တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁၅-၆-၂၀၁၅ရက်မှ စတင်ရောင်းချမည်ဖြစ်ပြီး ၁၃-၇-၂၀၁၅ရက်၊ ၁၆း၀၀နာရီ နောက်ဆုံးထား တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ဧရာဝတီတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံး ဖုန်း-၀၄၂-၂၁၂၆၇သို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)ရှိ ကုက္ကိုဝရေပေးဝေရေးစီမံကိန်းသို့ သွယ်တန်းမည့် 33KV ကောင်းကင်ဓာတ်အားလိုင်းတွင် အသုံးပြုရန် လိုအပ်သောအောက်ပါပစ္စည်းများကို ဌာနအရောက် ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့်လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

(က) 36KV 1C x185 $mm^2$ Spaced Aerial Cable 63385m

၂။ ဈေးနှုန်းလွှာပိတ်ရက်မှာ ၂၂-၆-၂၀၁၅ရက်၊ ၁၆း၀၀နာရီဖြစ်ပြီး တင်ဒါပုံစံတစ်စုံလျှင် ကျပ် ၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ)နှုန်းဖြင့် မြို့တော်ခန်းမ (ပထမထပ်) ဘတ်ဂျက်နှင့်ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်းအမှတ်- ၃၈၈၇၃၂သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အတွင်းရေးမှူး**
**ပစ္စည်းဝယ်ယူရေးအဖွဲ့**

## ပြန်ကြားရေးဝန်ကြီးဌာန
## ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းအတွက်
## လုပ်ငန်းသုံးစက်ကိရိယာပစ္စည်း(၉)မျိုးဝယ်ယူရန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းအတွက် လုပ်ငန်းသုံးစက်ကိရိယာပစ္စည်း (၉)မျိုးကို အောက်ပါအတိုင်း ဝယ်ယူလိုပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | မှတ်ချက် |
|---|---|---|---|
| (က) | Forklift 2 Ton | 6 Nos | မြန်မာကျပ်ငွေ |
| (ခ) | Generator | 1 No | မြန်မာကျပ်ငွေ |
| (ဂ) | 4 Unit Sheetfed Offset | 1 No | မြန်မာကျပ်ငွေ |
| (ဃ) | Double Head Stitcher | 1 Set | မြန်မာကျပ်ငွေ |
| (င) | Semi Automatic Stitcher | 1 No | မြန်မာကျပ်ငွေ |
| (စ) | Folding M/C | 1 No | မြန်မာကျပ်ငွေ |
| (ဆ) | Auto-Perfect Binding M/C | 5 Nos | မြန်မာကျပ်ငွေ |
| (ဇ) | Paper Cutting M/C | 1 No | မြန်မာကျပ်ငွေ |
| (ဈ) | တစ်ဖက်ဖြတ်ဓားစက် | 1 No | မြန်မာကျပ်ငွေ |

၂။ အိတ်ဖွင့်တင်ဒါများကို ၁၅-၆-၂၀၁၅ရက်မှ ၂၆-၆-၂၀၁၅ရက်အထိ နေ့စဉ် ၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ ရုံးအမှတ်(၇)၊ နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၆-၇-၂၀၁၅ရက်၊ ၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း ၀၆၇-၄၁၂၃၇၄၊ ၀၆၇-၄၁၂၃၇၅၊ ၀၆၇-၄၀၂၃၂၀သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| **တင်ဒါပုံစံများထုတ်ယူရန် လိပ်စာ** | **တင်ဒါတင်သွင်းရန် လိပ်စာ** |
|---|---|
| ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း | ပြည်တွင်း/ပြည်ပ ပစ္စည်းများဝယ်ယူရေးနှင့် |
| ပြန်ကြားရေးဝန်ကြီးဌာန | ထုခွဲရောင်းချရေးကော်မတီ၊ |
| ရုံးအမှတ်(၇)၊ နေပြည်တော် | ပြန်ကြားရေးဝန်ကြီးဌာန |
| ဖုန်း-၀၆၇-၄၁၂၃၇၄၊ ၀၆၇-၄၁၂၃၇၅ | ရုံးအမှတ်(၇)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၂၃၂၁ |

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## တံတားဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် တံတားများတည်ဆောက်ခြင်းလုပ်ငန်းအား ဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးအောင် တိုင်းရင်းသားပုဂ္ဂလိက လုပ်ငန်းရှင်များဖြင့် ဆောင်ရွက်နိုင်ရန်အတွက် မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါ ခေါ်ယူလိုပါသည်။

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၁၉-၆-၂၀၁၅ရက်

၃။ တင်ဒါပုံစံအရောင်းပိတ်မည့်ရက် -၂၄-၆-၂၀၁၅ရက်

၄။ တင်ဒါတင်သွင်းရမည့် နောက်ဆုံးနေ့ရက်/အချိန် -၂၄-၇-၂၀၁၅ရက်၊ ၁၆း၃၀ နာရီ

၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ဖော်ပြပါဌာနသို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

**တံတားတည်ဆောက်ရေးလုပ်ငန်းများ စိစစ်ရွေးချယ်ရေးအဖွဲ့**
**နိုင်ငံတကာဆက်ဆံရေးနှင့် ဥပဒေဌာနခွဲ၊ တံတားဦးစီးဌာန၊**
**ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၁၁)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၀၇၄၆၅**

## ရထားပို့ဆောင်ရေးဝန်ကြီးဌာန
## ကုန်းလမ်းပို့ဆောင်ရေး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကုန်လမ်းပို့ဆောင်ရေးပိုင်၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ရဲတန်းလမ်း၊ မောင်ငံရပ်၊ ခရီးသည်ပို့ဆောင်ရေးဌာနခွဲ(မော်လမြိုင်)၊ မြေဧရိယာ(၂. ၄၁)ဧကပေါ်တွင် အသုံးမလိုတော့သည့် အဆောက်အအုံဟောင်း (1)Lot ကို မြန်မာနိုင်ငံသားများအား မြန်မာကျပ်ငွေဖြင့် ရောင်းချလိုပါသည်။

၂။ တင်ဒါပုံစံနှင့် အသေးစိတ်သိလိုသော အချက်များကို ခရီးသည်ပို့ဆောင်ရေးဌာနခွဲ (မော်လမြိုင်) ဖုန်း-၀၅၇-၂၇၀၅၃၊ ၀၅၇-၂၁၆၂၂၊ ၀၉-၄၂၅၂၈၄၇၂၉၊ ၀၉-၈၃၀၂၅၀၅သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေး**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန
## ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ်(၃၂)နေပြည်တော်မှ ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ်တွင် ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာနတို့တွင် အသုံးပြုရန် အောက်ဖော်ပြပါ မော်တော်ယာဉ်များအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

(က) Hyundai Super Aero City Bus,46 Seaters, 2014Model, Left Hand Drive (ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန) (၅)စီး

(ခ) Hyundai County Bus, 29 Seaters, 2014 Model, Left Hand Drive(ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန) (၂၀)စီး

(ဂ) Toyota Fielder (2009 Model) (စိုက်ပျိုးရေးသုတေသနဦးစီးဌာန) (၁)စီး

၂။ တင်ဒါပုံစံ/စည်းကမ်းဝယ်ယူရမည့်ရက် - ၁၅-၆-၂၀၁၅ရက်မှ ၁၅-၇-၂၀၁၅ရက်အထိ

၃။ တင်ဒါတင်သွင်းရမည့်ရက်/အချိန် - ၁၆-၇-၂၀၁၅ရက်၊ ၁၃း၀၀နာရီ

၄။ တင်ဒါတင်သွင်းရမည့်နေရာ - ရုံးအမှတ်(၃၂)၊ အစည်းအဝေးခန်းမ၊ နေပြည်တော်

၅။ တင်ဒါပုံစံရောင်းချမည့်နေရာ - ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ်(၃၂)၊ နေပြည်တော်နှင့် ပစ္စည်းထိန်းဌာနခွဲ၊ သဇင်ရိုလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

၆။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ်(၃၂)၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၆၁၆၇၊ ၀၆၇-၄၀၆၂၆၉၊ ၀၆၇-၄၀၆၃၂၃၊ ၀၆၇-၄၀၆၀၈၈သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## သူရ(၈၁)၏ (၂၄)နှစ်မြောက် မိတ်ဆုံစားပွဲဖိတ်ကြားခြင်း

ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၈၁)သူရတပ်ခွဲ၏ (၂၄)နှစ်မြောက် နှစ်ပတ်လည်နေ့မိတ်ဆုံစားပွဲကို ၂၁-၆-၂၀၁၅ရက်(တနင်္ဂနွေနေ့)တွင် အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသဖြင့် နေပြည်တော်ရှိ သူငယ်ချင်းများအနေဖြင့် မိသားစုများနှင့်အတူ တက်ရောက်ချီးမြှင့်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

နံနက် ၁၀း၃၀နာရီ၊ သူရ(၈၁)မှ ကျဆုံး၊ သေဆုံး(ရဲဘော်/ရဲဘက်)များအား ရည်စူး၍ နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ ရေစက်ချတရားနာပွဲနှင့် ပရဟိတကလေးသူငယ်များအား ညှော်ခံကျွေးမွေးခြင်းအား နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ် သီဟိုဠ်ပရဟိတကျောင်း၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ [အထက(၆)နှင့် သဇင်ဆောင်လမ်းကြားမှဝင်ရန်]

ညနေ ၁၈း၀၀မှ ၂၁း၀၀နာရီ၊ ROYAL Classic Restaurant စားသောက်ဆိုင် (ဥတ္တရသီရိမြို့နယ်၊ အိုးရှင်းစင်တာ နောက်ပိုင်းလမ်းမှဝင်ရန်)

**ဆက်သွယ်ရန်-၀၉-၄၉၃၂၆၉၁၄၊ ၀၉-၂၅၀၂၀၅၅၂၃**

## ရထားပို့ဆောင်ရေးဝန်ကြီးဌာန
## ကုန်းလမ်းပို့ဆောင်ရေး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကုန်းလမ်းပို့ဆောင်ရေးပိုင်၊ မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ခရီးသည်ပို့ဆောင်ရေးဌာနခွဲ(မန္တလေး)၊ မြေဧရိယာ(၂. ၀၀)ဧကပေါ်တွင် အသုံးမလိုတော့သည့် အဆောက်အအုံဟောင်း(1)Lot ကို မြန်မာနိုင်ငံသားများအား မြန်မာကျပ်ငွေဖြင့် ရောင်းချလိုပါသည်။

၂။ တင်ဒါပုံစံနှင့် အသေးစိတ်သိလိုသော အချက်များကို ခရီးသည်ပို့ဆောင်ရေးဌာနခွဲ (မန္တလေး)၊ ချမ်းမြသာစည်မြို့နယ်၊ ဖုန်း-၀၂-၅၉၀၂၄၊ ၀၉-၂၅၀၀၆၇၃၈၉၊ ၀၉-၉၇၄၄၆၈၈၁၇၊ ၀၉-၈၃၀၂၅၀၅သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေး**

## မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့
## မန္တလေးလက်ကားဈေးကြီး
## အကောင်အထည်ဖော်ရေးဦးစီးကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၅-၂၀၁၆ခု ဘဏ္ဍာရေးနှစ်တွင် မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်၊ ပလိပ်ကျေးရွာအုပ်စု၊ ချမ်းသာကုန်းကွင်း (ပလိပ်-စကားအင်းအဝိုင်းလမ်း၏ တောင်ဘက်အခြမ်း)နေရာတွင် မန္တလေးလက်ကားဈေးကြီး (Mandalay Wholesale Market)တည်ဆောက်ရန်ရှိပါသဖြင့် စိတ်ပါဝင်စားသော မြန်မာနိုင်ငံသားကုမ္ပဏီလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အဆိုပါ လုပ်ငန်းနှင့်ပတ်သက်၍ ၁၈-၆-၂၀၁၅ရက်တွင် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၌ လုပ်ငန်းအသေးစိတ်အချက်အလက်များ ဆွေးနွေးလိုပါသဖြင့် စိတ်ပါဝင်စားသော လုပ်ငန်းရှင်များမှ ၁၇-၆-၂၀၁၅ရက် နောက်ဆုံးထား၍ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးသို့ သတင်းပေးပို့ရန်နှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၉-၅၃၄၀၅၃၁သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**မန္တလေးလက်ကားဈေးကြီးအကောင်အထည်ဖော်ရေးဦးစီးကော်မတီ**
**မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ မန္တလေးမြို့။**

## လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန
## ဒဂုံတက္ကသိုလ်

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန၊ ဒဂုံတက္ကသိုလ်အစီအစဉ်ဖြင့် အောက်ဖော်ပြပါ သင်တန်းများကို ဖွင့်လှစ်မည်ဖြစ်ပါသည်-

| | | |
|---|---|---|
| ၁။သင်တန်းအမည် | - | ပထဝီဝင်ဆိုင်ရာသတင်းအချက်အလက်စနစ်ဘွဲ့လွန် ဒီပလိုမာ သင်တန်း (Post Graduate Diploma in Geographic Information System) (PGDGIS) |
| ၂။သင်တန်းဝင်ခွင့်အရည်အချင်း | - | သင်တန်းတက်ရောက်လိုသူများသည် အနည်းဆုံး တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခုရရှိထားသူဖြစ်ရမည်။ |
| ၃။သင်တန်းကာလ/အချိန် | - | (၁)၂၀၁၅ခုနှစ် ဇွန်လမှ ၂၀၁၆ ခုနှစ် မတ်လအထိ (၉) လသင်တန်း<br>(၂) စနေနေ့-နံနက် ၈း၃၀ နာရီမှ ညနေ ၃း၃၀နာရီထိ တနင်္ဂနွေနေ့-နံနက် ၈း၃၀နာရီမှ မွန်းလွဲ ၁၂း၃၀နာရီထိ |
| ၄။သင်တန်းဖွင့်မည့်ရက် | - | သင်တန်းများကို ၂၇-၆-၂၀၁၅ရက်မှစ၍ ဖွင့်လှစ်ပါမည်။ |
| ၅။သင်တန်းလက်ခံမည့်ရက် | - | သင်တန်းကို ၂၂-၆-၂၀၁၅ရက်မှစ၍ လက်ခံပါမည်။ |
| ၆။သင်ကြားမည့်ဌာန | - | ပထဝီဝင်ဌာန၊ ဒဂုံတက္ကသိုလ် |
| ၇။ဆက်သွယ်ရန်လိပ်စာ | - | လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန၊ ဒဂုံတက္ကသိုလ်နှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း ဒဂုံတက္ကသိုလ်၊ ပထဝီဝင်ဌာန ဖုန်း-၅၈၅၀၁၆သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။ |

**သင်တန်းကြီးကြပ်ရေးကော်မတီ**
**ဒဂုံတက္ကသိုလ်**

## Ever Green Motors Company မှ
## အောက်ပါဝန်ထမ်းများအလိုရှိသည်။

1. စာရင်းကိုင်(English စကားပြော) (မ-၁)ဦး
2. Sales and Marketing (ကျား/မ-၂ဦး)
3. ကိုရီးယားစကားပြန် (ကျား/မ-၁ဦး)
4. Driver (ကျား-၂ဦး)

အတွေ့အကြုံရှိသူကို ဦးစားပေးမည်။ CV Form နှင့်တကွ လာလျှောက်ရန်။
အသက်(၂၀)အထက်ရှိရမည်။ မင်္ဂလာဒုံမြို့နယ်အနီးနေထိုင်သူ ဦးစားပေးမည်။

**ဆက်သွယ်ရန်ဖုန်း-09-425309592, 09-972006239**

**လိပ်စာ-အမှတ်(၁၆၁)၊ ခရေလမ်း၊ ခရေရိပ်သာ၊ မင်္ဂလာဒုံဥယျာဉ်မြို့တော်။**

ဦးအောင်အောင် **LCCI**
B.A Econ; MPA; ACCA Part(II); D.A(UK); Dip in Stats;DMAc

Level I+II 15%Dis: | Level III 15%Dis:
SAT-SUN 7-8:30 am 20.6.15
THU-FRI 9:30-11:30 am 25.6.15
SUN 2-5:00 pm 5.7.15
(A) MON to WED 10 am-4 pm 22.6.15
(B) SUN 9 am-5 pm 28.6.15
(C) MON to SUN 6 pm-8 pm 6.7.15
အမှတ်(၂၃၉)၊ ၃ထပ်(ဘယ်)၊ ဘားလမ်း
ကျောက်တံတားမြို့နယ်။ ဖုန်း-၀၉ ၅၁၀၃၀၀၂၊ ၀၉ ၇၅၁၀၃၀၀၂၊ ၀၉ ၇၈၅၁၀၃၀၀၂

University of Bedfordshire ( UK )
မှ ချီးမြှင့်သော

STI MYANMAR UNIVERSITY

www.stiedu.net
www.facebook.com/STIMyanmarUniversity

**School of Business**

BA (Hons) Business Management

**School of Engineering**

BEng (Hons) Civil & Architectural Engineering

• တက္ကသိုလ်ဝင်တန်း နှင့် GCE 'O' Level အောင်မြင်ပြီးသူများ တက်ရောက်နိုင်ပါသည်။



Block-10, MICT Park
လှိုင်တက္ကသိုလ်၊ ရန်ကုန်
Ph: 377988, 507048, 507151, 507152
Email: enquiry@stiedu.net

THE LUTHERAN WORLD FEDERATION

### INFORMATION ON BUSINESS OPPORTUNITIES

**Date:** 15-June-2015
**Reference no:** LWF/MMR/AoBO-1/15
**Subject:** Supply of Materials for Projects
**Contracting Authority:** The Lutheran World Federation-Myanmar Program
**Deadline for submission of letter of interest:** 26 -June-15

The Lutheran World Federation (LWF) Myanmar is an international non-government organization serving the people of Myanmar since 2008 after Cyclone Nargis. The working approach of LWF is Rights Based Empowerment, Working with the Government Structures and Integrated. The strategic objectives of LWF are Community Empowerment, Sustainable Livelihood and Emergency Response and Disaster Risk Management. Its values such as Dignity and Justice, Inclusion and Participation, Accountability and Transparency, Compassion and Commitment guide the work.

The LWF - Myanmar invites qualified suppliers of one or several of the following goods and services to respond to this advertisement. Suppliers who have responded to this advertisement and provides the required information may be invited to participate in the procurement procedure for the relevant lot(s).

Goods and services needed

1. LOT -1 Stationery
2. LOT -2 Visibility and IEC Materials
3. LOT -4 Emergency Kits (First Aid Kit, Student Kit, etc…)
4. LOT -6 IT and Equipment
5. LOT -7 Office Furniture
6. LOT -8 Generator

The interested supplier shall provide the following information to the Contracting Authority using the contact details below:

- Indicate which supplies or service you are interested in supplying.
- Provide the following information:
  - the company's name and contact details;
  - contact person;
  - brief description of the company's background and main line of work; and
  - Experience with this kind of supply/service.

This is purely information on business opportunities and does not constitute a commitment to purchase or any other form of contractual commitment with the Contracting Authority.

The Lutheran World Federation
No.44, 2nd Floor, Bishop's Home, Pyay Road, Dagon Township, Yangon, Myanmar
01-378078 (Ext:103, Fax - 107),09-49 322 357, email: apro.mmr@lwfdws.org
Ye Htut – Procurement Officer

အမှတ်စဉ် ၉၁၇
ဈေးကွက် ဂျာနယ်
အပတ်စဉ် တနင်္လာနေ့တိုင်း

ရွှေ့ပြောင်း (သို့မဟုတ်) မျှော်တလင့်လင့်ဘဝများ
SPECIAL REPORT

■ ဒီမိုကရေစီရဲ့သင်္ကေတ ဒေါ်အောင်ဆန်းစုကြည်
■ လေကလေးတော့ ဝေရှုပါရစေ
■ ရောင်းပိုင်ခွင့်မရှိသူထံမှ ဝယ်ယူမိသူရဲ့ဒုက္ခ
■ တရုတ်ပြည်ထုတ် အိုဗိုယာ
■ လိုချင်တာကိုရတဲ့သူဖြစ်ချင်ပါသလား
■ ပြည်ပသို့သွားများအားသွဲဆောင်နေသည့်မြိတ်ကျွန်းစု
■ စိုးမင်းဦး၊ ဒေါက်တာစစ်မောင်ညို၊ မောင်ကိုကို (အမရပူရ)၊ ကြူနစ်၊ စင်ဒေတင့်၊ စင်မောင်တိုး(မုံရွာ)၊ ထက်ကျော်၊ တင်ထွေးမိုး၊ မောင်ထွေးကွက်၊ အေးထွန်းမင်းတို့၏ မျက်မှောက်ရေးရာဆောင်းပါးများ...

အိမ် ခြံ မြေ တိုက်ခန်း ကွန်ဒို စက်မှုဇုန် ရောင်း ဝယ် ငှား ဈေးနှုန်း သတင်း အချက်အလက်များ ပြည့်စုံစွာ...

လေးဖြာ လေးလယ် လေးဆုံး အရွယ်သုံးပါး မိန်းမသားများတွင် ဖြစ်တတ်သော အမျိုးသမီးရောဂါများနှင့် အမျိုးသမီး အမျိုးသား မခွဲခြားဘဲ ဖြစ်တတ်သော ရောဂါများ၏ ကုထုံး ဆေးချက် ဆေးနည်းများကို မျိုးဆက်သစ်တိုင်းရင်းဆေးဆရာ ဆရာမများ ဝါသနာရှင်များအတွက် ဆရာစားမချန် တင်ပြထားပြီး သမားတော်ကြီး **ဦးမောင်ညွှန့်**၊ တိုင်းရင်းဆေးသုတေသီ **မြောင်းမြ မောင်ယဉ်တင့်** တို့၏ အမှာစာများနှင့်အတူ - **တိုင်းရင်းဆေးဆရာမကြီး ဒေါ်အေးမူ**
**"အမျိုးသမီးရောဂါကုထုံးပဒေသာနှင့် အထွေထွေရောဂါသိကောင်းစရာများ"**
**ဖြန့်ချိရေး**- ရန်အောင်စာပေ **ဖုန်း**-၀၉ ၅၁၅၉၃၀၉၈ ထွက်ပြီ

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 7E-1076၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန(ရွာသာကြီး)

SMILE
ABC Dry Chemical Powder Type




ဆက်သွယ်ရန်
ဖုန်း - ၀၁-၅၅၆၅၇၇
၀၉-၅၀၂၈၀၀၀
၀၉-၇၃၃၂၁၆၂၃
၃နှစ် အာမခံ
အရောက်ပို့
တပ်ဆင်
ရှင်းပြ
အရောင်းပြခန်း
1kg - 10000ks | 2kg - 13000ks | 3kg - 16000ks | 25kg - 170000ks
အမှတ်(၄၁)၊မြေညီထပ်၊ဦးချစ်မောင်လမ်း၊ဆရာစံတောင်ရပ်ကွက်၊ဗဟန်းမြို့နယ်။

**ရွှေပြည်ဟိန်း ကုသိုလ်ဖြစ်ဆေးရုံ ဇွန်လ၊ ၂၀-၂၁၊ (၄၈)ကြိမ်မြောက် မျက်စိခွဲစိတ်နှစ်သစ်အလင်းဒါနပါဝင်လှူဒါန်းနိုင်**

မေလ (၂၄)ရက် (၄၇)ကြိမ်အထိ မျက်စိဝေဒနာရှင် ဦးရေ (၆၀၅၀) ပြည့် အလင်းဒါနပြုလုပ်ပြီးဖြစ်ပါသည်။ ဇွန်လ (၂၀၊ ၂၁)ရက်တွင် ၄၈-ကြိမ်မြောက် မျက်စိခွဲစိတ်အလင်းဒါနပြုလုပ်မည် ဖြစ်ရာ မျက်စိဝေဒနာရှင် (၁)ဦးအတွက် ခွဲစိတ်ခြင်းအလှူတော်ငွေ ၄၀၀၀၀ိ/- ကို အလင်းဒါန အလှူရှင်အဖြစ်ခံယူကာ ကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဘဏ်စာရင်းသို့ ထည့်သွင်း၍ဖြစ်စေ၊ လှူဒါန်းနိုင်ပါကြောင်း သတင်းကောင်းအပ်ပါသည်။

**လှူဒါန်းရန်ဌာန - သီတာဂူရွှေပြည်ဟိန်းဆေးရုံ၊ ရွှေပြည်ဟိန်းကျောင်း၊ ပြည်သာယာ၊ ရန်ကင်း။** (ILBC ၊တာမွေလေး၊ သလင်းအနီး) ဖုန်း - ၀၁-၅၅၁၄၉၃၊ ၀၉-၇၃၀၅၆၅၆၉
ရွှေဂုံတိုင်ကမ္ဘောဇဘဏ် - အရှင်ဓမ္မသိရိလက်သို့ (Account No. 007-50100701690301) ဘဏ်စာရင်းသို့ နီးရာဘဏ်၌ ထည့်သွင်း၍လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

# မောင်မင်းသန့်

ခုံအမှတ်(ဆတရ-၃၈၂)သည်
၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို
ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့်အတွက် အထူးလှိုက်လှဲဝမ်းသာစွာ
ဂုဏ်ပြုအပ်ပါသည်

ဘဘ ဦးထိန်အောင်
ကြီးကြီး ဒေါ်ခင်တင့်ဆွေ နှင့် ကိုကို၊ မမများ

လေ ယာဉ် ပျံ လက် မှတ် ကို လံ ဘတ်(စ်)
**မိုးရာသီလေယာဉ်လက်မှတ်ကံစမ်းမဲအထူးအစီအစဉ်**
TG/SQ/KA/QR/VN စသည့် လေယာဉ်လက်မှတ်ဝယ်သူတိုင်း
ရန်ကုန်- ဗန်ကောက်(သွား/ပြန်) TG လက်မှတ် ကံစမ်းနိုင်မည့်အခွင့်အရေး
CHANCE TO WIN
15 TICKETS* to BANGKOK
ထပ်ဆင့်အခွင့်အရေး
KBZ/CB ဘဏ်များမှငွေပေးချေပြီး လက်မှတ်ဝယ်ယူပါက
၂ ကြိမ်ကံစမ်းနိုင်မည့် ထပ်ဆင့်အခွင့်အရေး
ကံစမ်းမဲကာလ - ယခုမှစ၍ ၂၀၁၅ ဇွန်လ ၂၀ ရက်အထိ
ကံစမ်းမဲ - ဘန်ကောက်လက်မှတ် (၁၅)စောင်
229245, 216245, 378535, 378549
columbuspromotion@gmail.com
09 976330878, 09 73039151
Download COLUMBUS TRAVEL
A smart flight app, right in your hand

SiES TOURISMSCHOOL
my facebook: Kyaw Soe Hlaing Sies
အမှတ်စဉ် (၄၈-၄၉) မှာ ၆၅ယောက်အောင်ခဲ့တဲ့သင်တန်း
ဧည့်လမ်းညွှန်ဝင်ခွင့်
ကောင်းဆိုချက်များအရ အမှတ်စဉ် (၅၀) အတွက်သင်ကြားပါပြီ
HLEDAN 09 5406533

■ အငြိမ်းစားပါမောက္ခကြီးများ ကိုယ်တိုင်လမ်းညွှန်ပို့ချချက်များ
■ စာသင်သားတိုင်းအတွက် အခန်းလိုက်ပို့ချချက်များ
■ လေ့ကျင့်ခန်းများနှင့်စံပြအဖြေများ ပါဝင်သည်။
အတွဲ ၁၀၊ အမှတ် ၁
နီးရာစာအုပ်ဆိုင်တွင်ပေးဝယ်ပါ။
ထွက်ပြီ
ကိုယ်ပိုင်အထက်တန်းကျောင်းများမှ ငွေကြိုပို့ပြီး မှာကြားပါက စာတိုက် (သို့မဟုတ်) ကားဂိတ်များမှတဆင့် ပို့ပေးမည်။
ဆက်သွယ်ရန်
Nyein Center ■ ၁၆၇/၁၇၃၊ အခန်း B-2၊ ဆိပ်ကမ်းသာရိပ်မွန်၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၂၅၆၆၂၁




Similac Gain IQ
ဦးနှောက်ဖွံ့ဖြိုးဖို့အတွက် အာဟာရ
အာရုံခံစားဖို့အတွက် အခြေခံ.....
အာရုံခံစားမှု ပိုကောင်းလေ..... လေ့လာသင်ယူမှု ပိုကောင်းလေ.....
ကလေးငယ်များဟာ အရုပ်များနှင့် ဆော့ကစားခြင်း (သို့) မိခင်နှင့် ရင်းနှီးနွေးထွေးစွာ နေထိုင်ခြင်း စသည့်အာရုံခံစားမှုများမှ တစ်ဆင့် လေ့လာသင်ယူကြပါတယ်။ ဒါ့အပြင် သင်ယူလေ့လာမှု ပိုမိုကောင်းမွန်စေရန်အတွက် အာဟာရပြည့်ဝစွာ ရရှိရန်လည်း လိုအပ်ပါတယ်။
Similac Gain IQ ရဲ့ IQ PLUS System ကြောင့်အာဟာရစုပ်ယူမှုကိုအားကောင်းစေပြီး Lutein နှင့် DHA ပိုမိုပါဝင်လို့ကလေးငယ်များရဲ့ဦးနှောက်နှင့်အမြင်အာရုံဖွံ့ဖြိုးမှုကို တိုးတက်စေပါတယ်။
Similac Mum
Similac Gain IQ
Similac Gain IQ Kid
GIQ140515M
PAHTAMA GROUP
Abbott Nutrition Careline
01-8551428
09 260 35 62 62
Feel free to contact our nutrition advisors for enquiry or advice.
Abbott

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေကန် ဒါယိကာမကြီး**

**ဒေါ်ခင်ခင်ကြီး (၇၈)နှစ်**

သူငယ်ချင်း ဦးဇော်သက်-ဒေါ်မီမီဝင်းအေး (ဝင်းဝင်းထီးနှင့် စောင်ရောင်းဝယ်ရေး၊ စျေးချို-မန္တလေး)တို့၏မိခင် ဒေါ်ခင်ခင်ကြီးသည် ၁၀-၆-၂၀၁၅(ဗုဒ္ဓဟူးနေ့) ည ၈း၃၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသောကြောင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။ **ကျော်လွင်၊ ကျော်ကျော်၊ မြင့်ဇော်လတ်၊ မြင့်အေးနှင့်**

**RIT 1992 batch မှ သူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးစံအုန်းတင်(ကဝ၊ ဒိုက်ဦး) အသက်(၈၂)နှစ်**

**လက်ထောက်တိုင်းပညာရေးမှူး(ငြိမ်း)**

**ပဲခူး၊ ကဝ၊ ထုံးကြီး၊ သပြု**

ကဝမြို့၊ ရန္တာဗိုလ်လမ်းနေ ဒေါ်ခင်ပု၏ခင်ပွန်း ဦးစံအုန်းတင်သည် ၁၁-၆-၂၀၁၅ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**အလုပ်အမှုဆောင်အဖွဲ့**

**ကဝမြို့နယ်အသင်း(ယာယီ)ရန်ကုန်မြို့**

## အထူးကျေးဇူးတင်ရှိခြင်း

**ဗိုလ်မှူးကြီးဟန်ညွန့်(ငြိမ်း)**

**ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၅)**

၇-၆-၂၀၁၅ ရက်တွင် ကွယ်လွန်သွားပါသော ကြည်း-၈၄၈၆ ဗိုလ်မှူးကြီးဟန်ညွန့်(ငြိမ်း)၏ နာရေးကိစ္စအား အဘက်ဘက်မှကူညီဆောင်ရွက်ပေးပါသော ကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေး အရာရှိချုပ်နှင့်ဇနီးအားလည်းကောင်း၊ စစ်ဘက်နယ်ဘက်မှ လိုက်ပါပို့ဆောင်ပေးကြပါသော ဝန်ကြီးများ၊ အရာရှိကြီးများအားလည်းကောင်း၊ အပတ်စဉ်(၂၅)မှ သူငယ်ချင်းများအားလည်းကောင်း၊ ကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေးအရာရှိချုပ်ရုံးလက်အောက်ခံ စက်ရုံကျောင်းတပ်များမှ အရာရှိအရာခံအကြပ်စစ်သည်များအားလည်းကောင်း၊ အနီးကပ်ဆောင်ရွက်ပေးပါသော (ကထပ)တပ်မှူးနှင့် အရာရှိအရာခံအကြပ်စစ်သည်များအားလည်းကောင်း၊ မင်းဇာနည်ကုမ္ပဏီလီမိတက်မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးညိုမင်းနှင့် ဝန်ထမ်းများအားလည်းကောင်း၊ ရွှေနဒီဆေးခန်းမှ မိသားစုနှင့်ဝန်ထမ်းများအားလည်းကောင်း၊ နာရေးကူညီမှုအသင်း (ကပစ)မှ အသင်းသူအသင်းသားများအားလည်းကောင်း၊ လက်ပံတန်းမြို့နယ် အသင်းသူအသင်းသားများအားလည်းကောင်း၊ ကစလမှ အရာရှိများနှင့် ဝန်ထမ်းများအားလည်းကောင်း၊ ရပ်နီးရပ်ဝေးမှ ဆက်သွယ်မေးမြန်းကြပါသော ဆွေမျိုးမိတ်သင်္ဂဟများအားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။ **ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး**

**ဒေါ်စန်းစန်း(ခ)ဒေါ်ကြည်ကြည်(ထားဝယ်)**

**အသက်(၇၈)နှစ်**

အောင်မြေဗောဓိမဏ္ဍိုင်သာ အလိုတော်ပြည့်ကျောင်းတိုက် ဂေါပကအဖွဲ့ဝင် ဒေါ်နှင်းနှင်းအေး၏မိခင် ဒေါ်စန်းစန်း(ခ)ဒေါ်ကြည်ကြည် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**အလိုတော်ပြည့်ကျောင်းတိုက်ဂေါပကအဖွဲ့၊ တာမွေ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးကျော်ညွန့် အသက်(၇၆)နှစ်**

**ညွှန်ကြားရေးမှူး(ငြိမ်း)၊ ထွေ/အုပ်**

**ပြည်ထဲရေးဝန်ကြီးဌာန**

**စာရေးဆရာ မောင်မိုးစည်**

**E.C (မြန်မာဂျပန်ချစ်ကြည်ရေးအသင်း)**

စစ်ကိုင်းမြို့နေ (ဦးဘဟိန်း-ဒေါ်ရင်)တို့၏သား ဦးကျော်ညွန့် [ညွှန်ကြားရေးမှူး(ငြိမ်း)၊ ထွေ/အုပ် ပြည်ထဲရေးဝန်ကြီးဌာန]သည် ၁၀-၆-၂၀၁၅ ရက် ည ၇း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ **မြန်မာဂျပန်ချစ်ကြည်ရေးအသင်း**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးတင်လှိုင် (၈၃)နှစ်**

**(မြို့နယ်မန်နေဂျာ၊ ကုန်သွယ်လယ်ယာ၊ မိတ္ထီလာ)**

သူငယ်ချင်း အောင်သက်ထွေး၏ဖခင်ကြီး ဦးတင်လှိုင် အသက်(၈၃)နှစ်သည် ၈-၆-၂၀၁၅ ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် သူငယ်ချင်း၏မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**သူငယ်ချင်းများ**

**ရန်ကုန်စက်မှုတက္ကသိုလ်**

**86-95 RIT CLUB**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲသည် ပိုးလောက်လန်းသတ်ဆေး(Abate) ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။ တင်ဒါစည်းမျဉ်း၊ စည်းကမ်းများကိုညွှန်ကြားရေးမှူး၊ (ဝယ်ယူဖြန့်ဖြူးရေး) ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ရုံးအမှတ်(၄၇) နေပြည်တော်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

စျေးနှုန်းတင်သွင်းလွှာပုံစံများစတင်ရောင်းချမည့်ရက် - ၁၇-၆-၂၀၁၅ ရက်

တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၁၆-၇-၂၀၁၅ ရက် မွန်းလွဲ ၂ နာရီ

ဆက်သွယ်ရန်ဖုန်းနံပါတ် - ၀၆၇-၄၃၁၀၈၅၊ ၀၆၇-၄၃၁၀၇၇

**ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ**

**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်လှဲ့လှဲ့ဝင်း(ထားဝယ်)**

**အသက်(၅၈)နှစ်**

သမဝါယမဘဏ်လီမိတက်(PLC) HR Division မှ Management Associate ဒေါ်ခင်နိုနိုထွန်း၏မိခင် ဒေါ်လှဲ့လှဲ့ဝင်းသည် ၁၁-၆-၂၀၁၅ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**HR Division**

**သမဝါယမဘဏ်လီမိတက်(PLC)**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်အေးသွင် (၇၅)နှစ်**

**(ဟင်္သာတ)**

စီးပွားရေးတက္ကသိုလ် ၁၉၉၁/၉၂ ကျောင်းသားဟောင်း ကိုထွန်းအောင်ကျော်ဇံဝင်း၏ ကျေးဇူးရှင်မွေးမိခင်ကြီး ဒေါ်အေးသွင် (၇၅)နှစ်သည် ၇-၆-၂၀၁၅ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**၁၉၈၇-၉၁-၉၂-၉၃**

**စီးပွားရေးတက္ကသိုလ်၊ ဘွဲ့ရကျောင်းသား/သူများအသင်း**

## လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

## စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန၊ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနမှ လိုအပ်လျက်ရှိသော အောက်ပါလယ်ယာသုံးစက်ကိရိယာများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| | | |
|---|---|---|
| (က) | ထွန်စက်ကြီးများ | 2 Lot |
| (ခ) | လက်တွန်းထွန်စက်နှင့် ဆက်စပ်ပစ္စည်းများ | 1 Lot |
| (ဂ) | ထွန်ယက်ရေးပစ္စည်းများ | 7 Lot |
| (ဃ) | ထွန်စက်နောက်တွဲယာဉ် | 1 lot |

၂။ တင်ဒါပုံစံရောင်းချမည့်ရက် -၂၉-၆-၂၀၁၅ရက်

တင်ဒါပိတ်မည့်ရက်နှင့်အချိန် -၁၅-၇-၂၀၁၅ရက်၊ ၁၃း၀၀နာရီ

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ဖော်ပြပါလိပ်စာတွင် လာရောက်ဝယ်ယူစုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

**စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန**

**ရုံးအမှတ်(၅၀)၊ နေပြည်တော်။ ဖုန်း-၀၆၇-၄၃၁၁၂၀၊ ၀၆၇-၄၃၁၁၀၄**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇၉)၊ မြေကွက်အမှတ်(၇၂၄)၊ မြေကွက်တည်နေရာအမှတ်(၇၂၄)၊ (၇၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (ဒေါ်နန့်တင်အေး) အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် ဒေါ်နန့်တင်အေး(မိခင်)နှင့် ဦးဘအေး(ဖခင်)တို့ ကွယ်လွန်သဖြင့် ဦးစဝင်းမြင့်[၁၂/အလန(နိုင်)၀၂၉၆၉၅]၊ ဦးစအောင်အေး[၁၂/ဒဂတ(နိုင်)၀၀၅၁၆၂]၊ ဒေါ်ဝင်းဝင်းအေး[၁၂/အလန(နိုင်)၀၂၉၆၉၇] တို့မှ ကွယ်လွန်သူတို့၏ သား/သမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတို့တင်ပြပြီး ဒေါ်ဝင်းဝင်းအေးမှ GP ၄၈၉၁(၂၂-၄-၁၅)ရသူ ဦးစဝင်းမြင့်နှင့်သားဖြစ်သူ ဦးစအောင်အေးတို့မှ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အထူးကျေးဇူးတင်ရှိခြင်း

၁၀-၆-၂၀၁၅ ရက်တွင် ကွယ်လွန်သွားသော ဒုတိယဗိုလ်မှူးကြီး တင်စိုး(ငြိမ်း) အသက်(၇၀)၏ နာမကျန်းဖြစ်စဉ်ကာလတစ်လျှောက်လုံး သွားလေရာ လိုက်ပါပြုစုစောင့်ရှောက်ကြသော မိတ်ဆွေသင်္ဂဟများ၊ အဘက်ဘက်မှ စိတ်ရောကိုယ်ပါအားပေးနှစ်သိမ့်ကြသော D.S.A(9) Intake မှ သူငယ်ချင်းများ၊ မိတ်ဆွေများ၊ ဆေးရုံတက်နေစဉ်နှင့် နာရေးကိစ္စအဝဝတွင် ပါဝင်ကူညီဆောင်ရွက်ပေးကြသော မိတ်ဆွေသင်္ဂဟများ၊ ရန်ကုန်အာရှတော်ဝင်ဆေးရုံမှ တာဝန်ကျဆရာဝန်၊ ဆရာမများ၊ ရပ်ဝေးရပ်နီးမှ ဖုန်းဖြင့်အားပေးကူညီကြသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို ကျေးဇူးအထူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

## အမျာသိစေရန်ကြေညာခြင်း

ကျွန်မ မငြိမ်းဦးသော်[၁၂/စခန(နိုင်)၀၇၁၅၆၆]နှင့် မောင်ကောင်းလဒ်အောင်[၁၂/သလန(နိုင်)၁၀၃၈၆၆]တို့သည် ၃၀-၅-၂၀၁၃ ရက်တွင် ကွာရှင်းပြတ်စဲပြီးစီးပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မငြိမ်းဦးသော်

## သွေးသည်အသက်

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးတင်ထွေး**

**အသက်(၆၇)နှစ်**

**ဒုတိယဗိုလ်မှူးကြီး(ငြိမ်း)၊ စီမံထူးချွန်(ပထမဆင့်)**

**အဖွဲ့ဝင်၊ ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စများ၊**

**လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်**

**ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ ဆက်သွယ်ရေးစာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန၊**

**အော်ရီဒူးမြန်မာ ကုမ္ပဏီလီမိတက် ဒါရိုက်တာများဘုတ်အဖွဲ့ဝင်**

မိမိ၏ ဦးလေးတစ်ယောက်ကဲ့သို့ ခင်မင်လေးစားရသော ဦးတင်ထွေးသည် ၂-၆-၂၀၁၅ ရက်(အင်္ဂါနေ့)တွင် စင်ကာပူနိုင်ငံ၌ မိမိရှေ့မှာပင် ကွယ်လွန်သွားပါသဖြင့် ဘယ်တော့မှမေ့လို့ရတော့မှာ မဟုတ်ပါ။ မိမိအား တူသားအရင်းပမာ သွန်သင်ဆုံးမသင်ကြားပေးမှုများကိုလည်း အထူးကျေးဇူးတင်အမြဲအမှတ်တရနေမှာပါ။ မိသားစုဝင် ဦးကြီးတစ်ယောက်လို့ ခံစားရတဲ့အတွက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးပီတာကျော်မင်းစိုး-ဒေါ်အဲလီဇဘက်ရွှက်မာလာ မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒုတိယဗိုလ်မှူးကြီးတင်စိုး(ငြိမ်း)(အရှင်တေဇောဘာသ)**

**အသက်(၇၀)**

**စစ်တက္ကသိုလ်အပတ်စဉ်(၉)**

၁၀-၆-၂၀၁၅ ရက် ၀၀း၃၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်း ကြေကွဲကြရပါသည်။

**စစ်တက္ကသိုလ်အပတ်စဉ်(၉)ကျောင်းဆင်း**

**သူငယ်ချင်းများနှင့်မိသားစုများ**

Hot Line No-0930500100

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်ပတ်သက်၍ ဆောင်းပါးများ ရေးသားပေးပို့နိုင်

**နေပြည်တော်　　ဇွန်　　၁၄**

ဇွန် ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် မြန်မာ့အလင်း၊ ကြေးမုံသတင်းစာတို့၌ ပြည်သူများသိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခဲ့သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်ပတ်သက်၍ စိတ်ဝင်စားသူများအနေဖြင့် ဆောင်းပါးများ ရေးသားပေးပို့နိုင်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်ပတ်သက်ပြီး ရှုထောင့်အမျိုးမျိုးမှ သုံးသပ်ရေးသားသည့် ဆောင်းပါးများအနက် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အများပြည်သူဝန်ဆောင်မှုမီဒီယာဆိုင်ရာ စံနှုန်းများနှင့်ကိုက်ညီသော ဆောင်းပါးများကို ရွေးချယ်ဖော်ပြသွားမည်ဖြစ်ပါကြောင်း အသိပေးဖိတ်ခေါ်အပ်ပါသည်။ **(ကြေးမုံ)**

## မြန်မာဘောလုံးအသင်းနှင့် ထိုင်းအသင်း ဗိုလ်လုပွဲယှဉ်ပြိုင်ကစားပုံများ တိုက်ရိုက်ထုတ်လွှင့်ပြသမည်

**နေပြည်တော်　　ဇွန်　　၁၄**

(၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဘောလုံးပြိုင်ပွဲ မြန်မာအသင်းနှင့် ထိုင်းအသင်းတို့၏ ဗိုလ်လုပွဲ ပွဲစဉ်ယှဉ်ပြိုင်ကစားကြပုံများကို ဇွန် ၁၅ ရက် ညနေ ၆ နာရီ ၃၅ မိနစ်တွင် MRTV NEWS Channel၊ MRTV Entertainment Channel နှင့် မြန်မာ့အသံရေဒီယို အစီအစဉ်တို့မှ တိုက်ရိုက်ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

# ဆီးဂိမ်းဗိုလ်လုပွဲ မြန်မာနှင့် ထိုင်း ယှဉ်ပြိုင်မည်

**ဆီးဂိမ်းဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲကို ဇွန် ၁၅ ရက် မြန်မာစံတော်ချိန် ည ၇ နာရီတွင် စင်ကာပူအမျိုးသားအားကစားကွင်း၌ ကျင်းပသွားမည်ဖြစ်ပြီး မြန်မာအသင်းနှင့်ထိုင်းအသင်းတို့ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။**

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❋

## မိုလီနာအား အလဲထိုးအနိုင်ရရှိပြီး ဒဗလျူဘီစီကမ္ဘာ့ဟဲဗီးဝိတ်ချန်ပီယံဆု ဝိုင်ဒါပြန်လည်ရယူ

အမေရိကန်ပရော်ဖက်ရှင်နယ်လက်ဝှေ့ကျော် ဝိုင်ဒါသည် ဒဗလျူဘီစီကမ္ဘာ့ဟဲဗီးဝိတ်ချန်ပီယံလုပွဲတွင် ပြိုင်ဘက်မက္ကဆီကိုနွယ်ဖွား အမေရိကန်ပရော်ဖက်ရှင်နယ်လက်ဝှေ့သမား အဲရစ်မိုလီနာအား အလဲထိုးအနိုင်ရရှိခဲ့ခြင်းကြောင့် ဒဗလျူဘီစီကမ္ဘာ့ဟဲဗီးဝိတ်ချန်ပီယံဆုကို ပြန်လည်ရယူနိုင်ခဲ့ပြီဖြစ်သည်။

ဝိုင်ဒါနှင့် မိုလီနာတို့၏ ဒဗလျူဘီစီကမ္ဘာ့ဟဲဗီးဝိတ်ချန်ပီယံလုပွဲကို အယ်လာဘားမားပြည်နယ်တွင် ယှဉ်ပြိုင်ထိုးသတ်ခဲ့ခြင်းဖြစ်ပြီး ကိုးချီအထိ ယှဉ်ပြိုင်ထိုးသတ်ကာ ဝိုင်ဒါက မိုလီနာအား အလဲထိုးဖြင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။

အသက်(၂၉)နှစ်အရွယ်ရှိ လက်ဝှေ့ကျော် ဝိုင်ဒါသည် ၎င်း၏ လက်ဝှေ့သမားဘဝတစ်လျှောက်တွင် ပြိုင်ပွဲပေါင်း ၃၄ ပွဲယှဉ်ပြိုင်ထိုးသတ်ခဲ့ပြီး ၃၄ ပွဲစလုံးအနိုင်ရရှိခဲ့သူဖြစ်သည်။ ၎င်းထိုးသတ်ခဲ့သည့် ပြိုင်ပွဲ ၃၄ ပွဲတွင် ၃၃ ပွဲအထိ အလဲထိုးဖြင့် နိုင်ပွဲရရှိခဲ့သူဖြစ်သည်။

အဲရစ်မိုလီနာမှာမူ ပြိုင်ပွဲအတွေ့အကြုံပိုင်းအရ အားနည်းချက်များရှိနေပြီး ၎င်း၏ လက်ဝှေ့သမားဘဝတစ်လျှောက်တွင် ၂၆ ပွဲသာယှဉ်ပြိုင်ထိုးသတ်ခဲ့ဖူးပြီး ၂၃ ပွဲအနိုင်ရရှိခဲ့သည်။ စာမျက်နှာ ၈ ကော်လံ ၄ သို့ ❖



အမေရိကန်ပရော်ဖက်ရှင်နယ် လက်ဝှေ့ကျော် ဝိုင်ဒါ(ယာ)က ပြိုင်ဘက်ဖြစ်သည့် အဲရစ်မိုလီနာ(ဝဲ)အား အလဲထိုးနိုင်ပွဲရယူခဲ့စဉ်။




ဗိုလ်တထောင်မြို့နယ်ရှိ (၅၁)လမ်းအိမ်ရာစီမံကိန်း တည်ဆောက်နေမှုကိုတွေ့ရစဉ်။

## ဗိုလ်တထောင်မြို့နယ်ရှိ (၅၁)လမ်းအိမ်ရာစီမံကိန်း မူလနေထိုင်သူအိမ်ထောင်စုများအား ပြန်လည်နေရာချထားရေးစီစဉ်

**နေပြည်တော်　　ဇွန်　　၁၄**

ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာနမှ မူလကအငှားချထားပေးခဲ့သော ပြည်သူ့အိမ်ရာများအနက် သက်တမ်းလွန်ဟောင်းနွမ်းနေသော ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် မဟာဗန္ဓုလလမ်းနှင့် ကုန်သည်လမ်းအကြား(၅၁)လမ်းရှိ ၁၉၅၄-၁၉၅၅ ခုနှစ်ကတည်ဆောက်ခဲ့သော ပြည်သူ့အိမ်ရာနေရာဟောင်းတွင် ခေတ်မီကွန်ဒိုအိမ်ရာစီမံကိန်းကို စာမျက်နှာ ၉ ကော်လံ ၅ သို့ ○

ယနေ့ မာတိကာ

ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်မည်ဆိုလျှင်. . .
စာမျက်နှာ - ၆

မြန်မာ့လက်ဝှေ့ ရွှေခါးပတ်ချန်ပီယံ အကြိတ်အနယ် ထိုးသတ်ဗိုလ်လု
စာမျက်နှာ - ၉

စပိန်တင်းနစ်ကစားသမား ရာဖေးလ်နာဒယ် မာဆီဒက်ဖလား ဗိုလ်လုပွဲတက်လှမ်း
စာမျက်နှာ - ၈

themirror.npt@gmail.com
www.facebook.com/themirrordaily







RB Ph:662107, 9669012, 0973028674, 02-77838,053-27705, 074-20071, 081-2122838, 057-27170, 073-22158, 082-23561, 043-23859, 098763546, 067-24760, 0949850196, 075-25979. Fax-521905.